# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့၊ (1-2-2024)၊ အတွဲ (၃၂)၊ အမှတ် (၂၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄) ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)ကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၉/ ၁၀/ ၁၁/ ၁၂/ ၁၃/ ၁၄/ ၁၅/ ၁၆/ ၂၀၂၄ တို့ကို ထုတ်ပြန်** စာမျက်နှာ - ၂၂

**ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဖေဖော်ဝါရီ ၂၉ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်** စာမျက်နှာ - ၂၃

**မန္တလေးတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၅၃ ကြိမ် ဖွင့်လှစ်သင်ကြားပေးထား** စာမျက်နှာ - ၂




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်
အယ်ဒီတာ့အာဘော်

## အခြေခံပညာကျောင်းစာမေးပွဲများ အောင်မြင်စွာပြီးမြောက်စေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍတွင် မကြာမီကျင်းပမည့် အခြေခံပညာကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာကျင်းပပြီးမြောက်နိုင်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် ပညာရေးမြှင့်တင်မှုများကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

ပညာရေးနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး ဖွင့်လှစ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနယ်မြေများ၌ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိပေ။ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်အားလုံး ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးထားသော်လည်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်သူများကြောင့် မဖွင့်လှစ်နိုင်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် များစွာထိခိုက်နစ်နာရလျက်ရှိသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရသည်။

လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင် အခြေခံပညာကျောင်း စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွ ဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အဖျက်အမှောင့်လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကို ထိခိုက်နစ်နာအောင်လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိအရေးကြီးသည်မှာ အခြေခံပညာကျောင်း စာမေးပွဲအားလုံး အောင်မြင်စွာပြီးမြောက်စေရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ဆရာမိဘအားလုံး အင်ပြည့်အားပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုအချိန်သည် စာမေးပွဲဖြေဆိုရမည့်အချိန် နီးကပ်လာပြီဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကိုကြိုးစားကျက်မှတ်လေ့လာကြရမည်ဖြစ်သည်။ မိဘ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း လိုအပ်သည်များကို ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်သလို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ အစိုးရအဖွဲ့များကလည်း လုံခြုံရေးဆိုင်ရာ တာဝန်များ ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ကာ အခြေခံပညာကျောင်းစာမေးပွဲအားလုံး အောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၅၃ ကြိမ် ဖွင့်လှစ်သင်ကြားပေးထား



**မန္တလေး ဇန်နဝါရီ ၃၁**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၅၃ ကြိမ် ဖွင့်လှစ်သင်ကြားပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းများကို ယခုဘဏ္ဍာနှစ်တွင် ၅၇ ကြိမ် ဖွင့်လှစ်ရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေရာ ယနေ့ထိ သင်တန်းပေါင်း ၅၃ ကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်ကုန်ထိ ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းတွေကတော့ ဌာနကနေပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်းပြီး ဖွင့်လှစ်တာလဲရှိတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ သင်တန်းဖွင့်လှစ်ဖို့ လျာထားချက်ထက် ပိုမိုဖွင့်လှစ်ပေးနိုင်ပါတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေကြတာကိုတွေ့ရပါတယ်။ အဓိကကတော့ ကျေးရွာတွေကို ကွင်းဆင်းပြီး နည်းပညာရပ်တွေကို သင်ကြားပေးတာပါ။ ပညာရပ်တွေသင်ကြားပေးတာကြောင့် မိသားစုအိုးမကွာ အိမ်မကွာနဲ့နေနိုင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လာနိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးနေရာတွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်မော်တာစက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊လျှပ်စစ်ဝိုင်ယာရိန်းသင်တန်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း စသည့် သင်တန်းများကို ၅၃ ကြိမ်ဖွင့်လှစ်သင်ကြားပေးထားကြောင်း၊ အဆိုပါသင်တန်းများတွင် သင်တန်းသားများကို မိမိတို့ကိုယ်တိုင် ပြုပြင်ထုတ်လုပ်ရောင်းချနိုင်သည်ထိ စာတွေ့၊ လက်တွေ့ နည်းပညာရပ်များဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ (၁၈၅)

## ရောဝတီမြစ်ရေလမ်းကြောင်း သူဌေးကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာကြရန်လို

**မန္တလေး ဇန်နဝါရီ ၃၁**

ဧရာဝတီမြစ်ရေလမ်းကြောင်း သူဌေးကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ သင်္ဘောများသတိပြုသွားလာကြရန် လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မြစ်အတွင်း ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်အတွင်း ဇန်နဝါရီလနောက်ဆုံးပတ်မှစ၍ သူဌေးကုန်းကျေးရွာအနီးတွင် ရေလမ်းကြောင်းပြောင်းလဲမှုဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေကြောင်း သိရသည်။

"အခုတစ်လော သူဌေးကုန်းကျေးရွာအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ မန္တလေးဆိပ်ကမ်းကနေ သူဌေးကုန်းရေလမ်းကြောင်း တစ်လျှောက် သွားကြမဲ့ခရီးသည်တင်ရေယာဉ်တွေနဲ့ကုန်တင်ရေယာဉ်တွေ ရေကြောင်းကျပ်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် သူဌေးကုန်းကျေးရွာအနီးတစ်ဝိုက်တွင် ရေကြောင်းကျပ်တည်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ သူဌေးကုန်းကျေးရွာအနီး ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့်ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့် ရေပေါ်ပြရေလမ်းညွှန်နှင့်ကမ်းပေါ်ပြရေလမ်းညွှန် အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။ (၁၈၄)

## မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၉၀၀ ကျော်ထိ ရှိလာ

**မန္တလေး ဇန်နဝါရီ ၃၁**

ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၉၀၀ ကျော်ထိရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်များကို ပုံမှန်အတိုင်းအရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ ကုန်စည်ဒိုင်အတွင်း၌ အရောင်းအဝယ်ပြုလုပ်သူများ ပြန်လည်များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်အားလုံးနီးပါး အရောင်းအဝယ် အနည်းငယ်ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲတို့နဲ့ နှမ်းကတော့ အရောင်းအဝယ်ပြန်ကောင်းနေတယ်။ အဝယ်မလိုက်ဘဲ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ဇန်နဝါရီလ တတိယပတ်က ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၈၀၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၉၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုတစ်လော ကုန်စည်ဒိုင်ထဲမှာ မတ်ပဲ၊ မြေထောက်ပဲ၊ နိုင်လွန်ပဲ၊ နှမ်းနဲ့ ကုလားပဲ အမျိုးအစားတွေကို ကုန်သည်တွေအနေနဲ့ အဝယ်များလာတယ်။ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးတွေ များလာတယ်။ ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်အားလုံးကတော့ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

အဆိုပါကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေစေရေးအတွက် နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၈၈၂ သိန်းကျော် ထုတ်ချေးပေးထား

**ရမည်းသင်း ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးမည့်တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၈၈၂ သိန်းကျော် ထုတ်ချေးပေးထားကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်တောင်သူများကို ဇန်နဝါရီလတတိယပတ်မှစ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ထုတ်ချေးပေးခဲ့ရာ ယနေ့တွင် ငွေကျပ် ၈၈၂ သိန်းကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများအောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် အဆိုပါချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးသွားမဲ့ တောင်သူတွေကို ချေးပေးတာပါ။ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမဲ့ သီးနှံအလိုက် မြေပဲတစ်ဧကကို ငွေကျပ် ၃၀၀၀၀၀၊ နေကြာတစ်ဧကကို ငွေကျပ် ၂၀၀၀၀၀၊ နှမ်းတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ ထုတ်ချေးပေးတာပါ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေကို လိုအပ်တဲ့ငွေကြေးအရင်းအနှီးတွေရရှိစေဖို့ ရည်ရွယ်ပြီး ထုတ်ချေးပေးတာပါ။ ဒါ့ပြင် မိသားစုဝင်ငွေ တိုးတက်စေဖို့နဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေဖို့လဲဖြစ်ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲဧက ၂၀၀၀၊ နှမ်းဧက ၁၅၀၊ နေကြာဧက ၁၃၀၀ စုစုပေါင်း ဆီထွက်သီးနှံဧက ၃၄၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။ (၁၈၅)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက ဦးမြင့်မောင်–ဒေါ်စင်စင်သန်း၊ ဦးမြသန်းမောင်–ဒေါ်ထားကြည်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၆ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့်ဆီများ စားသုံးနိုင်စေရန် နေကြာစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ ၁၅၈၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ ပြည်တွင်း ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေ အားဖြည့်တဲ့အနေနဲ့ စိုက်ပျိုးတာပါ။ အန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ ဆီတွေစားသုံးနိုင်ဖို့နဲ့ ဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် သက်ဆိုင်ရာဌာနပေါင်းစုံနဲ့ဆောင်ရွက်ခဲ့ပါတယ်။ ဆီထွက်သီးနှံနေကြာက ဒေသမြေအနေအထားနဲ့လဲ ကိုက်ညီပါတယ်။ နေကြာဧကအားလုံး အခက်အခဲမရှိစိုက်နိုင်ဖို့လိုအပ်တာတွေကို သက်ဆိုင်ရာဌာနပေါင်းစုံက အားဖြည့် ကူညီပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်သီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ နေကြာ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန်၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရန်၊ နေကြာမျိုးစေ့ သုံးစွဲမှုမှန်ကန်စေရန်၊ ရေအသုံးချမှုမှန်ကန်စေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်းသိရသည်။ **ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် ခင်တန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖျဉ်းမလွင်ကျေးရွာအုပ်စု ခင်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ခင်တန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ဒိုက်ဦးမြို့နယ် ခင်တန်းကျေးရွာ၌အရှည် ပေ ၉၁၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂၄ သိန်းအသုံးပြု၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီ ၁၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညီ**

# ကလောမြို့နယ် ရွာတော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကလော ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နန်းတိုင်းကျေးရွာအုပ်စု ရွာတော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရွာတော်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရွာတော်ကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၈ သိန်း စုစုပေါင်း ငွေကျပ် ၁၈၈ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကြောင့် ရွာတော်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

**မောင်နိုင်**



# ပင်လယ်မြို့ဟောင်းမှ အသစ်တွေ့အထောက်အထားများ (၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**အခြားမြို့ဟောင်းများနှင့် နှိုင်းယှဉ်ခြင်း**

တူးဖော်ပြီးသမျှ ပျူမြို့ဟောင်းများတွင် ပင်လယ်မြို့ဟောင်းထက် သိသိသာသာကြီးမားသည်မှာ သရေခေတ္တရာမြို့ဟောင်းဖြစ်သည်။ အခြားသော ဟန်လင်း၊ ဝတီး၊ ဗိဿနိုးမြို့ဟောင်းတို့မှာ ပင်လယ်မြို့ဟောင်းထက် သေးငယ်ပေသည်။ သရေခေတ္တရာမြို့ဟောင်း၏ မြို့ရိုးအလျားပေါင်းအရှည်မှာ ရှစ်မိုင်ငါးဖာလုံခန့်ရှည်လျားသည်ဟု ဦးစိန်မောင်ဦး၏မှတ်တမ်း၌တွေ့ရသည်။ ပင်လယ်မြို့ဟောင်းမြို့ရိုးအလျားမှာ ၅ ဒသမ ၈၉၁ မိုင်ခန့် ကျယ်ဝန်းသောကြောင့် သရေခေတ္တရာမြို့ရိုးသည် ပင်လယ်မြို့ရိုးထက် သုံးမိုင်ခန့်ပို၍ကျယ်ဝန်းကြောင်း သိရသည်။

ပင်လယ်မြို့ဟောင်းသည် ဝေသာလီ၊ ဓညဝတီ၊ ဟံသာဝတီ(ပဲခူး)၊ ပုဂံမြို့တို့ထက် ပို၍ကြီးသည်။ ရွှေဘိုမြို့၊ အင်းဝမြို့တို့သည်သာ ပင်လယ်မြို့ဟောင်းထက်ကြီးပြီး မန္တလေးမြို့သည်ပင် ပင်လယ်မြို့ဟောင်းနှင့် မတိမ်းမယိမ်းရှိပေသည်။ မန္တလေးမြို့ထက် ပင်လယ်မြို့ဟောင်းက ကြီးသယောင်ယောင်ရှိပေသည်။

**ပင်လယ်မြို့ဟောင်းတူးဖော်မှု**

ပင်လယ်မြို့ဟောင်းတူးဖော်မှုလုပ်ငန်းကို ၁၉၇၉-၁၉၈၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ တူးဖော်မှုကို ငါးနှစ်ဆက်တိုက် ပြုလုပ်ခဲ့သည်။ ပထမဆုံးတူးဖော်မှုလုပ်ငန်းကို မန္တလေးမြို့ ရှေးဟောင်းသုတေသနဌာနခွဲ သုတေသနဌာနမှူး ဦးစိန်မောင်ဦး ဦးဆောင်၍တူးဖော်ခဲ့သည်။ တူးဖော်မှုပြုလုပ်ခဲ့သည့်နေရာများမှာ စုစုပေါင်းရှစ်နေရာဖြစ်သည်။ ထို ရှစ်နေရာမှာ ဒေသအခေါ် ချင်းသချိုင်းနေရာ၊ မြို့ဟောင်း၏ အလယ်သိမ်တော်ကြီးနှင့် နန်းတော်ရာဝန်းကျင်၌လေးနေရာ၊ မြို့၏အပြင်ဘက်၌ နှစ်နေရာ၊ မြို့ဟောင်းအတွင်း အရှေ့တောင်ထောင့်၌ တစ်နေရာဖြစ်သည်။

တူးဖော်ခဲ့သည့် ကုန်းနေရာများတွင် ချင်းသချိုင်းနေရာကို ကုန်းအမှတ်-၁၊ မြို့ဟောင်းအလယ်သိမ်တော်ကြီးနှင့် နန်းတော်ရာဝန်းကျင်လေးနေရာကို ကုန်းအမှတ်-၂၊ ၃၊ ၄၊ ၅၊ မြို့ဟောင်းအတွင်း အရှေ့တောင်ထောင့်ကို ကုန်းအမှတ်-၆၊ မြို့ဟောင်းအပြင်ဘက်နှင့် နှစ်နေရာကို ကုန်းအမှတ်-၇၊ ၈ ဟု အသီးသီးသတ်မှတ်၍ တူးဖော်ခဲ့သည်။ ကုန်းအမှတ်-၈ ၏တောင်ဘက်ပေ ၂၀၀ ခန့်အကွာတွင် တူးဖော်ထားသည့် ကုန်းဟောင်းတစ်ခုရှိပြီး တူးဖော်မှုကုန်းအမှတ်စဉ်အရ ထိုကုန်းမှာ ကုန်းအမှတ်-၉ ဖြစ်ရမည်ဖြစ်သော်လည်း တူးဖော်မှုခေါင်းဆောင်က ကိုးခရိုင်အတွင်း ကိုးဂဏန်းမသုံးလိုသဖြင့် ကုန်းအမှတ်-၁၀ ဟု သတ်မှတ်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ပင်လယ်မြို့ဟောင်းတူးဖော်မှုမှတ်တမ်းများတွင် ကုန်းအမှတ်-၁၀ တူးဖော်မှုလုပ်ငန်းစဉ်တွေ့ရှိချက်များကို မတွေ့ရသဖြင့် ၂၀၀၈ ခုနှစ် ပြန်လည်တူးဖော်သောအခါ ကုန်းအမှတ်-၁၀ မှ ပြန်လည်သတ်မှတ်၍ တူးဖော်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် မန္တလေးမြို့ ရှေးဟောင်းသုတေသနဌာနခွဲမှ သုတေသနအရာရှိ ဦးပိုင်စိုးခေါင်းဆောင်ပြီး နန်းတော်ရာဘုရား၏မြောက်ဘက်ကပ်လျက် လယ်ကွင်းအတွင်း စမ်းသပ်တူးဖော်မှုပြုခဲ့သေး၏။ မြေလွှာအနက် တစ်ပေကျော်တွင် အုတ်ချပ်များဖြင့် တိုင်စိုက်ရန်ပြုလုပ်ထားသည်ဟု ယူဆရသော အဝိုင်းပုံပန္နက်များကို တွေ့ရှိခဲ့သည်ဟု သိရသည်။ သို့သော် ထိုတူးဖော်မှုနှင့်ပတ်သက်သည့်အစီရင်ခံစာကို မတွေ့ရှိခဲ့ပေ။

ထို့နောက်တွင် ပင်လယ်မြို့ဟောင်းကို ၂၀၀၈ ခုနှစ်တွင် ညွှန်ကြားရေးမှူး ဦးအေးမောင်ခေါင်းဆောင်၍ ကုန်းအမှတ်-၁၀ မှ ၁၄ ထိ၊ ၂၀၀၉ ခုနှစ်တွင် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်ခေါင်းဆောင်၍ ကုန်းအမှတ်-၁၅ မှ ၂၀ ထိ တူးဖော်မှုပြုခဲ့သည်။

**တူးဖော်တွေ့ရသော သမိုင်းအထောက်အထားများ**

ရှေးဟောင်းသုတေသနဌာနသည် ပင်လယ်မြို့ဟောင်းကို တူးဖော်ပြီးသောအခါတွင် ပင်လယ်မြို့ဟောင်းကို ပျူမြို့တော်အဖြစ် အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။ တူးဖော်ရာတွင် ပျူယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သည့် ပျူစာလေးကြောင်းပါရှိသော ငွေခေါင်းပွဗုဒ္ဓဆင်းတုတော်၊ ရဟန္တာရုပ်တု၊ ဆင်ရုပ်ပုတီးစေ့၊ ကျောက်ပုတီးစေ့၊ ရွှေပုတီးစေ့၊ ကျောက်စိမ်းပုတီးစေ့၊ မြင်းစီးရုပ်ပါအုတ်၊ လက်ရေးစင်းပါအုတ်၊ ဘဒ္ဒပိဋ္ဌပုံပါအုတ်၊ စပါးခွံပါအုတ်များ၊ မြေဆီမီးခွက်များ၊ အရိုးအိုးများ စသည်တို့ကို တွေ့ရှိခဲ့သည်။

ပျူတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်သူများဖြစ်ကြသည်။ ပင်လယ်မြို့ဟောင်းကုန်းအမှတ်-၈ မှ တူးဖော်တွေ့ရှိသော ဗုဒ္ဓရုပ်ပွားတော်နှင့် ရဟန္တာရုပ်တုကြောင့် ပင်လယ်မြို့ဟောင်း၌ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း အခိုင်အမာသိရသည်။ ထို့ပြင် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဥန္နဲပုတ်ကျေးရွာမှ တောင်သူဦးစိန်မောင်၏သား မောင်ဝင်းမောင်သည် ကုန်းအမှတ်-၈ အနောက်စူးစူး နှစ်ဖာလုံခန့်အကွာမှ ငွေနှင့်သွန်းလုပ်ထားသည့် ရုပ်ပွားတော်တစ်ဆူထပ်မံရရှိခဲ့သည်။ ထိုရုပ်ပွားတော်ကို သုတေသီတို့က အေဒီ ၇ ရာစုလက်ရာဟု ခန့်မှန်းထားကြသည်။ တစ်ဖန် ၂၀၀၅ ခုနှစ် မေ ၂၇ ရက်တွင် မိုင်းမောရွာမှ ဦးတင်မြင့်သည် နွားကျောင်းရာမှအပြန် လမ်းဖောက်လုပ်ရန် မြေထိုးထားသော အုတ်ကုန်းအတွင်းမှ ရွှေဆင်းတုခုနစ်ဆူ၊ ငွေဆင်းတုခုနစ်ဆူ၊ အခြားသတ္တုရောဆင်းတုတစ်ဆူ၊ ငွေစေတီလေးဆူရရှိခဲ့သည်။ ထိုရုပ်ပွားတော်များနှင့် ငွေစေတီတို့မှာ သရေခေတ္တရာ ပျူယဉ်ကျေးမှုလက်ရာများနှင့် ပုံစံတူများဖြစ်ပြီး ထိုင်တော်မူရုပ်ပွားတော်တစ်ဆူမှာ ဗိဿနိုးမှ တူးဖော်တွေ့ရှိရသော ရုပ်ပွားတော်နှင့် တစ်ပုံစံတည်းတူကြောင်း သိရသည်။

**ပင်လယ်စာပေ**

အခြားပျူမြို့ဟောင်းများနည်းတူ ပင်လယ်မြို့ဟောင်းတွင်လည်း စာပေထွန်းကားခဲ့ကြောင်းကို ကုန်းအမှတ်-၈ မှ တူးဖော်ရရှိသော ငွေခေါင်းပွရုပ်ပွားတော်ပါ ပျူစာအထောက်အထားအရ သိနိုင်သည်။ စာမှာ လေးကြောင်းပါရှိ၍ ရုပ်ပွားတော်အမိုးတံကဲ၌ ရေးထိုးထားခြင်းဖြစ်သည်။ ထို့ပြင် ပင်လယ်မြို့ဟောင်း၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ မြနဒီရွာအရှေ့ဘက်စူးစူး ပန်းလောင်မြစ်ညာဘက်ကမ်းမှ ပျူကျောက်စာတစ်ချပ်တွေ့ရှိခဲ့သည်။ ၁၉၈၂ ခုနှစ် ဇွန် ၃ ရက်တွင် မြေအောက်မြုပ်နေသော ထိုကျောက်စာကိုတူးဖော်ပြီး ပြည်သူ့ကောင်စီဝင် ဦးအုန်းမောင်နေအိမ်သို့ ပြောင်းရွှေ့ထားခဲ့သည်။ ကျောက်စာမှာ အမြင့်သုံးပေ၊ ဖြတ်ငါးပေ ရှစ်လက်မခွဲ၊ ၃ ငါးလက်မရှိသည်။ ကျောက်စာမှာ ထက်ပိုင်းကျိုးနေပြီး ယခုတွေ့ရှိရသောအပိုင်းမှာ အောက်ပိုင်းဖြစ်သည်။ စာကြောင်း ၁၀ ကြောင်းတိတိကျန်ရှိနေပြီး အက္ခရာပုံသဏ္ဌာန်အရ အေဒီ ၇ ရာစုမှ ၈ ရာစုအတွင်း ရေးထိုးခဲ့သောကျောက်စာဟု သုတေသီတို့က ခန့်မှန်းထားကြသည်။

ထို့ကြောင့် လယ်တွင်းဒေသရှိ ကျောက်စာများတွင် ဤကျောက်စာကို အစောဆုံးကျောက်စာအဖြစ် မှတ်တမ်းတင်ထားသည်။ ထိုကျောက်စာတွေ့ရှိရာ မြနဒီကျေးရွာကို အစွဲပြုပြီး မြနဒီကျောက်စာဟုခေါ်ဆိုကြသည်။ ရုပ်ပွားဆင်းတုတော်ပါ စာလေးကြောင်းနှင့် မြနဒီပျူကျောက်စာပါ စာ ၁၀ ကြောင်းတို့သည် ပင်လယ်ခေတ် စာပေထွန်းကားခဲ့ပုံကို လေ့လာရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားများပင်ဖြစ်သည်။

**ဆင်ရုပ်ပုတီး၊ ကျောက်စိမ်းပုတီးနှင့် ပုတီးအမျိုးမျိုး**

ပင်လယ်မြို့ဟောင်းတူးဖော်ရာတွင် ပုတီးအမျိုးမျိုးကို တူးဖော်တွေ့ရှိခဲ့သည်။ ပုတီးများသည် ရွှေ၊ ငွေ၊ ဖန်၊ ကျောက်စိမ်းစသည်တို့ဖြင့်ပြုလုပ်ထားပြီး အရောင်အဆင်းများမှာလည်း အဖြူရောင်၊ အစိမ်းရောင်၊ ခရမ်းရောင်၊ လိမ္မော်ရောင်၊ အပြာရောင်၊ အညိုရောင်၊ နက်ပြာရောင်၊ အဖြူနှင့်အနက်ကျား၊ အညိုနှင့် အဖြူကျား စသည်ဖြင့် စုံလင်လှသည်။ ပုံစံများမှာလည်း အလုံး၊ စည်ပိုင်း၊ ပြောင်းရှည်၊ လေးမျက်နှာ၊ စောင်းလျားသီးပုံ စသည်ဖြင့် စုံလင်လှသည်။ ၎င်းတို့ထဲမှ အထူးစိတ်ဝင်စားဖွယ်ပုတီးပုံစံတို့မှာ ဆင်ရုပ်ပုတီးနှင့် ကျောက်စိမ်းပုတီးတို့ဖြစ်သည်။ ပင်လယ်မြို့ဟောင်းမှတွေ့ရှိရသော ဆင်ရုပ်ပုတီးစေ့များသည် ခြေထောက်ပိုင်းတွင် နှစ်နေရာ၊ လည်ပင်းပိုင်းတွင် နှစ်နေရာ၊ ဦးခေါင်းပိုင်းတွင် ငါးနေရာတို့၌ တံစဉ်းကဲ့သို့ အရာဝတ္ထုဖြင့်တိုက်စား၍ ပုံဖော်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့သော ဆင်ရုပ်ပုတီးစေ့များကို ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း စသည့်ပျူမြို့ဟောင်းတူးဖော်မှုများတွင်လည်း တွေ့ရှိရသောကြောင့် ပင်လယ်မြို့သည် ထိုမြို့များနှင့်ခေတ်ပြိုင်ထွန်းကားခဲ့သော ပျူမြို့တော်အဖြစ် သုံးသပ်ကြပေသည်။

ပင်လယ်မြို့ဟောင်းမှ ကျောက်စိမ်းပုတီးစေ့များကို တွေ့ရှိရခြင်းကြောင့်လည်း ပင်လယ်ခေတ်တွင် ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများကို လုပ်ကိုင်နေပြီဟု သုတေသီတို့က ယူဆကြသည်။ ကျောက်စိမ်းမှာ ပင်လယ်မြို့ဟောင်း၌မထွက်ရှိဘဲ ကချင်ပြည်နယ်မှ ထွက်ရှိသောကြောင့် ပင်လယ်မြို့သည် အခြားနေရာဒေသများနှင့် ကုန်သွယ်မှုအဆက်အသွယ်ရှိကြောင်း ကျောက်စိမ်းပုတီးက သက်သေအထောက်အထားပြနေပေသည်။ ပင်လယ်ခေတ်ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းကို ပျူယဉ်ကျေးမှုထွန်းကားစဉ် အေဒီငါးရာစုခန့်ကပင် စတင်ခဲ့သည်ဟု ဆိုကြလေသည်။ ပင်လယ်မြို့ဟောင်းမှတွေ့ရသော ကျောက်စိမ်းပုတီးစေ့များသည် သရေခေတ္တရာမြို့ဟောင်းမှ တွေ့ရှိရသော ကျောက်စိမ်းပုတီးတို့ထက် အရည်အသွေးညံ့သည်ဟု သိရသည်။

**ပင်လယ်ပျူဒင်္ဂါးများ**

သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး စသည့် ပျူမြို့ဟောင်းများနည်းတူ ပင်လယ်မြို့ဟောင်းတွင်လည်း ပျူဒင်္ဂါးများကို တွေ့ရပေသည်။ ဒင်္ဂါးများကို ပင်လယ်မြို့ဟောင်းအနီးရှိ ဥန္နဲပုတ်၊ မိုင်းမော၊ တောတွင်း၊ ညောင်ပင်သာ၊ ကန်စွယ် စသည့်ကျေးရွာများမှများပြားစွာတွေ့ရသည်။ ပင်လယ်ဒင်္ဂါးပုံစံသည် မျက်နှာဘက်တွင် သီရိဝစ္ဆ၊ ဘဒ္ဒပိဋ္ဌနှင့် စကြာပုံတို့ပါဝင်ပြီး ဘဒ္ဒပိဋ္ဌပုံ၏ ခါးလယ်မှ အတက်နှစ်ခုသည် အခြားဒင်္ဂါးများကဲ့သို့ နှစ်ဖက်စလုံး အထက်သို့တက်မနေဘဲ တစ်ဖက်တက်၊ တစ်ဖက်ကျပုံစံဖြစ်သည်။ နောက်ကျောဘက်တွင် တက်နေဝန်းပုံပါရှိသည်။ သီရိဝစ္ဆသည် အခြေကျဉ်းပြီး ပခုံးကျယ်သည်။ အထက်၌နေ၊ လတို့မပါရှိပေ။ သီရိဝစ္ဆအောက်၌ ဗန္ဓုအစက်နှစ်စက်ပါရှိသည်။ ဟန်လင်းဒင်္ဂါးတွင် သီရိဝစ္ဆအတွင်း၌ အရေးအစင်း ၁၂ ခုပါရှိသော်လည်း ပင်လယ်ဒင်္ဂါးမှာ အရေးအစင်းလေးခုသာ ပါရှိသည်။ ၎င်းပုံစံကို ရှေးကျသောအသွင်ဟု သုတေသီတို့က ဆိုသည်။ နောက်ကျောဘက်တွင် ပင်လယ်ဒင်္ဂါးသည် ပုတီးစေ့တန်းပေါင်အတွင်း၌ ရောင်ခြည် ၁၆ လက်ပါရှိသည်။ ဟန်လင်းဒင်္ဂါးမှာမူ ၁၄ လက်သာ ပါရှိသည်။

ထို့ပြင် ပင်လယ်ဒေသမှ လက်ရာဆန်းပြားသော ဒင်္ဂါးတစ်ပြားလည်း ရရှိခဲ့ဖူးသည်ဟု သိရသည်။ ၎င်းဒင်္ဂါးမှာ ပုတီးစေ့တန်းပေါင်အပြင်ဘက်မှ ထီးရှစ်လက်အပိုပါသောဒင်္ဂါးဖြစ်သည်။ တက်နေပုံစံမဟုတ်ဘဲ နေဝန်းအပြည့်ပုံဖြစ်သည်။ ပုတီးစေ့ပေါင်မှာ တံကူဘီး၊ ရောင်ခြည်မှာ ထောက်တံ၊ ဗဟိုမှနေမှာ လှည်းပုံတောင်းပုံစံဖြစ်၍ ဓမ္မစကြာဘီးပုံစံဒင်္ဂါးဟု သုတေသီတို့က ဆိုကြပေသည်။

ဆရာကြီး ဦးစိန်မောင်ဦးကလည်း ပင်လယ်မြို့ဟောင်းမှ ဒင်္ဂါးနှစ်မျိုးတွေ့ရှိရကြောင်း ဖော်ပြထားသည်။ တစ်မျိုးမှာ မျက်နှာဘက်၌ တက်သစ်စနေဝန်း၊ ကျောဘက်၌ သီရိဝစ္ဆပုံပါရှိသော ဒင်္ဂါးဖြစ်ပြီး ထိုဒင်္ဂါးကို ဟန်လင်းမြို့ဟောင်း၌လည်း အမြောက်အမြားတွေ့ရသောကြောင့် ဟန်လင်းဒင်္ဂါးဟုခေါ်ဆိုကြောင်းနှင့် တစ်မျိုးမှာ မျက်နှာဘက်တွင် ဘဒ္ဒပိဋ္ဌ၊ ကျောဘက်တွင် ခရုသင်းထောင်လျက်ပုံပါရှိသော သီရိဝစ္ဆတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

**ပင်လယ်သံချပ်ဖို**

ပင်လယ်မြို့ဟောင်း၏အရှေ့ဘက်တွင် ကန်ဆွယ်ကျေးရွာဟူ၍ရှိသည်။ ကန်ဆွယ်ကျေးရွာမှ ပြကွဲရွှေတောင်သွားလမ်း အနောက်ဘက်ဘေးတွင် သံချက်ဖိုများကို တွေ့ရှိရသည်။ သံချက်ဖိုများသည် ကွင်းအမှတ်-၅၄၉ အတွင်း တည်ရှိနေသည်။ စုစုပေါင်းသံချက်ဖိုမှာ ငါးခုဖြစ်သည်။ လေးခုမှာ တစ်နေရာတည်း စုဝေးစွာတည်ရှိနေကြပြီး တစ်ခုမှာ ထိုသံချက်ဖိုလေးခုနှင့် ပေ ၁၀၀၀ ခန့်အကွာတွင်ရှိသည်။ သံချက်ဖိုလေးခုသည် အဝိုင်းပုံစံရှိ၍ အမြင့် တစ်ပေခြောက်လက်မ၊ အချင်း သုံးပေခြောက်လက်မခန့်ရှိသည်။ သံချက်ဖိုလေးခုသည် အပေါ် ထိပ်ပိုင်းများမှာ ပျက်စီးနေသည်။ ဘေးပတ်ဝန်းကျင်တွင် သံချေးတုံးများစွာတွေ့ရသည်။ တစ်ခုတည်းကွဲနေသောသံချက်ဖိုမှာ အဝိုင်းပုံစံပင်ဖြစ်၍ အမြင့် ငါးပေကိုးလက်မရှိပြီး အချင်းနှစ်ပေခြောက်လက်မခန့်ရှိသည်။ အပေါ်ပိုင်းမှာ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးနေသည်ကို တွေ့ရသည်။ ယခုတွေ့ရှိရသော သံချက်ဖိုငါးခုကို ပင်လယ်မြို့ဟောင်းတောင်းစားစဉ်က အသုံးပြုခဲ့သော ပျူခေတ်သံချက်ဖိုများဟု သုတေသီတို့က ဆိုကြပေသည်။ သံချက်ဖိုများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းထားမှုများမရှိသဖြင့် ပျောက်ကွယ်ပျက်စီးသွားနိုင်ပေသည်။

**မြင်းစီးယောက်ျားပုံနှင့် ဘဒ္ဒပိဋ္ဌပုံပါအုတ်ချပ်များ**

ပျူမြို့ဟောင်းများကို တူးဖော်ရာတွင် မြို့ဟောင်းတိုင်းလိုလိုပင် အရေးအစင်းပါအုတ်ချပ်များ၊ ပျူစာပါအုတ်ချပ်များ၊ ဂဏန်းသင်္ကေတပါအုတ်ချပ်များ စသည်ဖြင့် တွေ့ရှိရတတ်ပေသည်။ ပင်လယ်မြို့ဟောင်းတူးဖော်ရာတွင် အရေးအစင်းပါအုတ်များတွေ့ရသည့်အပြင် မြင်းစီးယောက်ျားရုပ်ပါအုတ်ချပ်၊ ဘဒ္ဒပိဋ္ဌပုံပါအုတ်ချပ်များကို တွေ့ရပေသည်။ မြင်းစီးယောက်ျားရုပ်ပုံပါအုတ်ချပ်နှင့် ဘဒ္ဒပိဋ္ဌအမှတ်ပုံပါအုတ်ချပ်တို့ကို ကုန်းအမှတ်-၇ တူးဖော်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မြင်းစီးယောက်ျားပုံမှာ ကုန်းနိုးနှင့် ခြေနင်းကွင်းမပါဘဲ စီးနေသည့်ပုံဖြစ်သည်။

❖ ရှေးဟောင်းသုတေသနဌာနသည် ပင်လယ်မြို့ဟောင်းကို တူးဖော်ပြီးသောအခါတွင် ပင်လယ်မြို့ဟောင်းကို ပျူမြို့တော်အဖြစ်အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။ တူးဖော်ရာတွင် ပျူယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သည့် ပျူစာလေးကြောင်းပါရှိသော ငွေခေါင်းပွဗုဒ္ဓဆင်းတုတော်၊ ရဟန္တာရုပ်တု၊ ဆင်ရုပ်ပုတီးစေ့၊ ကျောက်ပုတီးစေ့၊ ရွှေပုတီးစေ့၊ ကျောက်စိမ်းပုတီးစေ့၊ မြင်းစီးရုပ်ပါအုတ်၊ လက်ရေးစင်းပါအုတ်၊ ဘဒ္ဒပိဋ္ဌပုံပါအုတ်၊ စပါးခွံပါအုတ်များ၊ မြေဆီမီးခွက်များ၊ အရိုးအိုးများ စသည်တို့ကိုတွေ့ရှိခဲ့သည်။ ပျူတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်သူများဖြစ်ကြသည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၀၂ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၅၁၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၇၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၅၁၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနေကြာများအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြို့နယ်အတွင်းမှာ ဆောင်းသီးနှံနေကြာ ၆၇၇၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၅၁၀၂ ဧက စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးဖို့ကျန်တဲ့ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါးခယ်မမြို့နယ်မှာ ဆောင်းသီးနှံနေကြာတွေကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စတင်ပြီး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ နေကြာကို အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဝါးခယ်မမြို့နယ်မှာက မြေအမျိုးအစားပေါ်မူတည်ပြီး နေကြာက အထွက်နှုန်းတွေ မတူညီပါဘူး။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို ပိုထွက်အောင်လုပ်ဖို့၊ တစ်မြို့နယ်လုံးအနေနဲ့ အထွက်တိုးအောင် စိုက်ပျိုးဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် နေကြာများအထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့်နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်ရွေးချယ်မှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည်တို့ကိုစနစ်တကျဆောင်ရွက်ပေးနေကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

မြင်းစီးယောက်ျားတွင် ကြီးမားသောနားပန်ကြီးများ ပန်ဆင်ထားသည်။ ပခုံးပေါ်တွင်တင်ထားသောပဝါသည် နောက်ကျောဘက်တွင် လွင့်လျက်ရှိပြီး အောက်ပိုင်းတွင် အောက်ပိုးကျိုက်ထားသည့်ပုံစံဖြစ်သည်။ ဆန့်တန်းထားသော ညာဘက်လက်တွင် ဓားတစ်လက်ကိုင်ထားပေသည်။ မြင်းစီးယောက်ျားပုံနှင့် ဘဒ္ဒပိဌပုံပါအုတ်ချပ်များကို သရေခေတ္တရာမြို့ဟောင်း၌လည်း တွေ့ရှိရပေသည်။ ထိုသို့ ပင်လယ်မြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းသည် မြင်းစီးယောက်ျားပုံနှင့် ဘဒ္ဒပိဌပုံပါအုတ်များကို ပုံစံတူတွေ့ရှိရသောကြောင့် ထိုမြို့ဟောင်းများသည် ယဉ်ကျေးမှုသဘောတရားအရ တစ်မျိုးတစ်စားတည်းဖြစ်ကြောင်း သုတေသီတို့က သုံးသပ်ကြပေသည်။ ပင်လယ်မြို့ဟောင်းကုန်းအမှတ်-၁၂ တူးဖော်ရာတွင် တွေ့ရသောအုတ်ချပ်များသည် အလျား ၁၉ လက်မ၊ အနံ ကိုးလက်မ၊ ၃ သုံးလက်မ ရှိကြောင်း သိရသည်။

**မကန်းရုပ်ပေလော**

မိုင်းမောမြို့ဟောင်းတူးဖော်ခဲ့စဉ်က ထိုအုပ်ချပ်မှအရုပ်ကို မြင်းစီးရုပ်ဟု ခန့်မှန်းယူဆခဲ့ကြသည်။ ထို့ကြောင့် မိုင်းမောအုတ်ချပ်မှအရုပ်ကို မြင်းစီးရုပ်ဟူ၍သာ ရေးသားခဲ့ကြသည်။ သို့သော်သေသေချာချာကြည့်လျှင် ထိုအရုပ်သည် မြင်းစီးရုပ်နှင့်မတူပေ။ ဦးခေါင်းပိုင်းသည် မြင်း၏ပုံစံထက် ခြင်္သေ့ဦးခေါင်းနှင့် ပို၍ဆင်သည်။ သို့သော် ခြင်္သေ့မဟုတ်ကြောင်းကား သေချာသည်။ ဦးခေါင်းတွင် ဆင်နှာမောင်းသဏ္ဌာန်ပါရှိနေခြင်းကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် ခြင်္သေ့ကားမဟုတ်ပေ။ ထို့အတူ မူလယူဆခဲ့သည့် မြင်းစီးနေသည့်အရုပ်လည်း မဟုတ်ပေ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေသော "ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) ၁၅ နှစ်ပြည့်အထိမ်းအမှတ်သုတေသနစာစောင်"တွင် မိုင်းမောမြင်းစီးရုပ်အုတ်ချပ်ကို "ခြင်္သေ့အမြီးပါရှိပြီး အသားစားသတ္တဝါ၏ ခြေချောင်းမျိုးပါရှိသော ခြေထောက်လေးချောင်းပါသည့် ဒဏ္ဍာရီဆန်သောသတ္တဝါတစ်ကောင်ကို အမျိုးသားတစ်ယောက်က စီးနင်းနေပုံ ဘေးဘက်မှမြင်ရဟန်သရုပ်ဖော်ထားပါသည်။ ဓားဟုယူဆရသောလက်နက်ကို ဘယ်လက်မှကိုင်ထားသည့် ထိုအမျိုးသားသည် ခေါင်းဆောင်းပါရှိပြီး နားတောင်းဝတ်ဆင်ထားကာ ၎င်း၏ရင်ဘတ်တွင် စည်းထားသည့်ပဝါသည် သတ္တဝါကိုစီးနင်းသည့်အရှိန်ကြောင့် အနောက်ဘက်သို့လွင့်လျက်ရှိသည်။ ထိုအမျိုးသားသည် ခြေထောက်ကို ရှေ့သို့ထောင့်မှန်ကျကျဆန့်ထုတ်ထားရင်း သတ္တဝါ၏လည်ပင်းကို ခြေထောက်ဖြင့်ညှပ်ကာ စီးနင်းနေသည့်ပုံစံဖြစ်သည်။ ထိုမြေမီးဖုတ်ရုပ်ကြွအုတ်ချပ်သည် အရွယ်အစားအားဖြင့် ၁၃"×၁၃"×၃.၅" ရှိပါသည်"ဟူ၍ ဖော်ပြထားသည်။

ထိုစာအုပ်တွင် မြင်းစီးရုပ်ဟုမသုံးတော့ဘဲ "ဒဏ္ဍာရီဆန်သောသတ္တဝါတစ်ကောင်"ဟု ပြောင်းလဲသုံးထားသည်။ မည်သည့်သတ္တဝါမျိုးဖြစ်သည်ကို ဖော်ပြမထားပါ။ ကျွန်တော့်၏အယူအဆမှာ ထိုမြေမီးဖုတ်ရုပ်ကြွပါအရုပ်သည် မကန်းရုပ်ဟု ယူဆချင်သည်။ မကန်းစီးနေသည့်ရုပ်ဟု ထင်ပါသည်။ ဦးခေါင်းပိုင်းသည် ခြင်္သေ့ခေါင်းပုံစံဖြစ်နေသော်လည်း နှာမောင်းပါနေခြင်းက မကန်းဖြစ်ကြောင်း သက်သေပြနေသကဲ့သို့ရှိသည်။ မကန်းရုပ်တုလုပ်သည့်ယဉ်ကျေးမှုသည် ပျူမြို့ပြယဉ်ကျေးမှုထွန်းကားသောပျူခေတ်မှသည် မျက်မှောက်ခေတ်ကာလထိအောင် ထွန်းကားနေဆဲဖြစ်သည်။ ပျူယဉ်ကျေးမှုကိုဆက်ခံသည့် ပုဂံဘုရားစေတီပုထိုးများတွင် မကန်းစီးနေသည့်ရုပ်များကို တွေ့မြင်နိုင်သည်။ ပုဂံမြို့ဟောင်းရှိ အာနန္ဒာစဉ့်ကွင်းများတွင် မကန်းစီးနေသည့်ပုံကို တွေ့မြင်နိုင်သလို ပုဂံဒေသရှိ ပုဂံခေတ်နံရံဆေးရေးပန်းချီတချို့တွင်လည်း မကန်းစီးနေသည့်ပုံများရေးဆွဲထားသည်ကို တွေ့နိုင်သည်။ မကန်းကို စီးတော်ယာဉ်အဖြစ်အသုံးပြုခြင်းကို ပကာရဝါဟန မကာရယာန ခေါ် မကန်းယာဉ်ဟုခေါ်သည်။ ထို့ကြောင့် မိုင်းမောအုတ်ချပ်ပါအရုပ်သည် မကန်းစီးရုပ်သာဖြစ်သည်ဟု ယူဆပါသည်။

## ၅၂၈ ချစ်မေတ္တာ

\- အချစ်ဆိုတာ အဓိပ္ပာယ်ဖွင့်တော့
ကြည်နူးခွင့် တစ်ဝက်သာ၊
ဝမ်းနည်းမှု အခြေဆက်လို့
ကြွေမျက်ရည်ဖြာ၊
ငါးရာ့နှစ်ဆယ့်ရှစ် ချစ်မေတ္တာ
ဖြူစင်စွာ ဖြစ်တည်ကြောင်း၊
တစ်ထောင့်ငါးရာ
အဖြောင့်မသွားပါ မြစ်တို့သဘောနှယ်
မောစရာကောင်း။

\- အဖေအမေ မောင်နှမအပေါင်းမှာ
ကိန်းအောင်းတဲ့ သံယောဇဉ်၊
အခြေတည် ပင်စည်ကြီးလို့
သွေးနီးချစ်ခင်၊
ဘယ်ခါမပျက် ခရီးအဆုံးထင်
ပြုံးပန်းဆင် သာယာမှု၊
အရေးဖန်လာ ကံကြမ္မာစစ်တွင်
မနှေးမြန်စွာ အသံမှန်စွာဟစ်မယ်
အချစ်တစ်ခု။

\- သံယောဇဉ်တွေ ချည်နှောင်ပြုလို့
ရင်လွှာထု ခိုင်းစေပြန်၊
မြင်းမိုရ်တောင်ကို ဒူးနဲ့တိုက်မယ်
မိုက်ပြဟန်ပန်၊
သစ္စာကြိုးများ ခိုင်မာသဏ္ဌာန်
အတန်တန် ချည်နှောင်ကြ၊
တစ်ထောင့်ငါးရာ
အမှောင့်များစွာ ထိုးနှက်ရေးကြောင့်
ပူဘေးဒုက္ခ။

\- အေးချမ်းမှု သဘောပြတဲ့
မနောလှလှ ချစ်မေတ္တာ၊
သူ့အမည် ငါးရာနှစ်ဆယ့်ရှစ်
အပြစ်ကင်းကွာ၊
လိုလားအမှု သူ့အကျိုးရှာ
အတ္တမပါ ဖြူစင်အား၊
အရေးဆက်နေ
မွေးလျက်ဝေ အစဉ်အေးချမ်းတယ်
စမ်းရေအလား။ ။

**ဇေဒါမောင်(ပညာရေး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကား၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။




## တရုတ်ကာကွယ်ရေးဝန်ကြီး တောင်ကျွန်း ရုရှားကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးနှင့်ဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၃၁**

တရုတ် ကာကွယ်ရေးဝန်ကြီး တောင်ကျွန်းသည် ယနေ့တွင် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးနှင့်ဖုန်းခေါ်ဆိုဆွေးနွေးခဲ့သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးတောင်ကျွန်းသည် ပြီးခဲ့သည့်လအတွင်း တရုတ်ကာကွယ်ရေးဝန်ကြီးရာထူးရယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အခြားနိုင်ငံတစ်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးတစ်ဦးနှင့် တရားဝင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရသည် ပြီးခဲ့သည့် နှစ်အောက်တိုဘာလတွင် ကာကွယ်ရေးဝန်ကြီးဟောင်း လီရှန်ဖူးကို နေရာမှဖယ်ရှားခဲ့ပြီးနောက် တရုတ်ရေတပ် အကြီးအကဲဟောင်း တောင်ကျွန်းကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်ရုရှားလက်နက်ကိုင်တပ်များအနေဖြင့် နှစ်နိုင်ငံစစ်ဘက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးနှင့်ဆွေးနွေးစဉ် တရုတ်ကာကွယ်ရေးဝန်ကြီးသစ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ ကာကွယ်ရေးဝန်ကြီးများသည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)ကို ကိုယ်စားပြု၍ ကမ္ဘာ့သတင်းမီဒီယာများ၊ အခြားနိုင်ငံများမှ စစ်ဘက်များနှင့် ထိတွေ့ဆက်ဆံရေး တာဝန်ကို ရယူထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်တရုတ်နိုင်ငံတို့ကြား စစ်ရေးဆက်ဆံမှုကို အနောက်အုပ်စုနိုင်ငံများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အမေရိကန်နိုင်ငံ၏ ခြိမ်းခြောက်မှုမှန်သမျှ တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်စစ်ခေါင်းဆောင်သတိပေး

**တီဟီရန် ဇန်နဝါရီ ၃၁**

အမေရိကန်နိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှုမှန်သမျှကို တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အကြီးအကဲ ဟော့ဆိန်းဆာလာမီက ယနေ့တွင် သတိပေးလိုက်သည်။

ဂျော်ဒန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုကိုတုံ့ပြန်ရေးအတွက် အမေရိကန်အစိုးရက ချိန်ဆနေစဉ် အီရန်တော်လှန်ရေးအစောင့်တပ်အကြီးအကဲက အဆိုပါအတိုင်း သတိပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု အီရတ်အခြေစိုက် စစ်သွေးကြွအုပ်စုတစ်စုသည် ဂျော်ဒန်တောင်ပိုင်းရှိ အမေရိကန်တပ်များကို ဇန်နဝါရီ ၂၈ ရက်တွင် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၍ ၃၄ ဦးဒဏ်ရာရခဲ့သည်။


ယင်းဖြစ်စဉ်ကို တုံ့ပြန်မည့်နည်းလမ်းအတွက် မိမိဆုံးဖြတ်ထားပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၏ စစ်ရေး ခြိမ်းခြောက်မှုမှန်သမျှကို မိမိတို့ကလည်း ပြန်လည်တုံ့ပြန်မည်သာဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်အကြီးအကဲ ဆာလာမီက ပြောကြားထားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွက် မည်သို့မည်ပုံတုံ့ပြန်မည်ကို အမေရိကန်အစိုးရက အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## တောင်ကိုရီးယားအနောက်ဘက်ကမ်းရိုးတန်း၌ အမေရိကန် အက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်းပျက်ကျ



**ဆိုးလ် ဇန်နဝါရီ ၃၁**

အမေရိကန်လေတပ်မှအက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်းသည် ယနေ့တွင်တောင်ကိုရီးယားနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းပျက်ကျခဲ့သည်။

သို့သော် အဆိုပါတိုက်လေယာဉ်၏လေယာဉ်မှူးမှာ ဘေးကင်းစွာခုန်ထွက်နိုင်ခဲ့ရာ နောက်ပိုင်းတွင် ၎င်းကို ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့် အက်ဖ်-၁၆ တိုက်လေယာဉ်မှာ တောင်ကိုရီးယားအခြေစိုက် အမေရိကန်လေတပ် အမှတ်-၈ တိုက်လေယာဉ်အုပ်စုမှ လေယာဉ်တစ်စင်းဖြစ်သည်။

ယနေ့ အက်ဖ်-၁၆ လေယာဉ်ပျက်ကျမှုသည် တောင်ကိုရီးယားနိုင်ငံ၌ တစ်လတာကာလအတွင်း ဒုတိယမြောက် အမေရိကန်စစ်လေယာဉ်ပျက်ကျမှုဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသမြို့ဖြစ်သည့် ဂန်းဆန်းမြို့သည် အမေရိကန်စစ်ဘက်က အသုံးပြုနေသော လေတပ်စခန်းနှစ်ခုတည်ရှိရာနေရာဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း တောင်ကိုရီးယားအနောက်ဘက် ကမ်းရိုးတန်းဒေသမှာပင် အက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ်ပျက်ကျခဲ့ရာ ထိုစဉ်ကလည်း လေယာဉ်မှူးအသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ရုပ်ဖျက်ထားသော အစ္စရေးကွန်မန်ဒိုတပ်ဖွဲ့ဝင်များ အနောက်ဘက်ကမ်းဒေသဆေးရုံကို စီးနင်းတိုက်ခိုက်

**ဂျေရုဆလင် ဇန်နဝါရီ ၃၁**



ဆေးဝန်ထမ်းများအဖြစ်၊အမျိုးသမီးများအဖြစ် ရုပ်ဖျက်ထားသော အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းဒေသရှိ ဆေးရုံတစ်ရုံကို ဇန်နဝါရီ ၃၀ ရက်တွင် စီးနင်းတိုက်ခိုက်၍ ပါလက်စတိုင်းစစ်သွေးကြွသုံးဦးကိုရှင်းလင်းခဲ့ကြောင်း သိရသည်။

ရုပ်ဖျက်ထားသည့် အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့ရှိ အိုင်ဘန်ဆီနာအမည်ရှိဆေးရုံကို စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုင်ဘန်ဆီနာဆေးရုံ စီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည့် ပါလက်စတိုင်းစစ်သွေးကြွသုံးဦးအနက် တစ်ဦးမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုမျိုးကဲ့သို့ တိုက်ခိုက်မှုမျိုးပြုလုပ်ရန်စီစဉ်နေသော ဝါလစ်ဂျလမ်နာအမည်ရှိ ဟားမတ်စ်အုပ်စုဝင်ဖြစ်သည်ဟု အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါစစ်ဆင်ရေးကို အစ္စရေးကြည်းတပ်၊ ဆင်းဘက်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့နှင့် နယ်စပ်စောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်၏အဆိုအရ သိရသည်။

အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့သည် အစ္စရေးဆန့်ကျင်လှုပ်ရှားမှုအပြင်းထန်ဆုံး အနောက်ဘက်ကမ်းဒေသ မြို့ကြီးတစ်မြို့ဖြစ်ကြောင်း သိရသည်။

ဂျီနင်းမြို့ အိုင်ဘန်ဆီနာဆေးရုံ စီးနင်းခံရမှုကို ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများကလည်း အတည်ပြုထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အမေရိကန်နှင့် ဗြိတိန်စစ်သင်္ဘောများကို တိုက်ခိုက်မှုမြှင့်တင်မည်ဟု ဟူသီအုပ်စုကြေညာ

**ဆာနား ဇန်နဝါရီ ၃၁**

ပင်လယ်နီဒေသ၌ ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့် အနေဖြင့် အမေရိကန်နှင့် ဗြိတိန်စစ်သင်္ဘောများကို တိုက်ခိုက်မှုများ ပိုမိုပြုလုပ်မည်ဖြစ်ကြောင်း ယီမင်အခြေစိုက် အီရန် ကျောထောက်နောက်ခံပြု ဟူသီအုပ်စုက ယနေ့တွင် ကြေညာခဲ့သည်။

ယီမင်နိုင်ငံအတွင်းရှိ ပစ်မှတ်များကိုတိုက်ခိုက်ရာတွင် ပါဝင်နေသည့် ဗြိတိန်၊ အမေရိကန် စစ်သင်္ဘောအားလုံးကို ပစ်မှတ်အဖြစ် သတ်မှတ်ထားမည်ဖြစ်ကြောင်း ဟူသီအုပ်စု၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီရေပြင်အတွင်း သွားလာနေကြသည့် ကုန်တင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

ဟူသီအုပ်စု၏ အဆိုပါလုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့် ဗြိတိန်စစ်သင်္ဘောများသည် ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်။

ဟူသီအုပ်စုသည် ပင်လယ်နီရေလမ်းကြောင်းများ၌ကုန်သေတ္တာတင်သင်္ဘောများကို အဓိကထားတိုက်ခိုက်လျက်ရှိရာ ရေနံတင်သင်္ဘောအများအပြားမှာ ပင်လယ်နီရေလမ်းကြောင်းကို ဆက်လက်သုံးစွဲနိုင်ဆဲဖြစ်သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်ခဲ့ချိန်ထိတိုင် ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းများကို ဆက်လက်တိုက်ခိုက်မည်ဟု ဟူသီအုပ်စုက ကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အပြုအမူဖောက်ပြန်နေသော သက်နုကြယ်တစ်စင်းဝန်းကျင်၌ သက်နုဂြိုဟ်ခြောက်စင်းကို နိုင်ငံတကာနက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အပြုအမူဖောက်ပြန်နေသော သက်နုကြယ်တစ်စင်းဝန်းကျင်၌ သက်နုဂြိုဟ်ခြောက်စင်းကို နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

ထို့ပြင် အဆိုပါကြယ်ဝန်းကျင်၌ သတ္တမမြောက်ဂြိုဟ်တစ်စင်းလည်းရှိနေနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI- 1136 အမည်ရှိ အထက်ပါဂြိုဟ်စနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် တက်စ်ဂြိုဟ်တုအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

မိမိတို့ ရှာဖွေတွေ့ရှိထားရသည့် ဂြိုဟ်သစ်ခြောက်စင်းသည် ကြယ်သိမ်အုပ်စုဝင် ကြယ်တစ်စင်းဖြစ်သော TOI- 1136 ကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ကြေညာထားသည်။

TOI- 1136 ဂြိုဟ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၇၀ ခန့် အကွာတွင် တည်ရှိသည့် ဂြိုဟ်စနစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်စနစ်တွင် TOI- 1136 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် သတ္တမမြောက်ဂြိုဟ်တစ်စင်းလည်း ရှိနေနိုင်သည်ဖြစ်ရာ အဆိုပါဂြိုဟ်စနစ်သည် နေအဖွဲ့အစည်းနှင့် ဖွဲ့စည်းပုံဆင်တူမှုများ ရှိနေနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ Space-X ကုမ္ပဏီ လွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်ကို ဇန်နဝါရီ ၃၀ ရက်က နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဆိုက်ဂနက်အာကာသ ကုန်တင်ယာဉ်ကို ပြန်လည်ပြုပြင်မွမ်းမံပေးထားသော ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နော့သ်ရော့ဂရူးမင်းကုမ္ပဏီသည် ယခင်က ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်များကို လွှတ်တင်ရာတွင် အန်းတားရက်စ်ဒုံးပျံများကို အသုံးပြုခဲ့ပြီး Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံကို ဇန်နဝါရီ ၃၀ ရက်တွင် ပထမဆုံးအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဇန်နဝါရီ ၃၀ ရက် မစ်ရှင်သည် ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်များ၏ အကြိမ် ၂၀ မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင်တွင် ဆိုက်ဂနက်အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံစမ်းသပ်ပစ္စည်း ကီလိုဂရမ် ၃၇၂၀ သယ်ဆောင်ထားသည်။

ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်သည် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ လူစီအာကာသယာဉ် ပထမဆုံးအကြိမ်အဖြစ် ပင်မဒုံးအင်ဂျင်ကိုနှိုး၍ ပျံသန်းရာလမ်းကြောင်းထိန်းညှိမှု ပြုလုပ်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်သည် လွှတ်တင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပင်မဒုံးအင်ဂျင်ကိုနှိုး၍ ပျံသန်းရာလမ်းကြောင်းထိန်းညှိမှု ပြုလုပ်ခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်အနေဖြင့် ထရိုဂျင်ဂြိုဟ်သိမ်များထံ ရောက်ရှိရေးအတွက် ဒုတိယမြောက် ပျံသန်းရာလမ်းကြောင်းထိန်းညှိမှုကို ဖေဖော်ဝါရီ ၃ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ထို့ပြင် လူစီအာကာသယာဉ်သည် လက်ရှိ နေပတ်လမ်းပေါ်မှ ခွာထွက်ရေးအတွက် ယခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာမြေကို အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

လူစီအာကာသယာဉ်သည် ၂၀၂၅ ခုနှစ် ဧပြီလတွင် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြားရှိ ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်ငယ်တစ်စင်းကို အနီးကပ်ဖြတ်ပျံမည်ဖြစ်သည်။

၂၀၂၇ ခုနှစ် ဩဂုတ်လတွင်မူ လူစီအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်နေပတ်လမ်းအတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်များထံ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ကလေးဘဝတွင် လူသားဖွံ့ဖြိုးမှုဟော်မုန်းများ ရယူခဲ့သူများ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မား

**လန်ဒန် ဇန်နဝါရီ ၃၁**

ကလေးဘဝတွင် လူသားဖွံ့ဖြိုးမှုဟော်မုန်းများ ရယူခဲ့သူများ၌ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေမြင့်မားကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

ကလေးဘဝ၌ တစ်ဆင့်လက်ခံရယူထားသော လူသားဖွံ့ဖြိုးမှုဟော်မုန်းများထဲတွင် အမိလွိုက်ဘီတာပရိုတင်းများ ပါဝင်နေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါလူနာများ၏ ဦးနှောက်အတွင်း အချိန်ကြာလာသည်နှင့်အမျှ အမိလွိုက်ဘီတာပရိုတင်းများ စုစည်းအနည်ထိုင်လာတတ်သည်။

မိမိတို့၏ လေ့လာချက်သည် ရှားရှားပါးပါး ဖြစ်စဉ်များအဖြစ် အယ်ဇိုင်းမားရောဂါမှာ လူတစ်ဦးမှ တစ်ဦးထံ ကူးစက်နိုင်သည့်သဘောကို ပြသနေကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

လူသားဖွံ့ဖြိုးမှုဟော်မုန်းအစားထိုးထည့်သွင်းမှုကုထုံးကို ဗြိတိန်ဆရာဝန်များက ၁၉၅၆ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်ကြား ကာလအတွင်း အသုံးပြုခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် CJT ခေါ် ဦးနှောက်ရောဂါတစ်မျိုးဖြစ်ပွားနိုင်မှုကြောင့် ၎င်းကုထုံးများ သုံးစွဲမှုကို ဗြိတိန်ဆရာဝန်များက ရပ်ဆိုင်းထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသော အသည်းအဆီဖုံးရောဂါကြောင့် အမျိုးသမီးများ သေဆုံးနိုင်ခြေ အမျိုးသားများထက် ပိုမိုမြင့်မား

**နယူးယောက် ဇန်နဝါရီ ၃၁**

အရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသော အသည်းအဆီဖုံးရောဂါကြောင့် အမျိုးသမီးများ သေဆုံးနိုင်ခြေမှာ အမျိုးသားများထက် ပိုမိုမြင့်မားကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

အသည်းအဆီဖုံးရောဂါသည် လူ့ကိုယ်ခန္ဓာ၏ အဓိကသွေးသန့်စင်စနစ်ဖြစ်သော အသည်းအင်္ဂါပတ်ပတ်လည်၌ အဆီများ လွန်ကဲစွာစုစည်းမိချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးမှုနှင့် ဆက်နွှယ်သော အသည်းအဆီဖုံးရောဂါ အမျိုးသမီးလူနာများမှာ အမျိုးသားလူနာများထက် အသက်ဆုံးပါးနိုင်ခြေ ပိုမြင့်မားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသည်းအဆီဖုံးရောဂါလူနာပေါင်း ၁၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စူးစမ်းလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အသည်းအဆီဖုံးရောဂါ အမျိုးသမီးလူနာများမှာ အမျိုးသားလူနာများထက် ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ နှစ်ဆပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသည်းအဆီဖုံးရောဂါများအနက် အရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသည့် ရောဂါပုံစံနှစ်ခုမှာ ALD အသည်းအဆီဖုံးရောဂါနှင့် Met ALD အသည်းအဆီဖုံးရောဂါတို့ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဒဏ်ရာကြောင့် ချန်ပီယံလိဂ်ပွဲစဉ်ကို ဂျာအိုဖီးလစ် လွဲချော်နိုင်ကြောင်း ဇာဗီပြောကြား

**ဘာစီလိုနာ ဇန်နဝါရီ ၃၁**

တိုက်စစ်မှူး ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့် အင်္ဂါနေ့က ဘာစီလိုနာအသင်းနှင့်ပြုလုပ်ခဲ့သည့်လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် နာပိုလီအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း နည်းပြဇာဗီက ပြောကြားခဲ့သည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး ဂျာအိုဖီးလစ်၏ ခြေချင်းဝတ်ဒဏ်ရာမှာ အရွတ်ထိခိုက်မှုရှိခဲ့သောကြောင့် အနည်းဆုံး တစ်လခန့် အနားယူရမည်ဖြစ်သဖြင့် လာမည့် ဖေဖော်ဝါရီ ၂၁ ရက်တွင် နာပိုလီအသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ် ၁၆ အသင်းအဆင့် ပထမအကျော့ပွဲစဉ်ကိုလွဲချော်ရန်သေချာလျက်ရှိပြီး ဒုတိယအကျော့အဖြစ် လာမည့် မတ် ၁၂ ရက်တွင် အိမ်ကွင်းတွင် ကစားရမည့်အချိန်မှသာ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အေတီကိုအသင်းမှ ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၂၈ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီး နည်းပြဇာဗီလက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့သူဖြစ်သည်။

လက်ရှိ ဘာစီလိုနာအသင်းတွင် ခံစစ်ကစားသမား ဘာလိတ်မှာ ကြွက်သားဒဏ်ရာ ခွဲစိတ်မှုကြောင့် လေးလခန့် အနားယူရမည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ဂါဗီမှာ အရွတ်ထိခိုက်မှုကြောင့် ရာသီကုန်ထိလည်းကောင်း၊ ခံစစ်ကစားသမား အလွန်ဆိုမှာ နောက်ကျောခွဲစိတ်မှုကြောင့် ရာသီကုန်ထိလည်းကောင်း အနားယူရမည်ဖြစ်သော်လည်း ရာဖင်ဟာ၊ ရော်ဘတ်တို၊ အင်နီဂိုမာတီနက်ဇ်နှင့် တာစတီဂန်တို့မှာ မကြာခင်အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ONE Lumpiness-50 ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ကစားသမား စိုးလင်းဦး အီတလီမွေထိုင်းဖိုက်တာ ဘလာစီနှင့်ထိုးသတ်သွားမည်




**ရန်ကုန် ဇန်နဝါရီ ၃၁**

ONE Championship က ကြီးမှူးပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၂ ရက်၌ ကျင်းပမည့် ONE Lumpiness-50 ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ကစားသမား စိုးလင်းဦးသည် မွေထိုင်းပွဲစဉ်အဖြစ် အီတလီမွေထိုင်းဖိုက်တာ ဘလာစီနှင့် ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ONE Lumpiness-50 ပြိုင်ပွဲတွင် စိုးလင်းဦးသည် ၆၅ ကီလိုတန်းတွင် မွေထိုင်းစည်းမျဉ်းများအတိုင်း သုံးချီထိုးသတ်သွားမည်ဖြစ်ကာ အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း တွဲဆိုင်း ၁၂ ဆိုင်းထည့်သွင်းကျင်းပမည်ဖြစ်ပြီး စိုးလင်းဦးနှင့်ဘလာစီတို့သည် ပွဲစဉ်(၅)အဖြစ်ထိုးသတ်သွားမည်ဖြစ်သည်။

စိုးလင်းဦးသည် မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ပွဲများစွာကို ထိုးသတ်ခဲ့ကာ အောင်မြင်မှုများစွာရယူနိုင်ခဲ့ပြီး မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ထိပ်တန်းလက်ဝှေ့ကစားသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။

စိုးလင်းဦးသည် ၎င်း၏ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား ဘဝ နောက်ဆုံးအကြိမ်ထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၁ ရက်က ကရင်ပြည်နယ် မြဝတီမြို့တွင်ကျင်းပခဲ့သည့် ကရင်အမျိုးသားနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ထိုင်းမွေထိုင်းဖိုက်တာ စောဂရောနှင့် ထိုးသတ်ခဲ့ရာ တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိထားသည်။

စိုးလင်းဦးသည် ပြည်တွင်းကျင်းပခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ပွဲများစွာထိုးသတ်ခဲ့ပြီး ယခုအခါ ONE Championship က ကြီးမှူးကျင်းပသည့်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဝင်ရောက် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# နယူးကာဆယ်ကိုရှုံးနိမ့်ခဲ့သည့် အေဗီလာအသင်း အိမ်ကွင်းရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရ

**လန်ဒန် ဇန်နဝါရီ ၃၁**

ပရီးမီးယားလိဂ်ပွဲစဉ် (၂၂) အဖြစ် ကစားခဲ့သည့် အေဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် အေဗီလာအသင်းက အိမ်ကွင်းတွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရသည်။

အေဗီလာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် အာဆင်နယ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း အိမ်ကွင်း ၁၇ ပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းမရှိသည့် မှတ်တမ်းကောင်းကိုရရှိခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းရှုံးပွဲမရှိသည့်စံချိန်ကို ရရှိခဲ့ကြောင်း သိရသည်။

သို့သော် နယူးကာဆယ်အသင်းနှင့် ကစားခဲ့သည့် အိမ်ကွင်းပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူး ဝက်ကင်း၏ သွင်းဂိုးတစ်ဂိုးသာရရှိခဲ့ပြီး နယူးကာဆယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အိမ်ကွင်း ၁၁ ပွဲတွင် ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိသည့် စံချိန်ကောင်းတစ်ခု ရပ်တန့်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် အေဗီလာအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း နယူးကာဆယ်အသင်းခံစစ်ပိုင်းနှင့် ဂိုးသမားဒူဘရာဗကာတို့၏လက်စွမ်းပြသနိုင်မှုတို့ကြောင့် သွင်းဂိုး တစ်ဂိုးသာရရှိခဲ့ပြီး နယူးကာဆယ်အသင်းက ပွဲချိန် ၃၂ မိနစ်နှင့် ပွဲချိန် ၃၆ မိနစ်တို့တွင် ဖေဘီယာရှာနှင့် ပွဲချိန် ၅၂ မိနစ်တွင် မိုရင်နို၏ ကိုယ့်ဂိုးကိုယ် သွင်းယူမှုတို့ကြောင့် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ဝက်စ်ဟမ်းအသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ဖော်နယ်လ်အနေဖြင့် စပိန်ကလပ်ဘက်တစ်အသင်းသို့ပြောင်းရွှေ့ရန် သေချာနေပြီး အသင်းမှ ထွက်ခွာမည့် ဒုတိယမြောက်ကစားသမားဖြစ်လာဖွယ်ရှိနေသည်။
- ချဲလ်ဆီးအသင်းမှ တိုက်စစ်မှူး ဘရိုဂျာနှင့် ကွင်းလယ်ကစားသမား ဂယ်လာဟာတို့အနေဖြင့် ယခုအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ အသင်းမှထွက်ခွာနိုင်ကြောင်း သိရသည်။
- အေဗီလာအသင်းက အာဆင်နယ်အသင်း လူငယ်ခံစစ်ကစားသမား ဆိုဆာကိုခေါ်ယူခဲ့ပြီး ဆေးစစ်မှုပြုလုပ်နေကြောင်း သိရသည်။
- ဖီအိုရင်တီးနားအသင်းက ရိုးမားအသင်းမှ တိုက်စစ်မှူး ဘယ်လော့တီကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့သည်။

**ML**

# အာဖရိကဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် မော်ရိုကိုအသင်းက တောင်အာဖရိကကိုရှုံးနိမ့်

**ရာဘတ် ဇန်နဝါရီ ၃၁**

အိုင်ဗရီကို့စ်နိုင်ငံတွင် ကျင်းပနေသည့် အာဖရိကဖလားပြိုင်ပွဲတွင် ဆုဖလားရရှိရန် ဦးစားပေးစာရင်းတွင်ပါဝင်နေသည့် မော်ရိုကိုအသင်းအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့်တွင် တောင်အာဖရိကအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

မော်ရိုကိုအသင်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့သည့် ပထမဆုံး အာဖရိကအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရရှိရန်ရေပန်းစားနေသော်လည်း တောင်အာဖရိကအသင်းကို ပွဲကစားချိန်အတွင်း နှစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် မော်ရိုကိုအသင်းသည် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက တောင်အာဖရိကအသင်းကို ဖိအားပေးနိုင်ခဲ့သော်လည်း တောင်အာဖရိကအသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်တုံ့ပြန်ခဲ့ပြီး ခံစစ်ကစားပုံကောင်းမွန်ခဲ့မှုကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် တောင်အာဖရိကအသင်းက ပွဲချိန် ၅၇ မိနစ်တွင် သမ်ဘာ၏ ဖြတ်တင်ပေးမှုမှ မက်ဂိုဘာက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် မော်ရိုကိုအသင်း ချေပဂိုးရရှိရေး လူစားလဲမှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ ပွဲချိန် ၈၅ မိနစ်အရောက်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဟာကီမီ လွဲချော်ခဲ့သောကြောင့် ဂိုးမရခဲ့သည့်အပြင် ပွဲကစားချိန် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် အမ်မရာဘတ် အနီကတ်ပြသခံခဲ့ရပြီးနောက် တောင်အာဖရိကအသင်းက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ မော်ရိုကိုအသင်း ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

တောင်အာဖရိကအသင်းသည် ၁၉၉၆ ခုနှစ်က ဆုဖလားရရှိခဲ့ပြီးနောက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အာဖရိကဖလားပြိုင်ပွဲတွင် အမြင့်ဆုံး ကွာတားအဆင့်သာတက်ရောက်နိုင်ခဲ့သော်လည်း ယခုအခါ ကွာတားဖိုင်နယ်အဆင့်တွင် ကိတ်ဗာဒီအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်းနေပြီး ယင်းပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားနိုင်ငံက 9K111 Fagot တင့်ဖျက်ဒုံးကျည်တပ်ဆင်၍ ပျံသန်းစဉ်ပစ်ခတ်နိုင်သောဒရုန်းကို ထုတ်ဖော်ပြသ





ရုရှားနိုင်ငံသည် 9K111 Fagot ဝိုင်ယာ-ပဲ့ထိန်းလမ်းညွှန်တင့်ဖျက်ဒုံးကျည်စနစ်တပ်ဆင်ထားသည့် အလိုအလျောက်တိုက်ပွဲဝင်နိုင်သော ဒရုန်းအမျိုးအစားသစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ ချန်နယ်တစ်ခု၌ လွှင့်တင်ထားသော ဗီဒီယိုဖိုင်တစ်ခုတွင် အဆိုပါတိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နိုင်ခဲ့မှုကို မြင်တွေ့ခဲ့ရခြင်းလည်းဖြစ်သည်။

အဆိုပါဒရုန်းသည် မောင်းသူမဲ့စစ်ဆင်ရေးတွင် အဓိကအရေးပါသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး အလိုအလျောက်အပြည့်အဝပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။ ဤစွမ်းရည်သည် မြေပြင်စစ်ဆင်ရေးများ၏ ရလဒ်များအပေါ် သိသာထင်ရှားစွာ ပြောင်းလဲပေးနိုင်သည့် ဂုဏ်အင်္ဂါရပ်တစ်ခုဖြစ်ပြီး တပ်ဖွဲ့ဝင်များ၏ တိုက်ရိုက်ထိန်းချုပ်မှုမရှိဘဲ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ဒရုန်းတွင် သယ်ဆောင်တိုက်ပွဲဝင်ရန် ဒီဇိုင်းထုတ်ထားသည့် 9K111 Fagot စနစ်သည် ဆယ်စုနှစ်များစွာ အသုံးပြုလာခဲ့သည့် နာမည်ကြီးတင့်ဖျက်ဒုံးကျည်စနစ်ဖြစ်သည်။ ဒရုန်းနှင့် တင့်ဖျက်ဒုံးကျည်စနစ်တို့၏ နည်းဗျူဟာမြောက်ပေါင်းစပ်အသုံးပြုနိုင်မှုသည် တင့်ကား၊ သံချပ်ကာယာဉ်များသို့မဟုတ် ခံစစ်ကတုတ်ကျင်းများကို အဝေးမှ တိကျစွာပစ်မှတ်ထားချေမှုန်းနိုင်စွမ်းရှိလာစေမည်ဖြစ်သည်။

ခေတ်သစ်စစ်ပွဲအတွက် ကျယ်ပြန့်စွာအကျိုးသက်ရောက်မှုများ ရှိနိုင်သောကြောင့် ဤသို့သောမောင်းသူမဲ့စနစ်သုံးယာဉ်များ ဖွံ့ဖြိုးတိုးတက်မှုကို စစ်ရေးလေ့လာသုံးသပ်သူများက အနီးကပ်စောင့်ကြည့်နေကြသည်။ ဒရုန်းတစ်စင်း၏ တင့်ဖျက်ဒုံးကျည်ကို အလိုအလျောက်ပစ်ခတ်နိုင်စွမ်းသည် မောင်းသူမဲ့တိုက်ခိုက်ရေး၏အနာဂတ်စစ်မြေပြင်တွင် အလိုအလျောက်စနစ်အသုံးပြုနိုင်သည့် အလားအလာများနှင့်ပတ်သက်နေသဖြင့် စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။

ဒရုန်း၏ စစ်ဆင်ရေးအကွာအဝေး၊ ဝန်တင်ဆောင်နိုင်စွမ်းနှင့် ဖြန့်ကြက်အသုံးပြုမှုအချိန်ကာလတို့အကြောင်း အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားထားခြင်းမရှိသော်လည်း အဆိုပါဗီဒီယိုဖိုင်သည် မောင်းသူမဲ့စနစ်များနှင့် ဒုံးကျည်နည်းပညာနယ်ပယ်တွင် ရုရှား၏ သိသာထင်ရှားသော နည်းပညာအောင်မြင်မှုကို သရုပ်ပြထားသည်။

ကမ္ဘာ့နေရာအသီးသီးတွင် တင်းမာမှုများ ဆက်လက်မြင့်တက်နေသဖြင့် ယခုကဲ့သို့ ခေတ်မီသော စစ်ရေးနည်းပညာကို မိတ်ဆက်ခြင်းသည် ပါဝါချိန်ခွင်လျှာကို အပြောင်းအလဲဖြစ်စေနိုင်ပြီး အခြားနိုင်ငံများကို မောင်းသူမဲ့စစ်ပွဲတွင် ၎င်းတို့၏ ကိုယ်ပိုင်တိုးတက်ဖွံ့ဖြိုးမှုများကို အရှိန်မြှင့်လုပ်ဆောင်လာကြရန် လှုံ့ဆော်ပေးသည်။ နိုင်ငံတကာလေ့လာသူများနှင့် ကာကွယ်ရေးကျွမ်းကျင်သူများသည် ဤမောင်းသူမဲ့စနစ်နည်းပညာ၏ တိုးတက်ဖွံ့ဖြိုးလာမှုများကို အနီးကပ်စောင့်ကြည့်နေကြခြင်းလည်းဖြစ်သည်။

AT-4 Spigot ဟု လူသိများသော 9K111 Fagot တင့်ဖျက်ဒုံးကျည်စနစ်သည် ၁၉၇၀ ပြည့်နှစ်များတွင် စတင်မိတ်ဆက်ခဲ့သော ဆိုဗီယက်ခေတ်ထုတ် တင့်ဖျက်ဒုံးကျည်စနစ်ဖြစ်သည်။ တင့်ကားများနှင့် အခြားသံချပ်ကာယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန် အဓိကဒီဇိုင်းထုတ်ထားပြီး ၎င်းစနစ်ကို ကမ္ဘာတစ်ဝန်းမှ စစ်ဘက်အများအပြားကအသုံးပြုလျက်ရှိသည်။ 9K111 Fagot တင့်ဖျက်ဒုံးကျည်စနစ်သည် ပါးလွှာသော ဝိုင်ယာကြိုးမှတစ်ဆင့် ဒုံးကျည်ပျံသန်းနေစဉ် အော်ပရေတာမှထိန်းကျောင်းလုပ်ဆောင်နိုင်သည့် ဝိုင်ယာလမ်းညွှန်ထိန်းကျောင်းရေးစနစ် အသုံးပြုထားသည်။ ၎င်းသည် အော်ပရေတာကို ဒုံးကျည်ပျံသန်းစဉ်အတွင်း အချိန်နှင့်တစ်ပြေးညီ ချိန်ညှိမှုများပြုလုပ်နိုင်စေကာ ရွေ့လျားနေသောပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ ၎င်းစနစ်တွင် ပုံမှန်အားဖြင့် ဒုံးပစ်လောင်ချာတစ်ခု၊ Tripod တစ်ခုနှင့် ဒုံးကျည်တို့ပါဝင်ဖွဲ့စည်းထားပြီး ဒုံးကျည်၏ထုလုံးရှည်ပုံစံသည် ထူးခြားမှုတစ်ခုဖြစ်သည်။

**Russia Unveils Drone Capable of Firing 9K111 Fagot Anti-Tank Missile in Flight Mode ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီ Quantum Systems ကုမ္ပဏီထုတ်ဒရုန်းများက ယူကရိန်း၏ ညအချိန်ဒရုန်းစစ်ဆင်ရေးများကို အထောက်အကူဖြစ်ခဲ့

ဂျာမနီနိုင်ငံ Quantum Systems ကုမ္ပဏီသည် ၎င်းထုတ်ဒရုန်းများက အထူးသဖြင့် ယူကရိန်းစစ်ဘက်၏ ညအချိန်ဒရုန်းစစ်ဆင်ရေးများကို အဓိကအထောက်အကူဖြစ်စေသော ဒရုန်းများဖြစ်ကြောင်း The Defense News သတင်းဌာနနှင့် အွန်လိုင်းအင်တာဗျူးတစ်ခုတွင် ကုမ္ပဏီတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်က Quantum Systems ကုမ္ပဏီသည် ယူကရိန်းနှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ပြီး Vector စောင့်ကြည့်ထောက်လှမ်းရေးဒရုန်းအစင်း ၄၀ ခန့်ကို ကနဦးထောက်ပံ့ပေးခဲ့သည်။ အဆိုပါဒရုန်းများကို ၂၀၂၂ ခုနှစ် မေလတွင် အဓိကကျသော Siverskyi Donets တိုက်ပွဲအတွင်း ပထမဆုံးအသုံးပြုခဲ့ပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးဖျက်ဆီးမှုအခြေအနေများအောက်တွင်ပင် ထိရောက်စွာတိုက်ပွဲဝင်နိုင်ခဲ့မှုကို သက်သေပြနိုင်ခဲ့သည်။ ဂျာမနီအစိုးရက ရန်ပုံငွေအသစ်ဖြင့် Quantum Systems ကုမ္ပဏီထံမှ မကြာသေးမီကပေးပို့ခဲ့သော Vectors ဒရုန်းအစင်း ၃၀၀ အပါအဝင် ဝယ်ယူရေးအမှာစာများ ထပ်မံပေးပို့ထားပြီး ကုမ္ပဏီ၏ ယူကရိန်းဒရုန်းစစ်ဆင်ရေးတွင် ပါဝင်ပတ်သက်မှုသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။

Vector ဒရုန်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၃ နာရီကြာပျံသန်းနိုင်ပြီး တစ်နာရီလျှင် ၇၂ ကီလိုမီတာအလျင်နှုန်းဖြင့် ပျံသန်းနိုင်သော တာလတ်ပစ် ကင်းထောက်ဒရုန်းအမျိုးအစားဖြစ်သည်။ Vector ဒရုန်း၏ ထူးခြားချက်မှာ ရန်သူထံမှ နှောင့်ယှက်ဖျက်ဆီးမှု အများအပြားခံနေရချိန်တွင် ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စွမ်းကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက ယူကရိန်းတပ်ဖွဲ့များ ရင်ဆိုင်ခဲ့ရသည့် ရုရှား၏အီလက်ထရွန်နစ်စစ်ဆင်ရေးများနှင့်ပတ်သက်သည့် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။

ရုရှားနိုင်ငံ၏ အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များမှ ဖျက်ဆီးခြင်း၊ ပိတ်ဆို့တားဆီးခြင်း ကြိုးပမ်းမှုများကို တန်ပြန်ရန် Quantum Systems ကုမ္ပဏီသည် Signal app ကိုအသုံးပြု၍ လုံခြုံသောဆက်သွယ်ရေးလမ်းကြောင်း တစ်ခုကို တည်ထောင်ထားနိုင်ခဲ့သည်ဟု သိရသည်။ ဤပလပ်ဖောင်းသည် ယူကရိန်းအော်ပရေတာအယောက် ၂၀၀ နှင့် ချိတ်ဆက်ထားပြီး တိုက်ရိုက်တုံ့ပြန်ချက်များနှင့် တပ်ဖွဲ့ဝင်များကြား အတွေ့အကြုံများကို မျှဝေဖြန့်ဖြူးရာတွင် လွယ်ကူအဆင်ပြေစေမည်ဖြစ်သည်။

ဤအပြန်အလှန်တုံ့ပြန်၊ လုပ်ဆောင်နိုင်မှုသည် ဒရုန်းများတွင် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မွမ်းမံမှုများ၊



ကြာရှည်အသုံးပြုနိုင်မည့် ဘက်ထရီသက်တမ်းနှင့် မြေပြင်သို့ဆင်းသက်ရာတွင် တည်ငြိမ်မှုအတွက် ပိုမိုကောင်းမွန်သော ဟာ့ဒ်ဝဲပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မွမ်းမံမှုများအပါအဝင် ဒရုန်းများတွင် သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုများပင်ဖြစ်သည်။

Vector ဒရုန်း၏ AI စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရန် အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်း Quantum Systems ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေးတာဝန်ခံအရာရှိ Sven Kruck က အလေးပေးပြောကြားခဲ့သည်။ ဤတိုးတက်မှုများသည် ဒရုန်းများကို တိုက်ပွဲစီမံခန့်ခွဲမှုစနစ်များနှင့် ပိုမိုအဆင်ပြေစွာပေါင်းစပ်လုပ်ဆောင်နိုင်ရန်နှင့် အမြောက်ပစ်ခတ်မှုကို ထောက်လှမ်းရေးအချက်အလက်များ ပံ့ပိုးပေးရန် အာရုံခံကိရိယာစနစ်များနှင့် ရေဒါလုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

**GERMAN DRONE INNOVATION ENHANCES UKRAINIAN NIGHT OPERATIONS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ရန်ပြင်ဆင်နေသော ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်

ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စီးပွားရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးသဘောတူညီချက် အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ကုလသမဂ္ဂ၏ဖွံ့ဖြိုးတိုးတက်မှုနောက်ကျဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မဟာဗျူဟာမြောက်နေရာတွင် တည်ရှိသောနိုင်ငံအဖြစ် ရှုမြင်ထားသည်။ ဘင်္ဂလားဒေ့ရှ်သည် လူဦးရေသန်း ၁၇၀ ကျော်ရှိသည့်အပြင် နှစ်စဉ် ခြောက်ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၏ GDP သည် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှား သုံးနိုင်ငံ စုစုပေါင်း၏ GDP ထက် ကျော်လွန်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်သည် တရုတ်၊ ရုရှားတို့နှင့်လည်း ခိုင်မာသောစီးပွားရေးဆက်ဆံရေးထူထောင်ထားရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုတိုးချဲ့လျက်ရှိသည့်အပြင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို Matarbari ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ စစ်တကောင်း-ကော့ဘဇားအဝေးပြေးလမ်း အဆင့်မြှင့်တင်မှုစီမံကိန်းနှင့် ဒါကာမြောက်ပိုင်းတွင် ရထားလမ်းတည်ဆောက်ရေးစီမံကိန်းတို့အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ ဘီလီယံထုတ်ချေးပေးရန် သဘောတူညီထားရှိသည်။

Matarbari စီမံကိန်းတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းနှင့် တောင်ပိုင်းကော့ဘဇားခရိုင်ရှိ ဘင်္ဂလားပင်လယ်အော်တွင် စက်မှုဇုန်တစ်ခုတည်ဆောက်ခြင်းတို့ပါရှိမည်ဖြစ်သည်။ အဆိုပါစီမံကိန်းမှ စစ်တကောင်းထိ အဝေးပြေးလမ်းအဆင့်မြှင့်တင်ခြင်းသည် မြို့တော်ဒါကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အခြားသောနေရာများအပြင် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ ပြည်နယ်များသို့လည်း ကုန်စည်များ လွယ်ကူစွာ ကူးသန်းရောင်းဝယ်နိုင်မည်ဖြစ်သည်။ ရေနက်ဆိပ်ကမ်းကို ၂၀၂၇ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားရှိသည်။

ထို့ပြင် ဂျပန်နိုင်ငံသည် ပြည်ပနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအကူအညီ (ODA) သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကို ဒါကာလူထုပို့ဆောင်ရေးအမြန်လမ်း (MRT) နှင့် Matarbari ပင်လယ်နက်ဆိပ်ကမ်းတို့အပါအဝင် စီမံကိန်းငါးခုအတွက် တိုက်ရိုက်အသုံးပြုသွားမည်ဖြစ်သည်။ Matarbari ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းသည် အလျင်အမြန်တိုးတက်လျက်ရှိပြီး ၂၀၂၆ ခုနှစ်တွင် လုပ်ငန်းအပြည့်အဝလည်ပတ်ရန် မျှော်မှန်းထားရှိသည်။ တောင်ပိုင်း Chattogram ဒေသတွင်ရှိသည့် အခြားသောအခြေခံအဆောက်အအုံနှင့် စွမ်းအင်စီမံကိန်းများမှာလည်း အပြီးသတ်တော့မည်ဖြစ်သည်။ ထိုအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဂျပန်နိုင်ငံ၏ထင်ရှားသောရင်းနှီးမြှုပ်နှံမှုဖြစ်သည့် MRT စီမံကိန်းသည် မြို့တော်၌ ပို့ဆောင်ရေးလုပ်ငန်းအဖြစ် လုပ်ငန်းလည်ပတ်နေပြီဖြစ်သည်။ MRT စတင်လည်ပတ်သည့် အစောပိုင်းကာလများကတည်းက လူစည်ကားရာမြို့တော်၌ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာစေနိုင်သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း လျှော့ချပေးလျက်ရှိသည်။ ထို့ကြောင့် MRT အပြည့်အဝလည်ပတ်သည့်အချိန်တွင် ပြည်သူများသွားလာရေးအတွက် ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီလနှောင်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် တွေ့ဆုံဆွေးနွေးရန် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ဝန်ကြီးချုပ်နှစ်ဦးသည် ၂၀၁၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော ပြီးပြည့်စုံသည့် မိတ်ဖက်ဆက်ဆံရေးမှသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထိ ထူထောင်သွားရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် တရားဥပဒေစိုးမိုးမှုကို အခြေခံသည့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် အကောင်အထည်ဖော်သွားရေး အခိုင်အမာဆုံးဖြတ်ထားကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးမှုအထောက်အကူပြုသော အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာတို့ကိုလည်း အလေးထားဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဘင်္ဂလားပင်လယ်အော်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအောက်ရှိ ဖွံ့ဖြိုးတိုးတက်မှုများအပြင် ၂၀၂၂ ခုနှစ်တွင် ကျရောက်သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု ရွှေရတုနှစ်ပတ်လည်နေ့၌ ဖွင့်လှစ်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပထမဆုံးလျှပ်စစ်ရထားလမ်း ဖြစ်သည့် အမှတ်(၆) ဒါကာလူထုပို့ဆောင်ရေးအမြန်လမ်း ဖွင့်လှစ်နိုင်မှုကိုလည်း ကျေနပ်အားရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။



နှစ်နိုင်ငံခေါင်းဆောင်များသည် လုံခြုံရေးနယ်ပယ်နှင့်စပ်လျဉ်း၍ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်ရေယာဉ်များ စစ်တကောင်းဆိပ်ကမ်းသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်များအပြင် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်အလည်အပတ်ခရီးစဉ်များ၊ ကာကွယ်ရေးပစ္စည်းနှင့်နည်းပညာလွှဲပြောင်းပေးမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်မှုများအပေါ်တွင်လည်းကြိုဆိုခဲ့ကြသည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်တို့ကြား စစ်ဘက်ဆိုင်ရာနယ်ပယ်တွင်လည်း ဆက်ဆံရေးတိုးတက်လျက်ရှိသည်။ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့သည် အာရှ-ပစိဖိတ်ဒေသနှင့် ၎င်းတို့၏လုံခြုံရေးအတွက် ကိုယ်ပိုင်အစီအစဉ်များရှိနေပြီး ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စစ်လက်နက်ပစ္စည်းနှင့် အခြားသောစစ်ဘက်ဆိုင်ရာပစ္စည်းများ ရောင်းချပေးသွားရန် ကမ်းလှမ်းထားရှိသည်။

ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၁၉၇၁ ခုနှစ် လွတ်လပ်ရေးကြေညာစဉ်ကတည်းကပင် ပြည်ပနိုင်ငံများဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့အများဆုံးပေးလျက်ရှိပြီး နှစ်နိုင်ငံဆက်ဆံရေးသည် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးလက်ထက် ၂၀၁၄ ခုနှစ်တွင် ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၄ ခုနှစ် မေလတွင် တိုကျိုမြို့၌ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတွင် နှစ်နိုင်ငံသည် ဂျပန်-ဘင်္ဂလားဒေ့ရှ် ပြီးပြည့်စုံသော မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် သဘောတူညီခဲ့ကြသည်။ ထိုစဉ်က ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ နိုင်ငံခြားရေးဝန်ကြီး ကီရှီဒါ၊ ကုန်သွယ်ရေးဝန်ကြီး တာရိုအာဆိုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် JICA ဥက္ကဋ္ဌသည် ဘင်္ဂလားပင်လယ်အော်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအပါအဝင် လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် စီမံကိန်းများနှင့် အနာဂတ်တွင် အကောင်အထည်ဖော်သွားမည့်စီမံကိန်းများအတွက် အသေးစိတ်ဆွေးနွေးနိုင်ရန် ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

အလားတူ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာနှင့် ဆွေးနွေးရန် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ထိုစဉ်က အကြီးစားဆောက်လုပ်ရေးနှင့် စက်မှုလုပ်ငန်းကုမ္ပဏီကြီး ၂၀ မှတာဝန်ရှိသူများသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လိုက်ပါသွားခဲ့သည်။

ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှု(METI) ဝန်ကြီး ယာဆူတိုရှိနီရှီမူရာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် သွားရောက်ခဲ့သည့် ဒါကာခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံကုန်သွယ်မှုအပေါ် အကောက်ခွန်သတ်မှတ်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးထူထောင်သွားလိုကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အထည်အလိပ်လုပ်ငန်းအပေါ် မှီခိုအားထားနေရမှုကိုလျှော့ချပြီး ကုန်ထုတ်လုပ်မှုအရောင်းကွင်းဆက်မြှင့်တင်နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် ဆိပ်ကမ်းများ၊ ရေအရင်းအမြစ်ထိန်းချုပ်မှုအဆောက်အအုံများ၊ ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံများနှင့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဂျပန်နိုင်ငံမှ စီးပွားရေးအထောက်အပံ့အများဆုံးရရှိနေသောနိုင်ငံဖြစ်သည်။ ၁၉၇၂ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှုနှင့်စီးပွားရေးထောက်ပံ့ကူညီမှုအဖြစ် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ လက်ခံရရှိထားသည်။ ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံကို ပြည်ပနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအကူအညီ(ODA)အဖြစ် လက်ခံရရှိထားပြီး အထူးသဖြင့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးအပါအဝင် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

ကုန်သွယ်မှုတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ် ဂျပန်နိုင်ငံမှ ကုန်စည်တင်သွင်းရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံသုံးစွဲလျက်ရှိပြီး ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရရှိလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်မှ အသင့်ချုပ်အဝတ်အထည်(RMG)များ အဓိကဝယ်ယူတင်သွင်းလျက်ရှိသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလအတွင်း ဂျပန်နိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်၏ RMG တင်ပို့မှုသည် လေးဆထိမြင့်တက်လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံဖိုးတင်ပို့ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း RMG တင်ပို့မှုမှ ဝင်ငွေသုံးဆထိတိုးမြှင့်ရန် မျှော်မှန်းထားရှိသည်။

ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်ကြား နက်ရှိုင်းသော ဆက်ဆံရေးတိုးတက်လာခြင်းသည် ဒေသတွင်း အင်အားကြီးနိုင်ငံများက ရပ်တည်ချက်ရွေးချယ်ရန် ဖိအားပေးလာချိန်တွင် ပထဝီနိုင်ငံရေးရာများတွင် ဘင်္ဂလားဒေ့ရှ်၏ ဟန်ချက်ထိန်းညှိနိုင်မှုကြောင့်ပင် ဖြစ်သည်။ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့သည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ပြီး ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထောက်ပံ့ကူညီပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရာတွင် ဂျပန်နိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထောက်ခံမှုရရှိရန်နှင့် ၎င်း၏ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရန်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၇၀၀ ကျော်သည် ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။

ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်တို့ကြားဆက်ဆံရေးသည် နက်ရှိုင်းမှုနှင့် အပြန်အလှန်ယုံကြည်မှုမြင့်တက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာလေကြောင်းနှင့် ရေကြောင်းဆိပ်ကမ်းများကို ဂျပန်နိုင်ငံကတည်ဆောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ၏ဘဏ္ဍာရေးအကူအညီဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတကာလေဆိပ်အဆင့်မြှင့်တင်မှုနှင့် ပထမဆုံးပင်လယ်နက်ဆိပ်ကမ်းဖြစ်သည့် Matarbari တို့ကို တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်အတွက် လိုအပ်သောအခြေခံအဆောက်အအုံများ ထပ်မံတည်ဆောက်ပေးသွားရန်လည်း စီစဉ်ထားရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံသေးငယ်ပြီး လူဦးရေထူထပ်လျက်ရှိသော်လည်း အထည်အလိပ်လုပ်ငန်းများ၊ ပြည်ပတွင်အလုပ်လုပ်နေသောနိုင်ငံသားများ၏ လွှဲပြောင်းငွေများ၊ ပြည်ပအထောက်အပံ့များကြောင့် စီးပွားရေးတိုးတက်လာလျက်ရှိရာ ၂၀၂၆ ခုနှစ် ဝင်ငွေနည်းနိုင်ငံအဆင့်မှ လွတ်မြောက်တော့မည်ဖြစ်သည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်ခေါင်းဆောင်များသည် အိမ်နီးချင်းနိုင်ငံများ၊ အင်အားကြီးနိုင်ငံများနှင့် ခိုင်မာသောဆက်ဆံရေး ထူထောင်ထားနိုင်သဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်နိုင်ခြင်းသည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့များ ရှာဖွေနိုင်ဦးမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**


(1) **Japan and Bangladesh eye economic partnership pact By Asia Times.**

(2) **Japan Deepens Defense Ties With Bangladesh by The Diplomat.**


မောင်စိန်အိ(နဘဲမြေ)

# မေတ္တာဟူသည် ရုပ်သံဇာတ်လမ်းတွဲကို Hey Play Application၊ Hey Play YouTube Channel နှင့် fortune tv ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်မည်




**ရန်ကုန် ဇန်နဝါရီ ၃၁**

မေတ္တာဟူသည် ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် Hey Play Application၊ Hey Play YouTube Channel နှင့် fortune tv ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခွန်သာချိုက ပြောပြ၍ သိရသည်။

မေတ္တာဟူသည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ ခီနာက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ကာ fortune tv ရုပ်သံလိုင်းမှ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး Hey Play Application၊ Hey Play You Tube Channel မှလည်း အပတ်စဉ် တနင်္လာနေ့နှင့် အင်္ဂါနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အချစ်တစ်ခုကို ကိုးကွယ်လိုက်ပြီဆိုရင် ဘဝကြီးပျက်သွားနိုင်တာကို ပြသချင်တဲ့စိတ်နဲ့ ဒီဇာတ်လေးကို ဖန်တီးဖြစ်တာပါ။ မိသားစုချစ်မေတ္တာတင်မဟုတ်ဘဲ ပရလောကသား ဝိညာဉ်တွေပတ်သက်တာတွေလဲပါပါတယ်။ လူ့ဘဝမှာတုန်းက ကောင်းမှုကုသိုလ်မလုပ်ခဲ့တော့ ဝိညာဉ်အနေနဲ့ ဘယ်လောက်ဒုက္ခရောက်တတ်လဲဆိုတာကို ဒီဇာတ်လမ်းမှာ ဖော်ကျူးထားပါတယ်။ ကျွန်တော့်ရဲ့ နှစ်ကိုယ်ခွဲဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ ခိုင်နိုး၊ မှူးသခင်၊ လားဒင့်ထားရီ၊ အိမ့်ခြူးပွင့်၊ ဇေကရီ၊ အောင်ခိုင်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Hamnet သမိုင်းနောက်ခံဇာတ်ကားတွင် မင်းသား ပေါမက်စကယ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၃၁**

Hamnet အမည်ရှိ သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ပေါမက်စကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

Hamnet ဇာတ်ကားသည် ကမ္ဘာကျော် အင်္ဂလိပ်စာဆိုတော် ရှိတ်စပီးယား၏သားဖြစ်သူ သေဆုံးခဲ့ရမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ပေါမက်စကယ်သည် ၁၈ ရာစု စာဆို ဝီလျံရှိတ်စပီးယား၏ လူငယ်ဘဝတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Hamnet ဇာတ်ကားတွင် မင်းသားပေါမက်စကယ်သည် မင်းသမီး ဂျက်ဆီဘက်ကလေနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Hamnet ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ခလိုးကျောက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Hamnet ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ဗိုလ်တထောင်မြို့နယ် MULA Art Gallery တွင် ပန်းချီဆရာငါးဦး၏ Timeless Treasures ပန်းချီပြပွဲ ပြသမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ MULA Art Gallery တွင် ပန်းချီဆရာငါးဦး၏ Timeless Treasures ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲကို စီစဉ်သူ ဦးစိုးမိုးမင်းက ပြောပြ၍ သိရသည်။

Timeless Treasures ပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီ ဦးမြဟန်၊ ပန်းချီ ဦးကြည်ဝင်း(ရန်ကင်း)၊ ပန်းချီ ဦးစောလှိုင်၊ ပန်းချီ ဦးလှတင်ထွန်း၊ ပန်းချီ ဦးလှထွန်းအောင်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဝါရင့် ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေကို ရွေးချယ်ပြသပေးမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁ ရက်ကနေ မတ် ၁ ရက်ထိ တစ်လပြသသွားမှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၄ ရက် တနင်္ဂနွေနေ့မှာတော့ အမှတ်တရအစီအစဉ်လေးတွေရှိလို့ လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ဦးစိုးမိုးမင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိ ရှိကြောင်း သိရသည်။ ASH

# Levon's Trade ဇာတ်ကား၌ မင်းသား ဂျေဆင်စတာသမ် ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၃၁**

Amazon MGM စတူဒီယို၏ Levon's Trade ဇာတ်ကား၌ ကမ္ဘာကျော်အက်ရှင်မင်းသား ဂျေဆင်စတာသမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက် သတင်းများအရ သိရသည်။

Levon's Trade ဇာတ်ကားတွင် မင်းသား ဂျေဆင်စတာသမ်သည် မင်းသားကြီး ဆီဗက်စတာစတားလုန်းနှင့် ပြန်လည်လက်တွဲရမည်ဖြစ်သည်။


အဆိုပါဇာတ်ကားတွင် ဂျေဆင်စတာသမ်သည် အဓိကဇာတ်ကောင် Levon Cade အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Levon's Trade ဇာတ်ကားသည် တက္ကသိုလ် ကျောင်းသူတစ်ဦးကို ကယ်တင်ရန် မြေအောက်လောကသို့ ပြန်ဝင်ခဲ့ရသည့် လုပ်ကြံရေးသမားတစ်ဦး၏ စွန့်စားမှုများကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အေယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဆီဗက်စတာစတားလုန်းက ရေးသားမည်ဖြစ်သည်။

Levon's Trade ဇာတ်ကားကို ယခုနှစ်နွေဦးရာသီတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# လသော်တာ ခြေဗလာနဲ့ ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးနေ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရွှေလင်းယုန် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လသော်တာခြေဗလာနဲ့ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၃၀ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည် ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ရှိန်းတင်ထူးက ပြောပြ၍ သိရသည်။

လသော်တာခြေဗလာနဲ့ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ယွန်းသခင်က ရေးသားထားပြီး တွဲဖက်ဒါရိုက်တာများအဖြစ် ဒါရိုက်တာ အောင်နိုင်နှင့် ဇော်ဇော်တို့က ဆောင်ရွက်ထားကြောင်း၊ ဒါရိုက်တာ ရဲရင့်သစ္စာက ရွှေလင်းယုန် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"ဒီဇာတ်လမ်းက Musical ဇာတ်လေးကို သီချင်း ခြောက်ပုဒ်လောက် သုံးထားပါတယ်။ Musical Drama ဇာတ်လမ်းလေးပါ။ ချင်းပြည်နယ်က တက်လာတဲ့ ကောင်မလေးရဲ့ဘဝ အခက်အခဲ အကြောင်းလေးတွေနဲ့ ပုံဖော်သွားမှာပါ။ ဒီဇာတ်လမ်းတွဲမှာ အချစ်နဲ့ပတ်သက်ပြီး တအားချစ်တတ်တဲ့ ကောင်လေးကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ရှိမန့်ဆိုတော့ ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းပေါ်မှာ အကောင်းဆုံး ပါဝင်သွားပါ့မယ်။ ဇာတ်လမ်းတွဲကတော့ ရိုက်ကူးနေပါပြီ"ဟု သရုပ်ဆောင် ရှိန်းတင်ထူးက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရှိန်းတင်ထူး၊ ခန့်ကျော်၊ ဖီးဖီးမရာ၊ လားဒင့်ထားရီ၊ ဟန်ဆက်လူတို့အပြင် ဝါရင့် ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ဇော်ဝင်းနိုင်(မန်း)၊ ခင်မို့မို့အေး၊ မျိုးမျိုးခိုင်၊ မင်းညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# National Defence and Security Council Meeting 1/2024 of the Republic of the Union of Myanmar held





Acting President U Myint Swe delivers speech at the NDSC meeting (1/2024).

**Nay Pyi Taw January 31**

The National Defence and Security Council of the Republic of the Union of Myanmar held meeting No 1/2024 at the office of the State Administration Council Chairman in Nay Pyi Taw yesterday.

Also present at the meeting were Pro Tem President U Myint Swe, Vice-President U Henry Van Thio, Speaker of Pyithu Hluttaw U T Khun Myat, Commander-in-Chief of Defence Services Senior General Min Aung Hlaing, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence Admiral Tin Aung San, Union Minister for Home Affairs Lt-Gen Yar Pyae, Union Minister for Foreign Affairs U Than Swe, Union Minister for Border Affairs Lt-Gen Tun Tun Naung, specially invited SAC Secretary Lt-Gen Aung Lin Dwe and Joint Secretary Lt-Gen Ye Win Oo.

Speaking on the occasion, the Senior General explained undertakings in the six-month period of the State responsibilities and future tasks. He said: with regard to the State security measures, some EAO and PDF terrorists committed various ways and means for deterioration of socioeconomic life of the people and peace and stability of the nation within six-month period. Regarding the incidents of Shan State (North), MNDAA insurgents launched attacks on Chinshwehaw with the use of drones starting from 27 October. To do so, MNDAA had made preparations with several meetings with its alliances since 2022. Alliances provided arms and ammunition, electronic technologies and monetary assistance. MNDAA primarily aimed to rebuild its power in Kokang region as Special Region-1. At present, MNDAA robs property of the people in their occupied towns and destroy these property and recruited new members from families of local ethnics.

MNDAA acts the armed struggling line to grasp the power without following the legal affairs in Myanmar which exercises democratic system. The 2008 Constitution allows all ethnics with equal term of rights as well as all regions and states in addition to self-administered zones. The Kokang region in the eastern part of Thanlwin River was designated as Kokang Self-Administered Zone in the Constitution (2008). Before the constitution, it was a special region. Kokang armed group led by U Pheung Kya-Shin which split from Burma Communist Party had joined hands with the Tatmadaw till 2009. Since then, the airbases of Tatmadaw were stationed to administer the region together. Although they were warned severally not to produce narcotic drugs in 2009, the group did not follow the warning. So, military action was taken against them. Kokang Self-Administered Zone was administered by selected persons since 2011. Then, Myanmar-China border trade was opened in Yanlonkeng of Laukkai and Myanmar-China trade measures in Chinshwehaw under the agreements of both governments till the period before the attacks. Tatmadaw will allow desires of ethnic armed organizations under the Constitution and some measures will be decided under the voting. Tatmadaw had disclosed that it agreed to amend some appropriate facts in the Constitution at the meetings with ethnic leaders and political leaders. According to the history and official relations process of both countries, all things will be taken under the law in Kokang Special Region. Tatmadaw representatives hold the meeting. If these facts are under ignorance, it can be accepted to renew the warlord system due to some reasons.

MNDAA insurgents attacked Chinshwehaw and Kunlong whereas its allied TNLA insurgents attacked Hsenwi on Lashio-Muse route and disturbed Kutkai. TNLA insurgents attacked Muse trade zone in 2016 and people's militia camps and security outposts in Muse in 2018. So, clashes happened between Tatmadaw and TNLA. TNLA continued attacks on Namkham, Namhsam, Mantung, Namtu and Mongngaw regions. It aims to grasp Palaung region. The Constitution sets Palaung Self-Administered Zone for Palaung region. TNLA commits attacks to seize the greater power. They extremely rob and destroy property of residents and recruit new troops, making plights for residents. So, tea production of Palaung region much declines. All basic education schools were closed. Up to now, Palaung region faces more economic and educational problems. If it accepts the multiparty democratic system, it has many opportunities to hold political dialogues. But, TNLA turned a blind eye to such point and used arms struggling. The insurgents buy drones from the neighbouring country and some drones can be prepared to be military used and contacted with the large bombs. Insurgents interrupted main union highways not to improve socioeconomic life of the ethnic people and blocks of border trade route. Border trade is initiated under agreements of relevant countries. So, Myanmar is holding meetings with CZhina to operate regular process of border trade measures in Muse region.


Tatmadaw takes all measures under the Rules of Engagement for Self-Defence and the Rules of Engagement for Counter-Terrorism and Counter-Insurgency Operations to restore normalcy not to cause misunderstanding with other country. So, Tatmadaw manages restricted operations not to fall shells and vehicles beyond the border line as well as not to harm the people. Insurgents intentionally launch heavy weapons into other country to cause misunderstanding. So, officials of both sides held talks to solve it. As insurgents attacked the military with technology and excessive strengths, Tatmadaw retreated from some posts due to possibilities to harm the military families.

The complications in Shan State (North) were rooted on online scams. Kokang region has been drug trafficking and gambling measures since many years. During the outbreak of Covid-19, online gambling were committed, and its supporting staff were brought there. Then, foreigners illegally arrived in Kaukkai region. At present, most of illegal businesses are based in border regions of Myanmar, China and Laos to commit online scam and online gambling on a wider scale. So, Myanmar, China and Laos negotiate to effectively combat such acts. Most of them are foreigners under the protection of ethnic armed organizations. As they can do illegal businesses relying on arms, it is necessary to cease the armed struggling. Severe action is being taken against those involved in the cases.

During the period from 5 October 2023 to 29 January 2024, a total of 48,210 Chinese and 1,810 other foreigners, totalling 50,020 who illegally reside in Myanmar have been handed over to relevant countries. On 23 January 2024, 1,002 male and 36 female Chinese, totalling 1,038 who fled from Pansang, Laukkai, Mongpauk and Mongla regions were handed over to the relevant country under the law.

With regard to AA insurgents, AA insurgents violated the temporary ceasefire agreed with Tatmadaw in 2020 and participated in incidents in Shan State (North) in October 2023. Mainly, it wishes to take arms assistance from its alliances. From the time of Tatmadaw government to date, development tasks are being undertaken in Rakhine State. So, Rakhine State can see unprecedented development at present. At a time when Rakhine State faced impacts of storm Mocha, Tatmadaw and the government made utmost efforts for rehabilitation in Rakhine State. The Senior General himself arrived in Sittway and inspected loss and damage in the natural disaster and mane many measures. The SAC Vice-Chairman and senior military officers were sent to other townships to manage quick rehabilitation tasks. So, these regions regained improvements. Now, all storm-hit areas have greater progress.

*See Page 13*



Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers speech at the NDSC meeting (1/2024).

*From Page 12*

All universities and basic education schools have been opened in Rakhine State 17 days after the storm with the largest enrolment rate.

However, AA insurgents launched its attacks on Donpaik police outpost of border guard police force in Rakhine State at 5 am on 13 November 2023. Then, it used drones in attacking two security posts in Paletwa region and then Pauktaw. At present, AA is attacking in some regions of northern Rakhine State. Local Rakhine ethnics are suffering impacts of the acts of AA insurgents which commit instability in the region.

It is the time of the year when students from basic education schools and universities are studying for the 2023-2024 academic year and a total of 573,000 basic education students in Rakhine State were going to school when the academic year started. At present, only 279,392 students are attending classes due to the intimidation of terrorist insurgents. As 48.76 percent of the students have failed to attend classes, the destructive effects of the insurgents have affected the future of the local national race residents. It can be seen that the AA insurgent group has been exploiting their Rakhine people by recruiting under-aged students, intimidating them with weapons and instigating racial hatred against other ethnic groups with the only aim of seizing power. Only when everlasting peace is restored in Rakhine State, can better future lives be handed down to new generations and the state achieve development, the Tatmadaw has been taking measures for stability of the state and local residents of Rakhine State are required to cooperate in the efforts.

It can be seen that the CNF, one of the signatories to the NCA, joined the so-called CDF terrorist groups and carried out the acts of terror. The Tatmadaw launched operations against the CNF/CDF and has managed to recapture Thantalan occupied by the terrorist insurgent since 29 October, 2023. The terrorist insurgents attacked Rikhawda town in Hpalam township and Lailenpi town and Rezua town in Matupi township and currently, the insurgents have caused instabilities in Teddim town, Kanpetlet town and Kyindwe town and other areas in Chin State.

In connection with the KNPP/KNDF, the insurgents have launched massive attacks on Loikaw in Kayah State since 11 November, 2023. Thanks to local residents who are not in favour of terrorism, the Tatmadaw managed to defeat so many KNPP/KNDF insurgents. It was also found that the KNPP/KNDF had to try to hoard weapons and ammunition to launch such attacks. Their weapons were seized at Sawtar Village in Mongpyin Village-tract in Hopone Township on 17 December, 2022, at Panmont Village in Panglong town on 16 November, 2023, and Sanphu Village in Panglong town on 20 January, 2024, totalling 1,133 small weapons, 10 RPGs, more than 100,000 rounds of ammunition, more than 7,600 grenades, six 107 mm electric missiles and accessories in the three seizures and their weapons and ammunition were seized from their ethnic alliances.

As such smuggling of weapons and ammunition to Kahay State through various ways and means were uncovered, the act of terror of the KNPP/KNDF and so-called PDF terrorists, that are carrying out terror acts in Kayah State, could be prevented to some extent. The existence of disloyal ethnic armed groups, that are instigating conflicts and destroying the country, is very dangerous for the country at a time when a union based on democracy and federalism is being built.

As for the KNU insurgents, it has not only supported the opposition but also launched attacks on small outposts in Myawaddy and Kawkareik towns based on political developments in 2021 and launched a massive attack on a Tatmadaw outpost on 24 November, 2023. It was also found that they also attacked and destroyed the Chaunghnakya bridge in Kyaikmaraw Township on 27 November, 2023. As the insurgent group and so-called PDF terrorist came to attack eight places in Kawkareik town at 3 am on 1 December, 2023, the Tatmadaw had to push back them.

As evidence has shown that the KNU insurgent group committed not only acts of terror through various ways and means but also online scams and online gambling at the Thai-Myanmar border as well as trafficking in person giving excuse to ideological differences, measures are being taken to take action to arrest them in cooperation with the neighbouring country for the rule of law. As the KNU insurgent group has launched battles to hinder the socioeconomic development of local residents in Kayin State, the Tatmadaw has taken measures to restore local stability.

Attacks of the so-called PDG terrorists committed acts of terror killed a total of 520 people including three monks, 438 innocent people and 79 public staff during the six-month period from 1 August, 2023 to 29 January, 2024. As for terrorist destruction, public facilities including 11 communication towers, 97 roads, bridges and toll gates, six health facilities, 13 schools and education facilities were destroyed during the period. So-called PDR terrorists' acts of terror killed 6,880 people including 77 monks/nuns, 5,677 innocent people and 1,124 public staff and destroyed 559 electric/communication towers, 53 public health facilities, 66 religious edifices. 1,407 roads, bridges/toll gates, 670 schools/education facilities and many residential buildings during the period from 1 January, 2021 to 29 January, 2024. Moreover, they made 413 rude intimidations against education staff. At about 5.50 pm on 13 November, 2023, the so-called KNPP insurgent and so-called PDF terrorists attacked Loikaw University intentionally and forcefully abducted faulty members and student who were studying there.

It was found that the insurgent and terrorist groups are instigating instabilities and taking advantage of the situation, they are carrying out drug trafficking. As drug trafficking encourages money laundering, arm smuggling and terrorism, it is a challenge to stability in the country. As chemicals and precursor materials used in manufacturing narcotic drugs can be produced in the country, the insurgents are smuggling them into the country through various ways and means.

In connection with the seizure of chemical and precursor materials, during the six-month period from 1 August to 29 January 2024, 3272 cases of drug smuggling including seizure of 1.1 ton of heroine, 117 million stimulant tablets and more than 14.655 tons of ice worth MMK 781.02 billion were uncovered and 4,373 males/females were arrested. During the period from 1 February to 29 January, 2024, more than 6.05 tons of heroine and more than 629 million of stimulant tablets and 53 tons of ice worth more than MMK 3,354 billion were seized in Myanmar in cases involving 29,486 people.

During the period from 3 to 9 December, the seizure of narcotic drugs from the AA insurgent group amounted to MMK 51.87 billion worth of ice (Methamphetamine) and 800 kilograms of restricted chemicals and the drug smuggling insurgent members were arrested.

Looking at the narcotic drug production in Myanmar in successive eras, it was found that poppy was cultivated and opium was produced in remote areas, which were inaccessible in terms of administration and transportation and were underdeveloped and lacking in security and stability. After regaining independence, the cultivation of poppy was accelerated in Shan State after Myanmar was trespassed by the Kuomintang. Then, the cultivation of poppy and production of drugs was expanded by the Burma Communist Party and other insurgent groups that emerged later for their survival and Shan state has become notorious for production of the largest amount of opium in the world.

Opium poppy was cultivated mostly in Shan State and it has become the narcotic hub and as the land routes to smuggle narcotic drugs from the region to other places due to strict inspection, maritime routes were used for the purpose, according to the annual report of the UNDOC for 2023. The UNODC, in cooperation with the Myanmar Narcotic Drug and Stimulant Tablets Prevention Central Committee, surveyed the poppy cultivation and opium production and it was found that opium poppy cultivation dropped year by year but in the UNODC annual report for 2023 reported that 40,100 hectares of opium poppy was cultivated in Myanmar in 2022 and the opium poppy cultivation acreage of Myanmar increased 33 percent, compared with the total opium poppy cultivation acreage of Myanmar of 30200 hectares in 2022. As a result, it is necessary to continue to investigate, survey and destroy the poppy fields by effective trilateral cooperation among China, Thailand and Myanmar.

Myanmar has been carrying out anti-narcotic drug tasks as a national responsibility and is cooperating with neighbouring countries, members of the ASEAN, Mekong countries, the BIMSTEC and international anti-narcotic drug organizations including the UN. Combat against narcotic drugs will be successful only when the efforts will be made as a national responsibility by all countries as much as possible in terms of intellectual and physical strengths.

Since the terrorist insurgents are attacking from all sides to destabilize the country, measures are being taken to increase the public defense and security system, including the local militias. The goals set by the SAC will be able to move forward with a firm democratic system only when the country is stable and peaceful. Thus, those aims and objectives will go as they are. For the stability of the country, not only the security forces, but also the entire public need to prevent terrorist attacks. Regarding the public security system, at the moment, we are **planning to do it according to the relevant area, and we are working together with the public to provide full security according to the region. Through that, we will have to go to the public defense system.** The important thing is to give information about the opposition groups that exist in the relevant regions. The informant also needs to be given special confidentiality. When doing this, it is **necessary for all ethnic people who are patriotic, love the country and are willing to develop the nation to join together.** As there are attempts to not only harm the country's peace3 and stability but also to insult the race and religion, the SAC will use all possible means to restore the State to full peace and stability.

*See Page 14*

*From Page 13*

Regarding the education sector, in the 2023-2024 academic year, there were 8,108,227 students enrolled in basic education schools throughout the country, and only 6,767,763 are currently attending school, so it has been found that there are 1,340,464 people who fail to attend school for various reasons. The percentage is 16.53 percent. Looking back at the failed areas, that has happened in some areas of Kayin State and Chin State, Kayah State, Rakhine State and Shan State (North). It is clear that the fighting is the result of the lack of stability. As for the universities, there were 112,968 students attending when they opened in the 2023-2024 academic year, and 86,687 students are currently studying peacefully, so there are 26,281 absentees. The percentage is 23.3%. Loikaw University is unable to attend 100%. **Chin State, Rakhine State and Shan State (Northern) universities have the highest percentage of absenteeism.** There are also students who are transferring to universities in other regions and states. **The actions of the terrorist insurgents directly affect the education of the youth, who are the future human resources of the nation. This action is very worrying for the future of the nation, so the entire public and all international organizations must oppose it.**

**Because our country is moving towards a multi-party democratic system, there should be no more political, racial or religious differences. Efforts are being made to reach the path of democracy and parliament peacefully.** The NCA was ceremonially signed on October 15, 2025 in the presence of the government, Parliament, the Tatmadaw and ethnic armed organizations, including international witnesses, such as the United Nations. It is a historic contract approved by the Union Parliament as the Union Accord, so it will never be void.

The 8th anniversary of the Nationwide Ceasefire Agreement (NCA) which fell on October 15, 2023 was also attended by a wide range of stakeholders from home and abroad. It was successfully held in a meaningful way.

During the meetings with both NCA signatories and non-signatories, I repeatedly told them to ask for their demands only in the parliament through the peace table because, otherwise, it would be a deviation from the democratic system. Some groups of the KNU that favour violence among the ethnic armed groups that have signed the NCA, and the KIA among the 11 armed groups that have not yet signed the NCA, SSPP/SSA and KNPP insurgent groups have encouraged and supported terrorists named PDF and made them carry out terrorist activities all over the country.

Since its inception, the SAC has adopted 2 political goals: the strengthening of a genuine and disciplined multi-party democratic system and the establishment of a union based on democracy and federalism. The participation of every citizen is important for the successful implementation of these 2 political goals. **Anyone or any organization must avoid activities that may deviate from the democratic path, and must respect and obey the existing laws in accordance with the Constitution.** In building a union based on democracy and a federal system, which is the wish of all ethnic people, a system that is compatible with the country must be chosen. In Myanmar, there is no region or state where only an ethnic group lives. People of all ethnicities are living there. Therefore, **in terms of politics, a multi-party democratic system will be used, and in terms of administration, we are working to implement a union system based on democracy and federalism.** In the 2008 Constitution, regarding the federal authority, the federal level in the table (1, 2, 3, 5), the region level, the state level and every self-governing have already been prescribed.

The Tatmadaw enacted the constitution in accordance with the will of the people through a national referendum. It has been enacted since 2008, and we have said many times that we agree that the provisions that should be amended will be amended to suit the current situation. Many points could be corrected during the previous government, but there are still points that cannot be confirmed because the people's referendum has not been held yet. Chapter (12) of the constitution contains provisions on how to amend it, so they must act in accordance with the constitution. The amendment of the constitution can only be done through the parliament. Therefore, I would like to **say that we will be able to hold a multi-party democratic general election according to the previous procedures established by our government. And through parliament, we must amend the provisions that are inconsistent with the current system.** The ethnic armed groups that have signed the NCA also need to participate in the mandatory elections to strengthen the country's democratic system.

The Myanmar Tatmadaw is an organization that has led the development of the multi-party democratic system aspired by the people, and it is also an organization that is working to strengthen the country's democratic system. In practicing a multi-party democratic system, free and fair elections are the lifeblood of this system, so only free and fair elections will show the true will of the people. Only when an election is free and fair, will the true will of the people be reflected and the democratic system will be meaningful. In the multi-party democratic general election of 2020, the previous NLD party acted in a disorganized manner, causing a black spot for the country. It is therefore necessary to strengthen the multi-party democratic system full of genuine discipline to prevent such incidents from happening again.

Since it is important to have multi-party participation in the election, the Union Election Commission met with the political parties four times and agreed to use the Closed List-PR system instead of the First Past the Post FPTP system, which is suitable and simple for Myanmar, in order to prevent the lost votes that occurred in the previous elections. Coordinated measures are also being taken to amend and publish the relevant parliamentary election laws and bylaws that are consistent with the proportional representation system. As political parties must take the lead in carrying out national duties, a new Political Parties Registration Law and rules were passed to make them stronger. New regulations have been promulgated. There have been 50 parties that applied for re-registration in accordance with the rules and 15 new parties that applied for the right to establish totalling 65 parties.

In order to have the right to vote without a gap between the whole country, the information on the basis of the ballot must be compiled correctly. Only if the basic information is correct will the ballots be correct. There are 40 political parties that have not applied for re-registration in accordance with the law, and these political parties are automatically void as political parties according to Section 25 of the Political Parties Registration Law. Out of the 65 political parties that applied for re-registration and newly established registration, the Union Election Commission allowed 47 political parties to register, and 2 political parties were canceled in accordance with the law, so there are currently 45 existing political parties.

On January 6, 2024, he met with chairpersons, vice chairpersons and officials of the political parties that have already been allowed to be registered and openly discussed the current political situation in the state, the situation in which the terrorist attacks of some ethnic armed groups which have been widely depicted, the conditions of terrorists' acts carried out by PDF terrorists, the conditions of the government's economic and social sector development, the conditions of the election and the participating parties also presented their views on the current situation in the country and discussed the party's difficulties. They all agreed to make an all-out effort to hold the election successfully. A law has been issued to amend the provisions of the Political Parties Registration Law. Article 429 of the 2008 Constitution also states that "The National Defense and Security Council shall hold a general election in accordance with the provisions of the Constitution within six months from the date of announcing the cancellation of the order under Article 426." Therefore, we will make efforts to hold the multi-party general election according to the number five of the five-point roadmap set by the State Administration Council.

The ultimate goal of the State Administration Council is to hold a free and fair multi-party democratic general election. Although it will be difficult to successfully hold the election, we will do everything we can to ensure that the people do not lose their right to vote, and we will make efforts to have an orderly general election.

Since the Hluttaw is the highest political body in a democratic system, all ethnic groups will be able to participate in the Hluttaw to claim their local rights in accordance with the law. According to the constitution, the President of the country is elected by the Union Hluttaw, and the Chief Ministers of the regions and states are elected by the respective regions and states. It is mandatory to select the designated representatives to be able to attend the meeting in order to make it a dignified meeting. Only if the relevant regional parties are included in these parliaments, they will be represented in the parliament, and they will be allowed to say what they want to happen with the voice of the people. About 28 percent of the country's population lives in cities and 72 percent lives in rural areas. In some states and regions, the gap is greater than the current ratio. Therefore, we must not only look at the will of the city but also consider the voting rights of the rural people. Therefore, regional stability and peace are being taken seriously in Sagaing Region, Kayah, Chin and Rakhine states, which currently lacks stability and peace, and preliminary preparations are being made for the election. We cannot leave out any region or state to hold elections as there is no peace. The elections need to make to hold the Hluttaw meetings that he presented above. If this is left, democracy will die out in the region. Dictatorship and warlord systems will enter. The local ethnic people will suffer. Therefore, if we really want a democratic system, we must try to hold free and fair elections, and political parties need to help all round.

In order to have the right to vote without a gap between the whole country, the information on the basis of the ballot must be compiled correctly. Only if the basic information is correct will the ballots be correct. It is necessary to correct the ballot as much as possible to avoid the same situation that was stigmatized due to the wrong ballot in the 2018 general election. Therefore, the national census will be conducted in 2024. In October, 2023, preliminary work was done in 100 polling stations in 20 townships to be able to successfully collect and prepare for the difficulties that may be encountered in enumeration. Based on the population collected from the population and household census 2014, the estimated population of Myanmar on October 1, 2023 is 56.2 million. Only after the national census is conducted, the population list will be released and the voting lists will be compiled. Only if the census can be fully collected, the correct ballots will be obtained and the election can be held correctly.

The Union Election Commission has made clarifications and practical demonstration test voting using Myanmar Electronic Voting Machine for voters to vote clearly and easily, to have the correct vote results, to have no rejected ballots, ***See Page 15***

*From Page 14*

to have electoral fraud and ensure transparency. The practical demonstration test voting is being conducted in the central level organizations, ministries, Nay Pyi Taw Council, A total of 42 groups of Nay Pyi Taw municipalities and universities in Nay Pyi Taw. It has been implemented in 8 townships in Nay Pyi Taw of the Union Territory and all the townships in Yangon Region, and continues to be implemented in the townships in Mandalay Region.

The State Administration Council is fulfilling the country's responsibility in accordance with the constitution to strengthen the path of the country's democratic system. According to Article 425 of the Constitution, a 6-month extension of state of emergency can normally be granted twice, but the country's rule of law is lacking and the socio-economic lives of the local ethnic people are being lost due to the armed conflict in northern Shan State, some areas of Sagaing Region, Chin State and Kayah State. Taking advantage of this situation, terrorists named NUG and PDF are carrying out terrorist attacks all over the country, as well as terrorizing the public, so it is necessary to restore the rule of law and peace in the country. It is obvious that this is not a normal situation. As some of the ethnic armed groups are fighting to prevent the rule of law in the border areas, as we see that they are cooperating with online fraud groups and it is necessary to coordinate with the relevant countries until online frauds are eradicated by ensuring the stability of the border area, security and law and order. In order to be able to carry out the above activities effectively, we are already working to improve the public security system to develop a public defense system that includes all the people. He also urged the members of the National Defense and Security Council, who attended, to work together to make the country a stable and peaceful country with rule of law. As we will be moving towards a multi-party democratic system, there is a need for the parties applying for registration to build strength and organize in order to provide party registration rights in accordance with the regulations set by the Union Election Commission to comply with the law. It is necessary to work together to successfully hold a multi-party democratic general election.

We are the government that had to assume the national responsibility due to electoral fraud in the 2020 general election. "The multi-party democratic system full of genuine discipline" which the people longed for, was kept unshakable. Since the beginning of the government's duties, up until today, in every process, the organizing of "free and fair multi-party democratic general election" has always been included. Opposing organizations turn a blind eye to the multi-party democratic system that is pro-people and make the country unstable. It can be seen that people's socio-economic life is ruined by putting their foolish egos in the forefront and shaping the path of violence every day. If the normal situation arrives, they are especially worried that their terrorist plans to take the power of the country by arbitrary means will fail. Therefore, we must make efforts to hold multi-party elections in the country. We will try to deal with the difficulties and challenges that are being created to prevent such an election from happening. We will continue to strive to fully enjoy peace and stability and the rights of democracy for every citizen in accordance with the rules and regulations.

The brave and daring actions of the military personnel, police and militia organizations, who are protecting the destructive activities that are currently undermining the stability and security of the country, are historical actions. More support will be given to them. Likewise, they recognized the public's willingness to cooperate and reduce their security concerns, which will be properly handled in accordance with the law.

At present, there are many requirements to be a free and fair general election under the law as a foundation of democratic system and to enable the people to express their aspirations freely. It is necessary to create the peaceful and stable situation as well as an ordinary sitation. Under Section 425 of the Constitution, as it is not usual sitiation, it needs to extend six more months to serve the responsiblities under the Constitution for sustaining the processes in mometum.

Then, with regard to the discussion of the Senior General, Vice President U Henry Van Thio said he agreed to submission of the Senior General.

Speaker of Pyithu Hluttaw U T Khun Myat said that the explanation of the Senior General is in conformity with the reason and legal affaris. So, he agreed to extend six more months of the State of Emergency under the Section 425 of the Constitution.

Next, the Vice-Senior General discussed that he firstly agreed to the clarification of the Senior General for extending six-month period of serving the responsibilities under the Constitution. First, it is necessary to continue taking security measures for ensuring peace and stability of the State and strengthening of socioeconomic life of the people, and an emphasis must be placed on peace and stability as well as rule of law. Secondly, it is necessary to successfully hold the multiparty democratic general election the ultimatum vision of the SAC. So, it needs to enumerate the census for correctness of voter lists. The correct statistics can contribute to correct voter lists. As such, processes must be done step by step. Hence, as such two points must be implemented, he agreed to the submission of the Senior General to extend the six more months of the State of Emergency.

Union Minister for Defence Admiral Tin Aung San said that as building the Union is being speeded up for strengthening of the genuine disciplined multi-party democratic system and building of the union based on democratic and federal systems, the ceasefire of the whole nation is being implemented. But, some armed ethnic armed organizations taking advantage of NCA build the strength and commit destructive acts and terrorism. So, it encroaches on sovereignty of the State. As such, he agreed to extend six more months of the State of Emergency for implementing the five-point roadmap of SAC and holding the free and fair election in peace and stability of the State upholding Our Three Main National Causes.

Union Minister for Home Affairs Lt-Gen Yar Pyae said that he agreed to extend six more months of the State of Emergency as the terrorism, unusual situation happened for peace, stability and rule of law happening from 1 February 2023 to the whole 2023

Union Minister for Foreign Affairs U Than Shwe also agreed to extend six more months of the State of Emergency due to needs of political, economic and social development undertakings of the SAC government to the international community.

Union Minister for Border Affairs Lt-Gen Tun Tun Naung discussed he agreed to extend six more months of the State of Emergency for soonest stability of the unusual situation of the State and successful implementation of the five-point roadmap of the SAC under the Section 425 of the Constitution.

In his speech, the Senior General said that he discussed the situations in six-month period. The country is on the path of democracy the people chose and it is being undertaken under the constitution. The Constitution (2008) was approved with the voting of the people. But, the Tatmadaw agreed to amend some necessary points. Some EAOs are committing drug production and trafficking in their areas where peace and stability and rule of law cannot be forged. Tatmadaw is emphasizing the peace and stability of the State. Capacity of Tatmadaw members and police members will be enhanced.

Some political parties and ethnic organizations talked about Public security system. It is necessary to implement the national military service system to defend the people in the areas of EAOs and some areas without stability. So, an emphasis is being implemented for public security system. So, security information system is being implemented in wards and towns so as to implement the public defence system.

With regard to international relations, the government is enhancing the relations with neighbouring countries and all countries. Myanmar cooperates with all countries wishing to cooperate with Myanmar. So, the government is following the foreign policies of the constitution.

Myanmar is not in usual situation. Efforts must be made for reach the situation before 1 February 2021. Such situation was destroyed by unrests and then armed terrorism. So, a free and fair election must be held to reach such situations. It mustbe dignified election and Hluttaw meetings. MP of relevant Hluttaws must be larger than the Tatmadaw member Hluttaw representatives. if so, the election will be dignified. It needs to have check and balance in Hluttaws for members of the NDSC to know it.

With regard to submission, the Pro Tem President said that it needs to extend six more months for serving the responsibilties under the Constitution according to the council members. At present, he agreed to extend six more months for serving the duties to implement terrorism process of the State and to address unusual situations. As such submission of the Senior General, he seemed to successfully implement the process to shape the good future of the State. If necessary, more term should be extended depending on the results of efforts within six months period. So, according to agreements of all council members at the meeting, the six-month period was extended for the State of Emergency of the whole nation was declared to the National Defence and Security Council, and the meeting 1/2024 was concluded.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**စာမျက်နှာ ၁၇ မှအဆက်**

လုပ်ဆောင်နေသည့်အတွက် အဆိုပါဒဏ်ကို ဒေသခံရခိုင်တိုင်းရင်းသားအများစုသာ အဓိကခံစားနေကြရပါကြောင်း၊ ယခုအချိန်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပညာသင်ကြားနေသည့်အချိန်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်စတင်ချိန်တွင် အခြေခံပညာကျောင်းသားဦးရေ ၅၇၃၀၀၀(ငါးသိန်းခုနစ်သောင်းသုံးထောင်)တက်ရောက်ခဲ့ပြီး ယခုအချိန်တွင် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် အခြေခံပညာကျောင်းများတွင် ၂၇၉၃၉၂ ဦး (နှစ်သိန်းခုနစ်သောင်းကိုးထောင်ကျော်)သာ ကျောင်းတက်လျက်ရှိပါကြောင်း၊ ၄၈ ဒသမ ၇၆ ရာခိုင်နှုန်းကျော်ပျက်ကွက်မှုဖြစ်ခြင်းကြောင့် AA သောင်းကျန်းသူအဖွဲ့၏ဆိုးကျိုးကို ဒေသခံတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ထိခိုက်သည်ထိ ခံစားနေကြရပါကြောင်း၊ AA **သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့၏ ရခိုင်တိုင်းရင်းသားများကိုပါ သူတို့အာဏာရရှိရေးတစ်ခုတည်းအတွက်ဖြင့် အရွယ်မရောက်သေးသည့် ကျောင်းသားအရွယ်များကို လက်နက်နှင့်အကြောက်တရားဖန်တီးပြီး လူသစ်စုဆောင်းခြင်းများနှင့် အခြားတိုင်းရင်းသားများအပေါ်လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်နေသည်ကိုလည်းတွေ့ရ**ပါကြောင်း၊ **ရခိုင်ပြည်နယ်တွင် ထာဝရငြိမ်းချမ်းရေးဆောင်ရွက်နိုင်မှသာ ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ **ရခိုင်ဒေသရှိ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန်လို**အပ်ပါကြောင်း။

NCA လက်မှတ်ရေးထိုးခဲ့သည့် EAO အဖွဲ့တစ်ခုဖြစ်သည့် CNF သောင်းကျန်းသူအဖွဲ့သည် CDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်ပေါင်းပြီး ချင်းပြည်နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် CNF/CDF အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်နေရာယူထားသည့် ထန်တလန်မြို့ကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ CNF/CDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းတွင်လည်း ချင်းပြည်နယ်ဖလမ်းမြို့နယ်တွင်ရှိသည့် ရိဒ်ခေါဒါရ်မြို့၊ မတူပီမြို့နယ်တွင်ရှိသည့် လိုင်လင်းပီမြို့နှင့် ရေဇွာမြို့တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်များရှိပါကြောင်း၊ လက်ရှိအချိန်တွင်လည်း CNF သောင်းကျန်းသူများအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့၊ ကန်ပက်လက်မြို့နယ် ကျင်ဒွေးမြို့နှင့် ဒေသအတွင်း နယ်မြေတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍လည်း **KNPP/KNDF သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစပြီး ကယားပြည်နယ် လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများရှိ**ပါကြောင်း၊ ထိုသို့ **အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူလူထု၏ သတင်းပေးမှုများကြောင့်လည်း KNPP/ KNDF သောင်းကျန်းသူအဖွဲ့ဝင်အများအပြားကို တပ်မတော်အနေဖြင့် ချေမှုန်းနိုင်ခဲ့**ပါကြောင်း၊ **KNPP/KNDF သောင်းကျန်းသူအဖွဲ့အနေဖြင့် ထိုသို့တိုက်ခိုက်နိုင်ရန်အတွက် လက်နက်၊ ခဲယမ်းများကို ကြိုတင်စုဆောင်းရန်ကြိုးစားခဲ့သည်ကိုလည်း တွေ့ရှိရ**ပါကြောင်း၊၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တာကျေးရွာတွင် ၎င်းတို့လက်နက်များ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ **၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ပင်လုံမြို့ ပန်မုန့်ကျေးရွာတွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဟိုပုံးမြို့နယ် ဖဲ့မူးကျေးရွာတွင်တစ်ကြိမ် စုစုပေါင်း သုံးကြိမ်အတွင်း လက်နက်ငယ်မျိုးစုံ ၁၁၃၃ လက်၊ RPG ၁၀ လက်၊ ကျည် မျိုးစုံ တစ်သိန်းကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ ၁၀၇ မမ ရော့ကက်ဒုံး ခြောက်လုံးနှင့်အခြားသော လက်နက်၊ ခဲယမ်း ဆက်စပ်ပစ္စည်းများစွာကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အဆိုပါလက်နက်ခဲယမ်းများသည် ၎င်းတို့၏မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ ရရှိခြင်းဖြစ်**ပါကြောင်း။

ထိုသို့ **ကယားပြည်နယ်အတွင်းသို့ လက်နက်၊ခဲယမ်းများ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပို့ဆောင်လျက်ရှိသည်ကို ဖော်ထုတ်ဖမ်းဆီးရမိမှုများရှိခဲ့ခြင်းကြောင့် ကယားပြည်နယ်အတွင်းတွင် အကြမ်းဖက်မှုများလုပ်ဆောင်နေသည့် KNPP/KNDF သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုထိဟန့်တားနိုင်ခဲ့ခြင်းဖြစ်**ပါကြောင်း၊ **နိုင်ငံတော်ကြီးကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နေချိန်တွင် ပဋိပက္ခများပိုမိုကြီးမားအောင်၊ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်းလုပ်နေကြသည့် သစ္စာမဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေခြင်းသည် တိုင်းပြည်အတွက်အန္တရာယ်ကြီးမား**ပါကြောင်း။

KNU သောင်းကျန်းသူအဖွဲ့နှင့်ပတ်သက်၍လည်း KNU **သောင်းကျန်းသူအဖွဲ့သည် ၂၀၂၁ ခုနှစ်နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြုပြီး PDF များကို လေ့ကျင့်ထောက်ပံ့ပေးမှုများပြုလုပ်သည့်အပြင် တပ်မတော်တပ်စခန်းငယ်များ၊ မြဝတီမြို့နှင့် ကော့ကရိတ်မြို့များကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တပ်မတော်စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများရှိ**ပါကြောင်း၊၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်တွင်ရှိသည့် ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကိုလည်းတွေ့ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက် နံနက် ၃ နာရီတွင်လည်း KNU သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကော့ကရိတ်မြို့၏ ရစ်နေရာကိုထပ်မံလာရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ပါကြောင်း၊ KNU **သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကိုအကြောင်းပြပြီး ဒေသအတွင်းအကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံနှင့် လုပ်ဆောင်နေသည့်အပြင် ထိုင်း-မြန်မာနယ်စပ်မြဝတီမြို့အနီးတွင် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများအပြင် လူမှောင်ခိုမှုများအထိလုပ်ဆောင်နေသည်ကို အထောက်အထားများနှင့်တွေ့ရှိရခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများကိုလုပ်ဆောင်ပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း၊ KNU **သောင်းကျန်းသူအဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်နေမှုအခြေအနေကောင်းများရပ်တန့်စေရန်အတွက် တိုက်ပွဲများဖော်ဆောင်လျက်ရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိအောင်ဆောင်ရွက်လျက်ရှိ**ပါကြောင်း။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့်၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်ထိ ခြောက်လတာကာလအတွင်း နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း၊သံဃာပုံလွန် သုံးပါး၊ အပြစ်မဲ့ပြည်သူသေဆုံး ၄၃၈ ဦး၊ နိုင်ငံ့ဝန်ထမ်းသေဆုံး ၇၉ ဦး၊ စုစုပေါင်းသေဆုံးဦးရေ ၅၂၀ ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် လျှပ်စစ်ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ လမ်းတံတား၊ တိုးဂိတ်အဆောက်အအုံ ၉၇ ခု၊ ကျန်းမာရေးအဆောက်အအုံ ခြောက်လုံး၊ စာသင်ကျောင်း၊ ပညာရေးအဆောက်အအုံ ၁၃ လုံးအပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အအုံများ ဖျက်ဆီးခြင်းခံခဲ့ရပါကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့်၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ၁ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်ထိ နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း၊ သံဃာပုံလွန် ၇၇ ပါး၊ သီလရှင်နှစ်ပါးရှိခဲ့ပြီး အပြစ်မဲ့ပြည်သူသေဆုံး ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်းသေဆုံး ၁၁၂၄ ဦး စုစုပေါင်းသေဆုံးဦးရေ ၆၈၈၀ ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် ဆက်သွယ်ရေးလျှပ်စစ်တာဝါတိုင် ၅၅၉ ခုအပါအဝင်ကျန်းမာရေးအဆောက်အအုံ ၅၃ လုံး၊ ဘာသာရေးအဆောက်အအုံ ၆၆ လုံး၊ လမ်းတံတား၊ တိုးဂိတ်အဆောက်အအုံ ၁၄၈၇ ခု၊ စာသင်ကျောင်း၊ ပညာရေးအဆောက်အအုံ ၆၇၀အပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အအုံများ များစွာဖျက်ဆီးခြင်းခံခဲ့ရပါကြောင်း၊ ထို့ပြင် ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများအပေါ် ၄၁၃ ကြိမ်ရှိင်းစိုင်းစွာခြိမ်းခြောက်မှုများလုပ်ဆောင်ခဲ့ပါကြောင်း၊၂၀၂၃ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်း KNPP သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လွိုင်ကော်တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင်တာဝန်ထမ်းဆောင်နေသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါကြောင်း။

**နိုင်ငံတော်ကြီးကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နေချိန်တွင် ပဋိပက္ခများပိုမိုကြီးမားအောင်၊ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း လုပ်နေကြသည့် သစ္စာမဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေခြင်းသည် တိုင်းပြည်အတွက် အန္တရာယ်ကြီးမား . . .**

**မြန်မာနိုင်ငံအတွင်းတွင် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များအနေဖြင့် အခြားနိုင်ငံများမှနည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်လျက်ရှိ . . .**

**သောင်းကျန်းသူအဖွဲ့များနှင့်အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်မှုမရှိအောင်လုပ်ဆောင်ပြီး ၎င်းကိုအခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သည့်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကိုတွေ့ရှိရ**ပါကြောင်း၊ **မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေခြင်းကြောင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ**ပါကြောင်း၊ **မြန်မာနိုင်ငံအတွင်းတွင် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များအနေဖြင့် အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ချိတ်ဆက်သယ်ဆောင်လျက်ရှိ**ပါကြောင်း။

မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိမှုနှင့်ပတ်သက်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်ထိ ခြောက်လတာကာလအတွင်း ဘိန်းဖြူ ၁ ဒသမ ၁ တန်ကျော်၊စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ သန်းကျော်၊အိုက်စ် ၁၄ ဒသမ ၆၆၅ တန်ကျော်အပါအဝင် ဖမ်းဆီးရမိမှုအမှုပေါင်း ၃၂၇၂ မှု၊ တန်ဖိုးငွေကျပ် ၇၈၁ ဒသမ၀၂ ဘီလီယံနှင့် ဖမ်းဆီးရမိသူ ကျား၊ မ စုစုပေါင်း ၄၃၇၃ ဦးရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ၂၉ ရက်ထိ ဘိန်းဖြူ ၆ ဒသမ ၀၅ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား၆၂၉ သန်းကျော်၊ အိုက်စ် ၅၃ တန်ကျော်၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိမှု အမှုပေါင်း၂၁၀၉၈ မှု၊ တန်ဖိုးငွေကျပ် ၃၃၅၄ ဘီလီယံကျော်ဖမ်းဆီးရမိသူ ကျား၊ မစုစုပေါင်း၂၉၄၈၆ ဦးရှိခဲ့ပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်များ၏မူးယစ်ဆေးဝါးသယ်ဆောင်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ သတင်းဆက်စပ်၍ ဖော်ထုတ်ဖမ်းဆီးမှုများအရ ငွေကျပ် ၅၁ ဒသမ ၈၇ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းကီလို ၈၀၀ နှင့်အတူ AA သောင်းကျန်းသူများပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း။

**မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုကြည့်ပါက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများ၊အုပ်ချုပ်မှုအလှမ်းဝေးသည့်နေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့်နေရာများ၊လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည်ကိုတွေ့ရ**ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် တရုတ်ဖြူတို့မြန်မာနိုင်ငံအတွင်းကျူးကျော်ဝင်ရောက်ချိန်မှစပြီး ရှမ်းပြည်နယ်တွင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ ၎င်းနောက် ဗမာပြည်ကွန်မြူနစ်ပါတီကစပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့်သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့ရေရှည်ရပ်တည်နိုင်ရေးအတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှုကို တိုးချဲ့လုပ်ဆောင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်သည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှုအများဆုံးဟူသည့် နာမည်ဆိုးနှင့်ကျော်ကြားသည့် နေရာတစ်ခုဖြစ်ခဲ့ပါကြောင်း။

**ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ရှမ်းပြည်နယ်သည် ဒေသတွင်း၌ မူးယစ်ဆေးဝါးများထွက်ရှိမှု၏ ဗဟိုချက်ဖြစ်ကြောင်းနှင့် အဆိုပါဒေသမှ တရားမဝင်မူးယစ်ဆေးဝါးများကို ကုန်းလမ်းကြောင်းမှ မှောင်ခိုသယ်ဆောင်ခြင်းကို စစ်ဆေးမှုများ ပိုမိုတင်းကျပ်သည့်အတွက် ရေလမ်းကြောင်းမှ လှေများဖြင့် အခြားနိုင်ငံများကို မှောင်ခိုတင်သွင်းလျက်ရှိသည်ကို မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC)၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင်** **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှဆက်**

**ဖော်ပြခဲ့သည်ကိုလည်း တွေ့ရှိရ**ပါကြောင်း၊ UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုး၊ ထုတ်လုပ်မှုကို တိုင်းတာခဲ့ရာ ၂၀၁၂ ဘိန်းစိုက်ရာသီမှစ၍ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ် လျော့ကျလာခဲ့သည်ကို တွေ့ရှိရသော်လည်း UNODC ၏ ၂၀၂၃ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး၊ ထုတ်လုပ်မှုအနေဖြင့် ဟက်တာ ၄၀၁၀၀ စိုက်ပျိုးခဲ့သည်ကို ဖော်ပြခဲ့ပါ ကြောင်း၊၂၀၂၁ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ဟက်တာ ၃၀၂၀၀ စိုက်ပျိုး ခဲ့ခြင်းကြောင့်၂၀၂၂ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုသည် ၃၃ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် **ဘိန်းစိုက်ပျိုးမှုကို တရုတ်၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံအပြင် အခြား နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စုံစမ်းစစ်ဆေးခြင်း တိုင်းတာခြင်းနှင့် ဖျက်ဆီးခြင်းများကို ထိထိရောက်ရောက် ဆက်လက် ဆောင်ရွက်သွားရ မည်ဖြစ်**ပါကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံ များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ် ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ **မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတိုင်းကလည်း အမျိုးသားရေးတာဝန် အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက် မှသာ ပိုမိုအောင်မြင်မည်ဖြစ်**ပါကြောင်း။

**အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်အတွင်းတည်ငြိမ် အေးချမ်းမှုပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်စေရေး ဘက်ပေါင်းစုံမှ တိုက်ခိုက် လျက်ရှိသောကြောင့် ဒေသခံပြည်သူစစ်များအပါအဝင် ပြည်သူ့ကာကွယ် ရေးနှင့် လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိ**ပါ ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဒီမိုကရေစီစနစ်ကိုခိုင်မာစွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ချမှတ်ထားသည့်ရည်မှန်းချက်များ၊ ဦးတည်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း **နိုင်ငံတော် တည်ငြိမ်အေးချမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူ လူထုတစ်ရပ်လုံးကလည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ဝိုင်းဝန်းကာကွယ် တားဆီးပေးရန်လိုအပ်**ပါကြောင်း၊ **ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍ လည်း လက်ရှိအချိန်တွင် သက်ဆိုင်ရာနယ်မြေအလိုက်ဆောင်ရွက်ရန် စီမံလျက်ရှိပြီး ပြည်သူလူထုနှင့်ပူးပေါင်းကာ ဒေသအလိုက်လုံခြုံရေး အပြည့်အဝဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ ထိုမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို သွားရမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ ဒေသအလိုက်ရှိနေသည့် ဆန့်ကျင်ဘက်အဖွဲ့များ၏ သတင်းကိုပေးရန်ဖြစ်ပါကြောင်း၊ သတင်းပေးသူကိုလည်း အထူးလျှို့ဝှက် ပေးရန်လိုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင် **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကြီးကိုဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ တိုင်းရင်းသား ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် လိုအပ်**ပါကြောင်း၊ထိုသို့ **နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရုံသာမက အမျိုး၊ ဘာသာ၊ သာသနာအပေါ်စော်ကားလာကြသောကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရနိုင်သမျှသောနည်းလမ်းမျိုးစုံအသုံးပြု ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အပြည့်အဝပြန်လည်ရရှိအောင် ဆောင်ရွက် သွားမည်ဖြစ်**ပါကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျောင်းများအနေဖြင့် ကျောင်းအပ်နှံသူ ၈၁၀၈၂၂၇ ဦးရှိခဲ့ပြီး ယနေ့အချိန်တွင် ၆၇၆၇၇၆၃ ဦးသာ ကျောင်းတက်

**သောင်းကျန်းသူအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်မှု မရှိအောင် လုပ်ဆောင်ပြီး ၎င်းကိုအခွင့်ကောင်းယူကာ ၎င်းတို့၏ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရ...**

**မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေခြင်းကြောင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ...**

ရောက်လျက်ရှိသောကြောင့် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းတက်ရန် ပျက်ကွက်သူ ၁၃၄၀၄၆၄ ဦးရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ရာခိုင်နှုန်း အားဖြင့် ၁၆ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပျက်ကွက်သည့် ဒေသများကိုပြန်ကြည့်ပါက ကရင်ပြည်နယ်ဒေသအချို့၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တို့တွင်ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊တိုက်ပွဲများဖြစ်ပွားပြီး တည်ငြိမ် အေးချမ်းမှုမရှိခြင်း၏ ရလဒ်များဖြစ်သည်ကို ထင်ရှားစွာသိနိုင်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့်လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ကျောင်းဖွင့်ချိန်တွင် စတင်တက်ရောက်သူ ၁၁၂၉၆၈ ဦးရှိခဲ့ပြီး ယနေ့ အချိန်တွင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသူ ၈၆၆၈၇ ဦးရှိသော ကြောင့် ပျက်ကွက်သူ ၂၆၂၈၁ ဦး ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လှိုင်ကော်တက္ကသိုလ်အနေဖြင့် ၁၀၀ ရာခိုင်နှုန်း တက်ရောက်နိုင်ခြင်းမရှိဘဲ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်ရှိသည့် တက္ကသိုလ်များတွင်လည်း ကျောင်းတက်ရန် ပျက်ကွက်မှု ရာခိုင်နှုန်းအများဆုံးဖြစ်သည်ကို တွေ့ရပါကြောင်း၊ အချို့ ကျောင်းသား၊ ကျောင်းသူများသည် အခြားပြည်နယ်၊ တိုင်းဒေသကြီးရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့ကျောင်းတက်နေခြင်းများလည်းရှိပါကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်သည် နိုင်ငံတော်၏အနာဂတ် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များပညာသင်ကြားရေးကို တိုက်ရိုက်ထိခိုက်စေပါကြောင်း၊ ယင်းလုပ်ရပ်သည် နိုင်ငံတော်၏အနာဂတ် အတွက် စိုးရိမ်ဖွယ်ရာဖြစ်သောကြောင့် ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံ တကာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရမည်ဖြစ်ပါကြောင်း။

**မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိ သောကြောင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာနှင့်ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းအပေါ် ရောက်ရှိနိုင်ရေးကြိုးပမ်းဆောင်ရွက် လျက်ရှိ**ပါကြောင်း၊ NCA **စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကအသိ သက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနား ထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်တစ်ခုဖြစ်**ပါကြောင်း၊ **Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်သောကြောင့် မည်သည့်အချိန်မျှပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့်စာချုပ်ဖြစ်**ပါကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကိုလည်း ပြည်တွင်း၊ပြည်ပမှ သက်ဆိုင်သူ စုံစုံလင်လင်နှင့် လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ အောင်မြင်စွာကျင်းပ နိုင်ခဲ့ပါကြောင်း။

**မိမိအနေဖြင့် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စာချုပ်ကိုလက်မှတ်မရေးထိုးရသေး သောအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချိန်များတွင် ၎င်းတို့၏ လိုလား ချက်များကို လက်နက်ကိုင်ပြီးတောင်းဆိုပါက ဒီမိုကရေစီစနစ်ကို သွေဖည် ရာရောက်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးစားပွဲဝိုင်းမှတစ်ဆင့် လွှတ်တော်၌သာ လိုလားချက်များကိုတောင်းဆိုရန် အကြိမ်ကြိမ်ပြောခဲ့**ပါကြောင်း၊ **NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များအနက် KNU အဖွဲ့မှအကြမ်းဖက်မှုကိုလိုလားသည့် အချို့ အဖွဲ့များနှင့် NCA စာချုပ်ကို လက်မှတ်မထိုးရသေးသည့်လက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့အနက် KIA၊ SSPP/SSA၊ KNPP သောင်းကျန်းသူ အဖွဲ့များအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများကို အားပေး ကူညီခဲ့ပြီး နိုင်ငံတစ်ဝန်းအကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်စေ ခဲ့သည်ကို တွေ့ရ**ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်း က စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက် ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် နိုင်ရေးအတွက် နိုင်ငံသားတိုင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို ဒီမိုကရေစီ လမ်းကြောင်းက သွေဖည်သွားနိုင်သည့်လုပ်ဆောင်ချက်များကို ရှောင်ရှား ကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ **တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင်လည်း ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်တို့နှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံနှင့်သဟဇာတဖြစ်သည့် စနစ်မျိုးကိုရွေးချယ်ဆောင် ရွက်ရမည်ဖြစ်**ပါကြောင်း၊ မြန်မာနိုင်ငံ၏တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသား လူမျိုးတစ်မျိုးတည်းသာနေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ မရှိပါကြောင်း၊ လူမျိုးပေါင်းစုံပျံ့နှံ့နေထိုင်နေကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည် ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုစနစ်ကိုကျင့်သုံးနိုင်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ် ပါကြောင်း၊၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်း ဖက်ဒရယ်ဆိုင် ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁၊၂၊၃၊၅)ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း၊ ဒေသတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း။

**တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ် ခြင်း၊ ၂၀၀၈ ခုနှစ်မှ အတည်ပြုပြဋ္ဌာန်းထားပြီး ခေတ်ကာလအခြေအနေ နှင့်အညီ ပြင်ဆင်သင့်သည်များရှိနိုင်ခြင်းတို့ကြောင့် ပြင်ဆင်သင့်ပြင်ဆင် ထိုက်သည်များ ပြင်ဆင်သွားရမည်ကိုလည်း သဘောတူကြောင်းကို အကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်**ပါကြောင်း၊ ယခင်အစိုးရကာလများအတွင်း၌ အချက်တော်တော်များများကို ပြင်ပေးနိုင်ခဲ့သော်လည်း ပြည်သူလူထု၏ ဆန္ဒခံယူပွဲများ မပြုလုပ်နိုင်သေးသည့်အတွက် အတည်မပြုနိုင်သေးသည့် အချက်များလည်းရှိပါကြောင်း၊ အခြေခံဥပဒေ၏အခန်း(၁၂)တွင် မည်သို့ ပြင်ရမည်ဟူသော ပြဋ္ဌာန်းချက်များပါဝင်သည့်အတွက် အခြေခံဥပဒေနှင့် အညီသာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေး အတွက် လွှတ်တော်လမ်းကြောင်းမှသာ ဆောင်ရွက်နိုင်မည်လည်းဖြစ်ပါ ကြောင်း၊ ထို့ကြောင့်**မိမိတို့အစိုးရကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင် ရေးဆောင်ရွက်ပေးပြီး ဖြစ်ပေါ်လာသည့် လွှတ်တော်များမှတစ်ဆင့် ခေတ်စနစ်နှင့်မကိုက်ညီသည့် အချက်များကို ပြင်ဆင်သွားရမည်**ဖြစ်ကြောင်း ကို တင်ပြလိုပါကြောင်း၊ **NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း နိုင်ငံ၏ဒီမိုကရေစီ စနစ်ခိုင်မြဲစေရေး မဖြစ်မနေဆောင်ရွက်ရမည့် ရွေးကောက်ပွဲကိုပါဝင် ကူညီရန်လိုအပ်**ပါကြောင်း။

**မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်ဖော်ဆောင် ပေးခဲ့သည့်အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ် ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်**ပါကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲသည် ယင်းစနစ်၏ အသက်ပင်ဖြစ်သောကြောင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ပုံပေါ်စေမည်ဖြစ်**ပါကြောင်း၊ **ရွေးကောက်ပွဲတစ်ရပ်သည် လွတ်လပ်၊ သန့်ရှင်း၍ တရားမျှတမှုအပြည့်ရှိမှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်ကိုလည်း ပီပြင်စေ မည်ဖြစ်**ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲတွင် ယခင် NLD ပါတီအနေဖြင့် စည်းကမ်းမဲ့စွာဖြင့်ဆောင်ရွက် ခဲ့သောကြောင့် နိုင်ငံအတွက် အမည်းစက်တစ်ခုဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထိုကဲ့သို့ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနှင့် သင်ခန်းစာယူဆောင်ရွက်သွား ရန်လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲတွင် ပါတီစုံပါဝင်စေရေးသည် အရေးကြီးသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်နိုင်ငံရေးပါတီများ နှင့် လေးကြိမ်တွေ့ဆုံပြီး ယခင်ရွေးကောက်ပွဲများတွင်ဖြစ်ပေါ်ခဲ့သည့် လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေးအတွက် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

မဲများသူအနိုင်ရသည့်စနစ် (First Past The Post)FPTP စနစ်အစား မြန်မာနိုင်ငံနှင့်သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် (Closed List-PR)ကို ပေါင်းစပ်ကျင့်သုံးရန် နိုင်ငံရေးပါတီများက သဘောတူပြီးဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြု စနစ်နှင့်ကိုက်ညီသည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ထုတ်ပြန်ရန် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်တာဝန်ကို ဦးဆောင်ပြီးဆောင်ရွက်ရမည်ဖြစ်သောကြောင့် ခိုင်မာအားကောင်း သည့်အဖွဲ့များဖြစ်စေရေး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အသစ်ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီနှင့် ပါတီအသစ်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၁၅ ပါတီ စုစုပေါင်း ၆၅ ပါတီ ရှိပြီဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီရှိပြီး ၎င်းနိုင်ငံရေးပါတီများသည်မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၅ ပါတီအနက်မှ နိုင်ငံရေးပါတီ ၄၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ နှစ်ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၅ ပါတီရှိပါကြောင်း။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်း မိမိဦးစီးပြီး မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကိုတွေ့ဆုံပြီး နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် လက်ရှိနိုင်ငံရေးပြောင်းလဲခဲ့ရမှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏အကြမ်းဖက်တိုက်ခိုက်မှုများကို ကျယ်ပြန့်စွာ ပုံဖော်လုပ်ဆောင်လာမှုအခြေအနေ၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေမှုအခြေအနေ၊ အစိုးရ၏စီးပွားရေးနှင့်လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲလုပ်ဆောင်မည့်အခြေအနေများကို ပွင့်လင်းစွာချပြခဲ့ပြီး တက်ရောက်လာသည့် ပါတီများကလည်း လက်ရှိနိုင်ငံအတွင်းဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အမြင်များနှင့်ပါတီဆိုင်ရာအခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် အားလုံးကသဘောတူခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေမှ ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၄၂၉ တွင်လည်း **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကိုပယ်ဖျက်ကြောင်းကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမည်"** ဟုဖော်ပြထားပါကြောင်း။ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နံပါတ်(၅)အချက်တွင်ပါသည့် အတိုင်းပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်**ပါကြောင်း၊ **ရွေးကောက်ပွဲ ရာနှုန်းပြည့်ကျင်းပအောင်မြင်ရန်ခက်ခဲသော်လည်း ပြည်သူတို့၏မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး စွမ်းအားရှိသမျှလုပ်ဆောင်သွားမည်ဖြစ်ပြီး စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထု တစ်ရပ်လုံးကလည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ဝိုင်းဝန်းကာကွယ်တားဆီးပေးရန်လိုအပ်. . .**

**ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍လည်း လက်ရှိအချိန်တွင် သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်ရန်စီမံလျက်ရှိပြီး ပြည်သူလူထုနှင့်ပူးပေါင်းကာ ဒေသအလိုက်လုံခြုံရေးအပြည့်အဝ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ. . .**

ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်သောကြောင့် တိုင်းရင်းသားအားလုံးက မိမိတို့ဒေသအခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေး နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပါဝင်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏သမ္မတကို ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လွှတ်တော်များက ရွေးချယ်ပေးရခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေးအထမြောက်ရေးအတွက် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးဖြစ်အောင် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါတီများပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ပြီး ပြည်သူတို့၏အသံနှင့်ဖြစ်စေချင်သည့်အချက်များကို ပြောခွင့်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့လူဦးရေ၏ပျမ်းမျှ ၂၈ ရာခိုင်နှုန်းခန့်သည် မြို့ပေါ်နေပြီး ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေကြပါကြောင်း၊ အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ယခုအချိန်ထက် ပိုကွာဟပါကြောင်း၊ ထို့ကြောင့် မြို့ပေါ်တစ်ခုတည်း၏ ဆန္ဒကိုသာမကြည့်ဘဲ ကျေးလက်နေပြည်သူများ၏ မဲပေးခွင့်ဆန္ဒပြုမှုများကိုလည်း အလေးထားစဉ်းစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လက်ရှိ တည်ငြိမ်အေးချမ်းမှုနည်းပါးနေသည့်စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးအနက်ထား ဆောင်ရွက်နေပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် တိုင်းဒေသကြီး၊ မည်သည့် ပြည်နယ်သည် ငြိမ်းချမ်းမှုမရှိသောကြောင့် ရွေးကောက်ပွဲလုပ်၍မရဟူ၍ ချန်ထားခဲ့၍ မရပါကြောင်း၊ အထက်တွင်မိမိတင်ပြခဲ့သည့် လွှတ်တော်အစည်းအဝေးများအထမြောက်အောင် ရွေးကောက်ပွဲလုပ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ချန်လှပ်ထားခဲ့ပါက ယင်းဒေသတွင် ဒီမိုကရေစီ ဆိတ်သုဉ်းသွားမည်၊အာဏာရှင်စနစ်၊ စစ်ဘုရင်စနစ်များဝင်လာမည်၊ ဒေသခံတိုင်းရင်းသားပြည်သူများ နစ်နာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသည်ဆိုပါက လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို လုပ်နိုင်အောင်ကြိုးစားရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများကလည်း ဝိုင်းဝန်းကူညီပေးရန်လို**ပါကြောင်း။

တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များကို မှန်ကန်စွာပြုစုရမည်ဖြစ်ပါကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာ မဲစာရင်းများလည်း မှန်ကန်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေးအဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့ကြောင့်၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြို့နယ်ပေါင်း၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ ၌ ပဏာမဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် လူဦးရေကိုအခြေခံပြီး ခန့်မှန်းတွက်ချက်ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက် မြန်မာနိုင်ငံရှိ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ၂သန်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်ပြီး မဲစာရင်းများ ပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာ ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော်ရှိ ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်နှင့်တက္ကသိုလ်များစုစုပေါင်း ၄၂ ဖွဲ့၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတို့တွင် ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ဒီမိုကရေစီစနစ်လမ်းကြောင်း မှန်ကန်ခိုင်မာစေရေးအတွက် နိုင်ငံ့တာဝန်ကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အားဖြင့် သက်တမ်းတိုးမှုကို ၆ လ နှစ်ကြိမ်ပေး၍ရသော်လည်း လက်ရှိအချိန်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ၊ စစ်ကိုင်းတိုင်းဒေသအချို့၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုနည်းပါးကာ ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ လူမှုစီးပွားဘဝများဆုံးရှုံးလျက်ရှိပါကြောင်း၊ ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများအပြင် ပြည်သူလူထုကြောက်ရွံ့ထိတ်လန့်အောင် လုပ်ဆောင်လျက်ရှိသောကြောင့် နိုင်ငံအတွင်းတရားဥပဒေစိုးမိုးကာ တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ သာမန်အခြေအနေမဟုတ်သည်မှာ သိသာထင်ရှားပါကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိအောင် တိုက်ပွဲများဖော်ဆောင်မှုနှင့်အတူ Online လိမ်လည်သည့်အဖွဲ့များနှင့် အကျိုးတူပူးပေါင်းလာသည်ကိုတွေ့ရသည့်အတွက် နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိအောင်ဆောင်ရွက်ပြီး Online လိမ်လည်မှုများ အမြစ်ပြတ်သည်အထိ သက်ဆိုင်ရာနိုင်ငံများနှင့်ညှိနှိုင်းပြီး ချေမှုန်းနှိမ်နင်းရန်လိုအပ်**ပါကြောင်း၊ အထက်ပါလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကိုဖော်ဆောင်နိုင်ရေး ပြည်သူ့လုံခြုံရေးစနစ်ကိုမြှင့်တင်ဆောင်ရွက်သွားရန် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုအပြည့်အဝရရှိသည့်နိုင်ငံဖြစ်စေရေး တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဖြစ်သဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်များဆောင်ရွက်ပေးသည့်အတွက် ပါတီများအင်အားတည်ဆောက်ခြင်းနှင့် စည်းရုံးခြင်းများလုပ်ဆောင်ကြရန်လိုအပ်နေပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်ကိုရယူခဲ့ရသည့် အစိုးရဖြစ်ပါကြောင်း၊ ပြည်သူများလိုလားတောင့်တခဲ့သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" မယိမ်းယိုင်အောင် စောင့်ရှောက်ခဲ့ပါကြောင်း၊အစိုးရတာဝန် စတင်ယူစဉ်ကတည်းက ယနေ့တိုင် ရှေ့လုပ်ငန်းစဉ်တိုင်း၌ "လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ"ကျင်းပနိုင်ရေး အမြဲထည့်သွင်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖျက်ဆီးပြီး နိုင်ငံတော်ကြီးမအေးချမ်းအောင်၊ ပြည်သူများ၏လူမှုစီးပွားဘဝပျက်ယွင်းအောင် မိုက်မဲသည့်အတ္တကို ရှေ့တန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်ကို နေ့စဉ်နှင့်အမျှပုံဖော်ဆောင်ရွက်နေကြသည်ကို တွေ့နိုင်**ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပုံမှန်၊ သာမန်အခြေအနေရောက်လာပါက နိုင်ငံတော်အာဏာကို မတရားဖြတ်လမ်းနည်းဖြင့်ရယူမည့် ၎င်းတို့၏ အကြမ်းဖက်အစီအမံများ ကျရှုံးသွားမည်ကို အထူးစိုးရိမ်နေကြပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်းအကြားအလပ်မရှိ ပါတီစုံရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရွေးကောက်ပွဲကြီးမဖြစ်အောင် ဖန်တီးပုံဖော်နေသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်းကြိုးပမ်းပြီး ရင်ဆိုင်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

**နိုင်ငံသားတိုင်း တည်ငြိမ်အေးချမ်းမှု၊** **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

**စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒီမိုကရေစီ၏ အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရအောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

လက်ရှိ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲရဲဝံ့ဝံ့စွန့်စားစွာတာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်ပါကြောင်း၊ ၎င်းတို့ကို ပိုမိုထောက်ပံ့မှု ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူပင် ပြည်သူလူထုအနေဖြင့် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများကိုလျော့ပါးစေလိုသည့်စိတ်နှင့် ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒပြင်းပြလျက်ရှိသည်ကို အသိအမှတ်ပြုသကဲ့သို့ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွတ်လပ်တရားမျှတပြီး ဥပဒေစည်းကမ်းနှင့်ညီညွတ်သည့် အထွေထွေရွေးကောက်ပွဲဖြစ်နိုင်ရေး၊ ပြည်သူအားလုံး မိမိတို့၏ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး လိုအပ်ချက်များစွာရှိနေပါသေးကြောင်း၊ တည်ငြိမ်အေးချမ်းသည့် ပုံမှန်အနေအထား၊ သာမန်အနေအထားရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အခြေအနေ မဟုတ်သောကြောင့် လိုအပ်ချက်နှင့် လုပ်ဆောင်ရမည့်အချက်များကို အချိန်အဟုန်မပျက်ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရေး တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ကဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းတင်ပြဆွေးနွေးချက်များသည် အကြောင်းအခြင်းအရာများအရ သော်လည်းကောင်း၊ ဥပဒေအကြောင်းအရသော်လည်းကောင်း ကျိုးကြောင်းညီညွတ်မှုရှိပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ပေးခြင်းအား ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကိုထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရေးတင်ပြမှုအပေါ် မိမိအနေဖြင့် ထောက်ခံပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝ တိုးတက်ခိုင်မာရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လုံခြုံရေးဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကလိုအပ်ချက်ဖြစ်သည့် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးကိစ္စကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိလာသည့်စာရင်းအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းများ မှန်ကန်မည်ဖြစ်သည့်အတွက် အဆင့်အလိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်ပါအချက်နှစ်ချက်ကို မဖြစ်မနေဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၆ လ သက်တမ်းတိုးမြှင့်ရန် တင်ပြခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA ကို အခွင့်ကောင်းယူ၍ အင်အားစုစည်းတည်ဆောက်မှုများပြုလုပ်ပြီး အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကိုတွေ့မြင်ရပြီး ထိုသို့လုပ်ဆောင်လာခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒုတာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်း၍ လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပနိုင်ရေးတို့အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နောက်ထပ် ခြောက်လသက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့မှုများနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလအား ဆက်လက်သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

၎င်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ၆ လတာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို နိုင်ငံတကာမှသိရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးတိုးတက်လာမှုအခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလအား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် အခြေအနေများအား အမြန်ဆုံးပြန်လည်တည်ငြိမ်စေရေး ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် သဘောတူထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိအနေဖြင့် ၆ လတာကာလအတွင်းဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်သူများ၏ ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ သို့သော် ပြင်ဆင်သင့်သည့်အချက်များကိုပြင်ဆင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ အချို့EAO အဖွဲ့များရှိသည့် နေရာများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများမရှိဘဲ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများနှင့်ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ နိုင်ငံရေးပါတီအချို့နှင့် တိုင်းရင်းသားအဖွဲ့များက ပြောကြားမှုများရှိကြောင်း၊ EAO များရှိနေသည့်နေရာများနှင့် တည်ငြိမ်မှုမရှိသည့်နေရာများ၌ ပြည်သူ့ကာကွယ်ရေးဆောင်ရွက်ရန်အတွက် အမျိုးသားစစ်မှုထမ်းစနစ်ကို လတ်တလောအခြေအနေအရ အကောင်အထည်ဖော်ရန် လိုအပ်မှုများရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်များအလိုက်၊ မြို့ရွာများအလိုက် အဆင့်ဆင့် လုံခြုံရေးဆိုင်ရာ သတင်းပေးမှုစနစ်များကို ဆောင်ရွက်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနှင့် ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊မိမိတို့အနေဖြင့် အခြေခံဥပဒေက ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒများအတိုင်း ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် ပုံမှန်အခြေအနေသို့ပြန်လည်မရောက်ရှိသေးကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပုံမှန်အခြေအနေကို ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကိုလုပ်ဆောင်ခဲ့သူများက ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေအနေသို့ ပြန်လည်ရောက်ရှိရေး လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊**သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်အရေအတွက်သည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန် လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း၌လည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါအချက်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်များသိရှိအောင် ရှင်းလင်းပြောကြားခြင်းဖြစ်ပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ယာယီသမ္မတက ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လသက်တမ်းတိုးမြှင့်ပေးရန် လိုအပ်သည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိနိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် သာမန်မဟုတ်သည့်အခြေအနေဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လသက်တမ်းတိုးမြှင့်ပေးရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး တိုးမြှင့်ရန်သဘောတူပါကြောင်း၊ မိမိအနေဖြင့်လည်း တင်ပြချက်များသည် မှန်ကန်နေသည်ဖြစ်သည့်အတွက် ထိုသို့တာဝန်ထမ်းဆောင်မှုကို ထပ်မံသက်တမ်းတိုးမြှင့်ပေးမှသာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်းတင်ပြမှုတွင်ပါဝင်သည့် တိုင်းပြည်၏ အနာဂတ်ကောင်းကို အောင်အောင်မြင်မြင်ဖြင့် ဆက်လက်ဖန်တီးပုံဖော်နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ ယခုထပ်မံတိုးမြှင့်လိုက်သည့် ၆ လတာကာလသက်တမ်း ဆောင်ရွက်နိုင်သည်မှန်သမျှကို ကြိုးပမ်းဆောင်ရွက်ပြီး ရရှိလာသည့် ရလာဒ်များအပေါ် မူတည်၍ လိုအပ်ပါက ထပ်မံသက်တမ်းတိုးမြှင့်ပေးရမည့် အနေအထားပင်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသည့်မိမိအပါအဝင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ **“နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”**ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ တိုင်းရင်းသား ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန်လိုအပ် . . .**

**နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရုံသာမက အမျိုး၊ ဘာသာ၊ သာသနာအပေါ် စော်ကားလာကြသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရနိုင်သမျှသောနည်းလမ်းမျိုးစုံအသုံးပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အပြည့်အဝပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ် . . .**

# တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၉/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၀/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးကိုကိုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်နယ်ဝန်ကြီးချုပ် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၁/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## ပြည်နယ်ဝန်ကြီးချုပ် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေး ထားသည့် ဦးအောင်ဇော်အေး **အစား** ဦးအောင်အောင်အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၂/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းဝင်း အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၃/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးကျော်မျိုးထွန်းအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၄/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးမျိုးလှိုင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၅/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးထိန်လင်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၁၆/၂၀၂၄)**
၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

## တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်းအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၃ ရက်(စနေနေ့) ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(1) ၌ ခမ်းနားထည်ဝါစွာစီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခွဲမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV Farmers' Channel၊ MRTV Sports Channel၊ MRTV Parliament Channelနှင့် MWD-HD Channel၊ MWD Variety-HD Channel၊ Channel Light Channel၊MWD Education, Knowledge & Sports Channel ၊Golden Land Channel၊ WAF Channel ၊TVM Channelတို့အပြင် Channel-7 ၊ Readers' Channel၊ 5-Plus၊ Channel-9၊ MNTV၊ Myanmar Movies၊ Myanmar Arts Channel၊ Fortune Channel၊ Channel K၊ M Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒုမ္မာ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FMတို့အပြင် MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် Online Media တို့မှ လည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြသနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့်ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရှစ်ဘီလီယံနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေး တိုင်းဒေသကြီးအတွက် နိုင်ငံတော်က ခွဲဝေပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရှစ်ဘီလီယံနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးသိန်းဌေးနှင့် ဝန်ကြီးများက ရှစ်ဘီလီယံထုတ်ပေးခဲ့ပြီး ပြန်လည်ကောက်ခံရရှိမှုနှင့် ဆက်လက်ထုတ်ပေးသွားမည့်အပေါ် သုံးသပ်ဆွေးနွေးအကြံပြုကြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် ငွေများထုတ်ပေးခဲ့မှုပြန်လည်ကောက်ခံရရှိမှုနှင့် ဆက်လက်ထုတ်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် သုံးသပ်ဆွေးနွေး အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဖေဖော်ဝါရီ ၂၉ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**ဗဟိုကော်မတီမှ အသိပေးကြေညာချက်**
**၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်**
**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)**

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဖေဖော်ဝါရီ ၂၉ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်း တစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ သက်တမ်းတစ်နှစ် တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခဲ့ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ကုမ္ပဏီ၊ လုပ်ငန်း ၈၇၉ ခုအနေဖြင့် တစ်ဖက်ပါ အခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း နှစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီးဖြစ်ရပါမည်၊
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအရင်း၊ အတိုးပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူ စာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ**

# လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့မှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့မှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ နယ်မြေခံသင်တန်းကျောင်းခန်းမများ၌ အသီးသီးသွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ယင်းနောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

☐ **ရထားလမ်းချော်မှုဖြစ်ပွားမှ**

ရန်ကုန်မှပုံမှန်ထွက်ခွာလာသော အမှတ်(၁၁) အဆန်လူစီးရထားသည် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာ၌ခေတ္တရပ်နားခဲ့ရပြီး မြန်မာ့မီးရထားက ခရီးသည် ၂၀၈ ဦးကို မော်တော်ယာဉ် ခုနစ်စီးဖြင့် တောင်ငူဘူတာသို့ပို့ဆောင်ပေးခဲ့သည်။ ထို့ပြင် မန္တလေးမှထွက်ခွာလာသည့် အမှတ်(၁၂) အစုန်ရထားသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ငူဘူတာသို့ ရောက်ရှိခဲ့ရာ ညောင်လေးပင်မှ မော်တော်ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်များကို တင်ဆောင်၍ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မန္တလေးဘက်သို့ အမှတ်(၁၁)အဆန်ရထားအဖြစ် ပြန်လည်ထွက်ခွာပို့ဆောင်ပေးခဲ့သည်။ တောင်ငူဘူတာသို့ရောက်ရှိနေသည့် အမှတ်(၁၂)အစုန်ရထားနှင့် အမှတ်(၂)အစုန်ရထားတို့ဖြင့် လိုက်ပါလာသည့်ခရီးသည် ၂၅၂ ဦးကို ညနေ ၄ နာရီတွင် မော်တော်ယာဉ် ရှစ်စီးဖြင့် ညောင်လေးပင်ဘူတာသို့ ပို့ဆောင်ပေးပြီး အဆိုပါဘူတာမှ ရန်ကုန်သို့ အမှတ်(၁၂) အစုန်ရထားဖြင့် ည ၈ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ ခရီးသည်များကို မော်တော်ယာဉ်များဖြင့် ရထားပေါ်သို့ ကူးပြောင်းပို့ဆောင်ခြင်း ပြုလုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ခရီးသည်များအတွက်သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများဝေငှပေးခြင်းများကို မြန်မာ့မီးရထားဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအားမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြန်လည်မွမ်းမံပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။


အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီး ခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လောဘ၏သားကောင်များ

ချစ်သက်(မြန်မာစာ)




(၁)

ဤအိမ်သည် သာယာသောအိမ်ဟု ပြောရလျှင် မမှားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အိမ်၏ခေါင်းရင်းတွင် စိမ်းလန်းစိုပြည်နေသော ကွမ်းခြံ။ အိမ်၏ခြေရင်းတွင် ငှက်ပျောပင်တန်းနှင့် သံပရာပင်တန်းတို့က အိမ်၏အလှကို ပို၍ပေါ်လွင်စေသည်။ အိမ်ခြံဝင်းရှိ သီးပင်စားပင်များက မိသားစုလေးယောက်၏ ဝမ်းရေးကို ဖြေရှင်းပေးလျက်ရှိသည်။ ဤအိမ်၏ ပိုင်ရှင်မှာ အသက်၃၀ခန့်ရှိသော ကိုထူးခန့်ဖြစ်သည်။ ကိုထူးခန့်က သီးပင်စားပင်များကို ကိုယ်တိုင်စိုက်ပျိုးသလို ဇနီးမနှင်းနွယ်မှာလည်း ခြံထွက်အသီးအနှံများကို ဖောက်သည်မပေးဘဲ ကိုယ်တိုင်ဆိုင်ကယ်စီး၍ တစ်ရွာဝင် တစ်ရွာထွက်ရောင်းကာ ဝင်ငွေရှာသည်။ ဝင်ငွေနှင့် ထွက်ငွေကိုမျှတစွာသုံးစွဲတတ်သော အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်သည်။

"ကိုထူးခန့်ရေ သွားဖို့အဆင်သင့်ဖြစ်ပြီလား"

"အိုကေ နွယ်။ ပိုက်ဆံအလုံအလောက်ထည့်ခဲ့နော်"

"စိတ်ချ စိတ်ချ ထည့်ခဲ့ပါ့မယ်"

ကိုထူးခန့်နှင့် မနှင်းနွယ်တို့သည် ကွမ်းရောင်း၍ ရသောငွေဖြင့် သမီးငယ်လေးကို နားကပ်လုပ်ပေးရန် မြို့သို့ တက်ခဲ့ခြင်းဖြစ်သည်။ ကိုထူးခန့်တို့ မိသားစုသည် သမီးလေးမွေးကတည်းက စိုက်ပျိုးရေးမှာ ပို၍ အဆင်ပြေလာသည်။ သီးနှံထွက်ချိန်၊ ရောင်းချိန်များတွင် ဈေးကောင်းရသည်။ ထို့ကြောင့် သမီးလေးမှာ အကျိုးပေးသည်ဟု အစွဲရှိလေသည်။ ယခုလည်း သမီးလေးအတွက် နားကပ်လုပ်ပေးရန် မြို့သို့တက်ပြီး အိမ်တွင် သားကြီးနှင့် သမီးငယ်ကို ထားခဲ့သည်။

(၂)

ရည်မှန်းချက်ကြီးသော ကိုထူးခန့်တို့မိသားစု အလုပ်ကို ပို၍ကြိုးစားသည်။ မနှင်းနွယ်သည် ခြံထွက်သီးနှံများပင် ရောင်းရုံသာမက နံနက်စောစော မြို့ဈေးသို့ တက်ပြီး အသား၊ ငါး၊ ကုန်ခြောက်အားလုံးကို ဝယ်ကာ အနီးအနားရွာများတွင် ပြန်လည်ရောင်းချသည်။ အရောင်းအဝယ်မှာလည်း အဆင်ပြေလှသည်။ ပိုက်ဆံကို ရသလောက် စုတတ်လာသည်။

"နွယ်ရေ ပိုက်ဆံစုထားတာ ဘယ်လောက်ရှိပြီလဲ"

"သိန်း၅၀လောက်ရှိပြီ ကိုထူးခန့်"

"အေး ရွာထဲက ကိုသာအေး သူ့လယ်ကို ရောင်းချင်လို့တဲ့။ တစ်ဧက သိန်း ၅၀ တဲ့ကွာ။ အခုခေတ်ဈေးနဲ့ဆို တန်တယ်ကွ။ ကိုင်းရော လယ်ရော နှစ်သီးစားဆိုတော့ ပိုအဆင်ပြေတာပေါ့။ ကိုသာအေးက သုံးဧကစလုံး အတွဲလိုက်ရောင်းချင်တာ။ ခွဲမရောင်းဘူးတဲ့"

ကိုထူးခန့်သည် ပါးစပ်ကသာ ပြောနေသော်လည်း မိမိတွင်ရှိသော ငွေကြေးပမာဏကို သိပြီးဖြစ်၍ ဖြစ်ချင်သောဆန္ဒကို ဖြည့်ဆည်းရန်ကြိုးစား၍ ငွေစုရုံမှ တစ်ပါး မရှိပေ။

(၃)

မနှင်းနွယ်သည် ကုန်စိမ်းရောင်း၍ ပြန်လာသည်နှင့်တစ်ပြိုင်နက် ထမင်းဟင်းများကို ဖွယ်ဖွယ်ရာရာ ချက်ထား၏။ ငါးပိရည် တို့စရာ စုံလင်လှပေသည်။ မိသားစု လေးယောက်ထမင်းလက်စုံစားကြ၏။ ထမင်းစားနေရင်းပင် မနှင်းနွယ် စကားစလိုက်၏။

"ကိုထူးခန့် ပြောစရာရှိလို့"

"ပြောလေ နွယ်"

"နွယ် အလုပ်တစ်ခု ထပ်လုပ်မလားလို့ တွေးနေတာ"

"ဘာအလုပ်တုံး နွယ်ရဲ့"

"ဈေးရောင်းရင်း ကော်မရှင်စား နှစ်လုံးထီရောင်းမလားလို့ စဉ်းစားနေတာ"

"အဆင်ပြေပါ့မလား နွယ်။ ဥပဒေနဲ့ လွတ်ကင်းတာ မဟုတ်ဘူး။ တော်ကြာ"

ကိုထူးခန့်သည် စကားကို ဆက်မပြောတော့ဘဲ ရပ်လိုက်၏။

"ဒါကြောင့် စမ်းရောင်းကြည့်မလားလို့ ပြောတာပေါ့"

"နွယ် လုပ်ချင်ရင် စမ်းလုပ်ကြည့်လေ"

မနှင်းနွယ်သည် ဈေးရောင်းရင်း နှစ်လုံးထီပါ ရောင်း၏။ ဈေးရောင်းရင်း အသိမိတ်ဆွေများသောကြောင့် နှစ်လုံးထီရောင်းအားကောင်းလာသည်။ ထိုးကြေးပါ တက်လာ၏။ ထိုးကြေးတက်လေ မနှင်းနွယ် ကော်မရှင်ခ ပိုရလေဖြစ်သည်။ တစ်ပတ်တစ်ပတ် ကော်မရှင်ခ နှစ်သိန်း၊ သုံးသိန်းခန့် ရလေသည်။ ထို့ကြောင့်ပင် ဈေးမရောင်းတော့ဘဲ ချ၊ နှစ်လုံးထီကို တစိုက်မက်မက် လုပ်လာလေသည်။ တစ်နွယ်ငင် တစ်စင်ပါဆိုသလို ကိုထူးခန့်ပါ နှစ်လုံးထီရောင်းသည်ထိ ဖြစ်လာလေသည်။

(၄)

"ဒေါ်ညိုမြ"

မနှင်းနွယ်ခေါ်လိုက်သောအသံဖြစ်သည်။ အသက် ၇၀ ခန့်ရှိသော ဒေါ်ညိုမြသည် မနှင်းနွယ်ကို မြင်မြင်ချင်း မျက်စိမျက်နှာပျက်သွား၏။ မနှင်းနွယ်ဘာကြောင့် ခေါ်သည်ကို ဒေါ်ညိုမြသိ၏။

"နှင်းနွယ် ဒီတစ်ပတ်လောက်တော့ စောင့်ပါနော်။ ငါ အဆင်မပြေသေးလို့ပါ။ သားသမီးတွေလဲ မသိစေချင်ဘူး"

"စောင့်နိုင်ပါ့မလား ဒေါ်ညိုမြရယ်။ အခုက သုံးသိန်း၊ လေးသိန်း မဟုတ်ဘူး။ သိန်း ၅၀ ရှင့် ၅၀။ ကျွန်မက ဘယ်ပိုက်ဆံရှိလို့ စိုက်ထားရမှာတုံး။ ကျွန်မဘက်ကိုလဲ ကြည့်အုံး။ ဒေါ်ညိုမြ စလုပ်ကတည်းက ကိုယ့်အတိုင်းအတာနဲ့ လုပ်ပါလို့ ကျွန်မပြောခဲ့တာပဲ။ ဒေါ်ညိုမြ လောဘမသတ်နိုင်ဘဲ လုပ်တာလေ။ ကျွန်မ မထားနိုင်တော့ဘူး။ အခုညနေ အမီပေးပါ။ မပေးလို့ကတော့ ဒေါ်ညိုမြ သားသမီးတွေမကဘဲ တစ်ရွာလုံး၊ တစ်နယ်လုံးသိအောင် လုပ်ပစ်မှာ ဒါပဲ။"

မျက်ရည်များကျလာသော ဒေါ်ညိုမြ။ အရှယ်နှင့် မလိုက်အောင် အလောင်းအစားကို ဝါသနာပါသော ဒေါ်ညိုမြ။ မနှင်းနွယ်၏ စကားလုံးများကို ပြန်ချေပရန် မဖြစ်နိုင်ပေ။ ဒေါ်ညိုမြသည် မနှင်းနွယ်ကို နှစ်လုံးထီ ထိုးကြေး သိန်း ၅၀ ပေးရပေမည်။ နှစ်လုံးထီရောင်းမှ မနှင်းနွယ်တစ်ယောက်လည်း နှုတ်ကြမ်း ကိုယ်ကြမ်း ဖြစ်လာလေသည်။

❖ မနှင်းနွယ်သည် နှစ်လုံးထီရောင်းရင်း နှစ်လုံးထီပါ ထိုးတတ်လာသည်။ တစ်ကွက်၊ နှစ်ကွက်အပြင် ဂဏန်းတစ်လုံးကို မထွက်မချင်း ဆတိုးလိုက်၍ ထိုးလာလေသည်။ ကော်မရှင်စားဘဝမှ ထိုးသားဘဝသို့ ရောက်လာသည်ကို မနှင်းနွယ်တစ်ယောက် မသိခဲ့ချေ။ လိုချင်သော ပိုက်ဆံ၏အရသာကိုသာ တပ်မက်လာသည်။ သည်အကြောင်းအရာကိစ္စများကို ကိုထူးခန့် မသိခဲ့ပေ။ ယခုအခါ ရောင်းလည်းရောင်း၊ ထိုးလည်းထိုး လောဘ၏သားကောင်ဘဝသို့ ရောက်ခဲ့၏။ ထမင်းဟင်းများ မချက်သည့်အပြင် ဖုန်းကိုသာ အမြဲပွတ်နေတတ်သည် ❖

(၅)

"ကိုထူးခန့် ရွာထဲက ဒေါ်ညိုမြကို သိလား"

"သိတယ်လေ နွယ်"

"ပြောသာ ပြောတာ ဒေါ်ညိုမြလို နှစ်လုံးထီထိုးတဲ့သူ သုံးလေးယောက်သာ ရှိရင်သိပ်ကောင်းမှာပဲ"

"ဆိုစမ်းပါအုံး နွယ်ရဲ့"

"နွယ် နှစ်လုံး စရောင်းစကလေ ဒေါ်ညိုမြက ၅၀၊ ၁၀၀ ဖိုးလောက် ထိုးတာ။ တဖြည်းဖြည်းနဲ့ လောဘတက်လာတယ် ထင်ပါရဲ့။ အခုဆို တစ်ကွက် ၁၀၀၀ ဖိုး အနည်းဆုံးပဲ။ လောဘတွေ တက်လာလိုက်တာ လောဘရဲ့သားကောင် ဖြစ်မှန်းမသိ ဖြစ်လာတာ။ ဒီနေ့တောင် ရစရာ ထိုးကြေး မနည်းတောင်း လိုက်ရတယ်"

မနှင်းနွယ်သည် ကိုထူးခန့်ကို အားရပါးရ စကားပြောနေခြင်းဖြစ်သည်။ ကိုထူးခန့်မှာ အိမ်၏ ပတ်ဝန်းကျင်ကို မျက်လုံးဖြင့်တစ်ချက်ကြည့်လိုက်၏။ ထို့နောက် မနှင်းနွယ်ကို-

"တိုးတိုး နွယ်ရေ။ ဘေးလူတွေ ကြားကုန်မယ်။ သူတို့ လောဘတက်လေ ငါတို့အတွက် အဆင်ပြေလေပဲ။ ကိုယ်ရတဲ့အကြောင်းလဲ ပါးစပ်လေးတောင်မဟလိုက်နဲ့နော် နွယ်။ အခုခေတ်က ဘယ်သူဘာလုပ်နေလဲ၊ ဘယ်လိုကြီးပွားနေလဲ လိုက်ကြည့်နေတဲ့ခေတ်။ တော်ကြာ ကိုယ့်စားခွက် ဝင်လုနေမယ်"

ကိုထူးခန့်၏ ပြောစကားကို မနှင်းနွယ် ခေါင်းကလေးတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ကိုထူးခန့်တို့မိသားစုသည် နှစ်လုံးထီဖြင့်လည်း အကျိုးပေးပြန်သည်။ ဈေးရောင်းသည့်အလုပ်မှတစ်ဆင့် နှစ်လုံးထီးရောင်းသည့်အလုပ် ပြောင်းလုပ်ရာတွင်လည်း အဆင်ပြေလှသည်။ လေးငါးလအတွင်း ကိုထူးခန့် ရည်မှန်းချက် ဆန္ဒပြည့်ဝလာလေပြီ။ ကိုသာအေး၏ လယ်သုံးဧကကို သိန်း ၁၅၀ ဖြင့် ဝယ်လိုက်လေသည်။ လှူကုသိုလ် ကံသည် ဆန်းကြယ်ပေ၏။ လုံ့ထမ်းလာတာကို မြင်ရသော်လည်း ကံထမ်းလာတာကို မမြင်ရသော ကိုထူးခန့်တို့မိသားစု လေးငါးလအတွင်း လယ်ပိုင်ယာပိုင် ဖြစ်လာလေသည်။ ဘဝ၏အလှည့်အပြောင်းသည် ဆန်းကြယ်လှသည်။

(၆)

မနှင်းနွယ်သည် နှစ်လုံးထီရောင်းရင်း နှစ်လုံးထီပါ ထိုးတတ်လာသည်။ တစ်ကွက်၊ နှစ်ကွက်အပြင် ဂဏန်းတစ်လုံးကို မထွက်မချင်း ဆတိုးလိုက်၍ ထိုးလာလေသည်။ ကော်မရှင်စားဘဝမှ ထိုးသားဘဝသို့ ရောက်လာသည်ကို မနှင်းနွယ်တစ်ယောက် မသိခဲ့ချေ။ လိုချင်သော ပိုက်ဆံ၏အရသာကိုသာ တပ်မက်လာသည်။ သည်အကြောင်းအရာကိစ္စများကို ကိုထူးခန့် မသိခဲ့ပေ။ ယခုအခါ ရောင်းလည်းရောင်း၊ ထိုးလည်းထိုး လောဘ၏ သားကောင်ဘဝသို့ ရောက်ခဲ့၏။ ထမင်းဟင်းများ မချက်သည့်အပြင် ဖုန်းကိုသာ အမြဲပွတ်နေတတ်သည်။ မနှင်းနွယ် လိုက်နေသော ဂဏန်းမှာ ကိုး ဂဏန်းဖြစ်သည်။ ကိုးဂဏန်းမှာ သုံးလေးပတ် ပျောက်နေသည်။ မနှင်းနွယ်နှစ်လုံးထီထွက်သည့် ဆော့ဝဲကို ကြည့်နေသည်။ ၁၂ နာရီတိတိတွင် ကိုးထိပ်စီး ကပ်နေလေသည်။ မနှင်းနွယ် ရင်ဘတ်သည် ဖားဖိုကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်လာသည်။ ရင်ထဲတွင်လည်း ကိုးဂဏန်းထွက်ပါစေဟု ဆုတောင်းနေမိသည်။ ၁၂ နာရီ တစ်မိနစ်တွင် ကိုးဂဏန်းနောက်က တစ်ဂဏန်း ကပ်ပါလာသည်။ ဖုန်းကို မနားတမ်းကြည့်နေသော မနှင်းနွယ် ကိုးဂဏန်းထွက်မှ သက်ပြင်းချနိုင်တော့သည်။ သို့သော် နှစ်လုံးထီထွက်ဂဏန်းဘောတင်သည်ကို မနှင်းနွယ် ကြည့်သောအခါ အသားများ စိုးစိုးဆတ်ဆတ် တုန်လာလေသည်။ ဘောတင်သော ဂဏန်းမှာ မနှင်းနွယ် ထင်ထားသော ကိုးဂဏန်း မဟုတ် ခြောက်ဂဏန်း ဖြစ်နေလေသည်။ မနှင်းနွယ် ခေါင်းနပန်းကြီးသွားသည်။ကိုထူးခန့် ထမင်းစားရန်ခေါ် သည်ကိုပင် မနှင်းနွယ် မကြားပေ။ ကိုထူးခန့်

စာမျက်နှာ ၂၆သို့ ➤

# ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၈၉၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌စပါး ၉၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၁၄၁၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်ကစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကသာမြို့နယ်မှာ ဒီနှစ် နွေစပါး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ နွေစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်း၊ သဘာဝမြေဩဇာ အသုံးပြုနည်း၊ ပေါင်းရှင်းနည်း၊ ပိုးသတ်ဆေးအသုံးပြုနည်း စသည့် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒက္ခိဏသီရိမြို့နယ် ရွှေပြည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒက္ခိဏသီရိမြို့နယ် ရွှေပြည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်၊ လယ်ဝေးခရိုင်နှင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွှေပြည်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူး ဦးရန်မျိုးနိုင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရွှေပြည်ကျေးရွာ၌ လမ်းအရှည် တစ်မိုင် ၁ ဒသမ ၃၉၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေ ခင်းခြင်း၊ မြေနီကျောက်စရစ် ကိုး လက်မ ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၈၁ ဒသမ ၆၃၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဇွဲထက်မာန် ကုမ္ပဏီက ၂၀၂၃စက်တင်ဘာလ စတုတ္ထပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေပြည်ကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ တောင်သူ ၇၅ ဦး၏ စိုက်ပျိုးမြေများမှ ထွက်ရှိသောထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



➤ စာမျက်နှာ ၂၅မှအဆက်

ဆက်တိုက်ခေါ်သောအခါမှ ကိုထူးခန့် အမေးကို-

"မစားတော့ဘူး ကိုထူးခန့်ရေ။ နှစ်လုံးထီစက်ကိုင်တွေက လုပ်စားနေတာလား မသိဘူး။ ၁၂ နာရီတိတိ မှာ ၉၁ ဖြစ်နေပြီး ဘောတင်တော့ ၆၁ တဲ့။ တော် တော် စိတ်ပျက်ဖို့ကောင်းတယ်"

မနှင်းနွယ်သည် ပြောပြောဆိုဆို အိမ်ပေါ်မှဆင်း သွားလေသည်။ လောဘ၏သားကောင်ဘဝသို့ ရောက်မှန်းမသိ ရောက်သွားလေသည်။ ငွေများငွေဖြင့်လိုက် စကားအတိုင်း မနှင်းနွယ် ငွေနောက်ကိုငွေဖြင့်လိုက်ရန်သာ ရှိလေသည်။

(၇)

နေမင်းသည် တာဝန်ပြီးဆုံးပြီဖြစ်သောကြောင့် အနောက်ဘက်တွင် မှေးစက်အနားယူတော့သည်။အမှောင်ရိပ်သန်းလာတော့မှ မနှင်းနွယ် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ရောက်ရောက်ချင်း ကိုထူးခန့်က စကားဆိုလိုက်သည်။

"နွယ် လယ်သုံးဧက ဝယ်တဲ့ စာချုပ်စာတမ်း မတွေ့ပါလား။ နွယ် တစ်ခုခုလုပ်လိုက်တာလား"

ကိုထူးခန့်၏ အမေးစကားကို မနှင်းနွယ် ချက်ချင်းမဖြေ။ ခဏကြာမှ-

"ဟုတ်တယ် ကိုထူးခန့်။ ကျွန်မ နှစ်လုံးထီကြွေးရှိလို့ပေးလိုက်တယ်"

ကိုထူးခန့်သည် ကြားရသော စကားကိုပင် မယုံချင်ပေ။

"နွယ် ဘာတွေလျှောက်လုပ်နေတာလဲ။ နွယ် ပြောတော့ ကော်မရှင်စားဆို အခု နွယ်နှစ်လုံးထီပါ ထိုးနေတာပေါ့။ ကုန်ပါပြီ ရှာထားသမျှကုန်ပါပြီ"

ကိုထူးခန့်သည် မနှင်းနွယ် ပါးကိုရိုက်ရန်ရွယ်လိုက်သည်။

"ရှင် ရိုက်မလို့လား။ ရိုက်လေ ရိုက်" ဟု မနှင်းနွယ် ဝမ်းနည်းစွာ ပြောလိုက်သည်။

ကိုထူးခန့်သည်လည်း အသိပြန်ဝင်ကာ ရွယ်ထားသောလက်ကို ချလိုက်၏။ သွားပါပြီကွာဟုသာ ဝမ်းနည်းသံကြီးနှင့် ပြောလိုက်သည်။ မိဘနှစ်ပါးရန်ဖြစ်နေသည်ကို ကြည့်နေရသော သားသမီးနှစ်ယောက်ကလည်း အမေဖြစ်သူ မနှင်းနွယ်ကို အံ့ဩစွာငေးကြည့်နေသည်။ ကိုထူးခန့် သိထားသည်မှာ လယ်အရောင်းအဝယ်စာချုပ် ဆုံးရှုံးမှုတစ်ခုသာ ရှိသေးသည်။ ငွေများငွေနဲ့လိုက်စဉ် အိမ်၊ ခြံ အပါအဝင် မိသားစုပိုင်ဆိုင်မှုတော်တော်များများ အကြွေးထဲနစ်သွားသည်ကို မသိသေးပေ။ တင်ကျန်နေဆဲ နှစ်လုံးထီကြွေးများစွာကိုလည်း ရှေ့ဆက်ဘယ်လိုဖြေရှင်းရမလဲ မစဉ်းစားတတ်တော့ပေ။

နံနက်မိုးလင်းသော် အသက်ခန္ဓာမဲ့နေသော မနှင်းနွယ် ဘယ်အချိန်ကတည်းက လူလောကမှ ထွက်သွားသည်မသိ။ မနှင်းနွယ် ခန္ဓာဘေးတွင် အသီးအရွက်ဖျန်းသော အဆိပ်ပုလင်းက အဖော်ပြုလျက်ရှိပေသည်။ လောဘ၏ သားကောင်ဘဝမှ ရုန်းမထွက်နိုင်သော မနှင်းနွယ်တစ်ယောက် အသက်ပင်ပေးဆပ်လိုက်ရလေသည်။

## တန်ဖိုးကြီးမား မြန်မာကဗျာများ

\- မြန်မာကဗျာ စနစ်နည်း
တန်ဖိုးကြီး ခက်ခဲသည်၊
ကဗျာတွေ ရေးသီကုံး
ပြုံးမျက်နှာကြည်၊
အေးချမ်းသော ကဗျာအမည်
ရေးဖွဲ့သီ ကလောင်လက်၊
ရှေးရိုးရာ ဂန္ထဝင်လမ်းကို
လျှောက်လှမ်းလို့တက်။


\- တို့ရိုးရာ ဘယ်မပျက်
အသွင်ထက် မြတ်စာပေ၊
သံပေါက်ခေါ် အခြေခံမှတ်
တွေးစပ်ကြလေ၊
လင်္ကာဖွဲ့ ထံတျာတွေ
အသံညီစေ ရှေးစပ်ထုံး၊
ရေးမှတ်ပါလို့
တေးထပ်စုံ တျာချင်းအလှကို
ရေးကြသီကုံး။

\- အိုင်ချင်းတွေ ဘောလယ်မဆုံး
ကာချင်းမှုန်း ရဲစိတ်တင်၊
အဲချင်းအဆို ကဗျာအချိုး
တိုးပွားစုံလင်၊
ဒုံးချင်းနှင့် အန်ချင်းပင်
ရကန်သင် ဒွေးတြိလေး၊
တေးလင်္ကာ တေးရတုတို့
ပြုစုကျန်သေး။

\- လူငယ်တွေ အစဉ်သာရေး
ခေတ်စမ်းတေးနဲ့ ကလေးကဗျာ၊
အသံချို စည်းချက်ဝါး
လေးစားဖွဲ့လာ၊
သံချပ်တို့ မြိုင်ဆိုင်ကာ
ဒိုးပတ်သံပါ ရိုးရာအစစ်၊
ခက်ခဲပေမယ့်
မပျက်နွဲ့ကာ လက်ဆင့်ကမ်းလို့
ဂုဏ်လွှမ်းတို့ချစ်။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**



ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် -၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ငရုတ်ကောင်းမြို့တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၄၀၂၃ ဧက ရိတ်သိမ်းပြီးစီး




**ပုတော ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၄၀၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၄၀၂၃ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် မိုးစပါးလျာထား ၁၄၀၂၃ ဧက အားလုံးပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်သည့် စပါးတစ်ဧကလျှင် ၈၂ ဒသမ ၇၈ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက ငရုတ်ကောင်းမြို့အနေနဲ့ မိုးစပါး ၁၄၀၂၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေ အားလုံးပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ သက်ကြီးစပါးတွေဖြစ်တဲ့ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး စပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေးနည်းပညာတွေနဲ့ မိုးရာသီမှာကျရောက်လေ့ရှိတဲ့ ရွှေခရုကာကွယ်ရေးနည်းပညာတွေ၊ မိုးစပါးတွေ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းဖို့ နည်းပညာပေး လုပ်ငန်းတွေကို မစိုက်ခင်အချိန်ကကော၊ စိုက်ပြီးအချိန်ကော ကွင်းဆင်းပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# နောင်မွန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ်ပြင်သင်တန်းဆင်း

**နောင်မွန်း ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်မွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနမ်ရဲမင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သောအတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းကဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံဆိုင်ကယ်ပြင်သင်တန်းသို့ နောင်မွန်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြုပြင်ခြင်းနှင့်ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၇ ရက်မှ ယနေ့ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# အောင်လံမြို့နယ် ပန်းမတကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာအုပ်စု ပန်းမတကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်စီမံကိန်းဝန်ထမ်းများက ပန်းမတကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ သတ်မှတ်ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့်စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပန်းမတကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုလှိုင်**

# ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၅၄ ဧက စိုက်ပျိုးပြီးစီး

**ကောလင်း ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၃၀ ရက်ထိ ၂၀၅၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ပင်လည်ဘူးမြို့နယ်မှာ ဆောင်းမြေပဲ ၂၁၅၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားတာပါ။ ဇန်နဝါရီ ၃၀ ရက်ထိ ၂၀၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ဆောင်းမြေပဲ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ သီးနှံစိုက်ပျိုးမှုကတော့ မိုးမှာထက် ဆောင်းမှာ အများစုစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။



ပင်လည်ဘူးမြို့နယ်တွင် ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် သပြေကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စု သပြေကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ သပြေကုန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသူရလွင်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

သပြေကုန်းကျေးရွာ၌ အကျယ် လေးလက်မ၊အနက်ပေ ၂၀၀ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့်ရေစင်အောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၆၃၅ သန်း အသုံးပြု၍ ကောင်းခန့်ကြွယ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် သပြေကုန်းကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်၊ လူဦးရေ ၄၉၀ တို့၏ သောက်ရေ၊ သုံးရေအတွက်များစွာ အကျိုးပြုမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။ **ဆက်လှ**



# ပင်လယ်ထဲက ပလတ်စတစ်များ

မေဇင်ထွန်း



ကမ္ဘာကြီးတွင် တစ်ခါသုံးပလတ်စတစ်ထုတ်ကုန်များ ထုတ်လုပ်မှုလျင်မြန်စွာမြင့်တက်လာခြင်းကြောင့် ယနေ့ခေတ်၏ ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာပေါ်တွင် အလျင်အမြန် ကိုင်တွယ်ဖြေရှင်းသင့်သော ပြဿနာတစ်ရပ်ဖြစ်လာသည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် ဖွံ့ဖြိုးဆဲအာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင် အများဆုံးအဖြစ်များသည့် ပြဿနာတစ်ရပ်ဖြစ်နေပြီး ပလတ်စတစ်ညစ်ညမ်းမှုကိုဖြစ်စေသော အဓိကအကြောင်းရင်းမှာ အမှိုက်စုဆောင်းမှုစနစ်များ ထိရောက်မှုမရှိခြင်းနှင့် စွန့်ပစ်ပလတ်စတစ်များကို စွန့်ပစ်ရာတွင် အခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့ ပလတ်စတစ်အမှိုက်များနေရာအနှံ့တွင် ပျံ့နှံ့နေသဖြင့် ကုလသမဂ္ဂက ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးကိုလုပ်ဆောင်ရန် ကမ္ဘာလုံးဆိုင်ရာသဘောတူမှုရရှိရေးအတွက် ကြိုးပမ်းလာသည်။

ရုပ်ကြွင်းလောင်စာများမှထုတ်လုပ်သော ပလတ်စတစ်များဖြစ်ပေါ်လာခြင်းသည် ရာစုနှစ်တစ်ခုကျော်မျှသာရှိသေးသည်။ ဒုတိယကမ္ဘာစစ်အပြီးကစ၍ ထောင်ပေါင်းများစွာသော ပလတ်စတစ်ထုတ်ကုန်အသစ်များထုတ်လုပ်ခြင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြင့်တက်လာခြင်းကြောင့် ယနေ့ခေတ်၏လူသားများသည် ပလတ်စတစ်မရှိသောခေတ်ကို မမှတ်မိနိုင်လောက်အောင်ပင်ဖြစ်လာသည်။

တစ်ခါသုံး ပလတ်စတစ်ထုတ်ကုန်များသည် နှစ်စဉ်ထုတ်လုပ်သည့် ပလတ်စတစ်အားလုံး၏ ၄၀ ရာခိုင်နှုန်းထိရှိပြီး အစားအသောက်ထုပ်ပိုးရာတွင် သုံးသော တစ်ခါသုံးပလတ်စတစ်အိတ်များ ထုတ်လုပ်ခြင်းသည် နာရီပိုင်းမျှသာကြာသော်လည်း ၎င်းတို့သည် ပတ်ဝန်းကျင်တွင် နှစ်ပေါင်းရာနှင့်ချီ၍ တည်ရှိကာ ကျန်နေတတ်သည်။ ပလတ်စတစ်ထုတ်လုပ်မှုသည် ၁၉၅၀ ပြည့်နှစ်တွင် တန်ချိန် ၂ ဒသမ ၃ သန်းမှ ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၄၄၈ သန်းထိ တိုးမြှင့်ထုတ်လုပ်လာခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် ယခုထုတ်လုပ်မှုထက်နှစ်ဆတိုးလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်သူများက ဆိုထားသည်။ ထိုသို့ထုတ်လုပ်ထားသော ပလတ်စတစ်များထဲမှ နှစ်စဉ်ပလတ်စတစ်အမှိုက်တန်ချိန် ရှစ်သန်းခန့်ကို ကမ်းရိုးတန်းအနီးတွင်ရှိသောနိုင်ငံများက သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူစွန့်ပစ်နေကြသည်။ ဤသို့ဖြင့် ပလတ်စတစ်များ ပင်လယ်အတွင်းသို့ ရောက်ရှိကာ ပလတ်စတစ်ညစ်ညမ်းမှုများ ဖြစ်လာပါတော့သည်။

ယနေ့ခေတ် အသုံးပြုသူများ၏လိုအပ်ချက်အရ ပလတ်စတစ်များကိုပိုမိုခိုင်ခံ့စေရန်အတွက် တာရှည်ခံစေသည့်ပစ္စည်းများ အလွန်အကျွံအသုံးပြုလာကြသည်။ တစ်ခါသုံးအဖြစ် ထုတ်လုပ်သောပလတ်စတစ်များသည် စွန့်ပစ်အမှိုက်သရိုက်အဖြစ်သို့ ရောက်သွားသည့်အခါ ထိုပလတ်စတစ်အမှိုက်များ ပြိုကွဲရန် အနည်းဆုံးနှစ် ၄၀၀ ထိကြာမြင့်တတ်သည်။ သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်အမှိုက်အများစုမှာ ကုန်းမြေမှ ရွေ့လျားလာကြခြင်းဖြစ်သည်။ ကုန်းမြေပေါ်ရှိ အမှိုက်များသည် လေနှင့် မိုးရေတို့၏ သယ်ဆောင်မှုကြောင့် လွင့်ပါ၊ မျောပါလာပြီးနောက်တွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှတစ်ဆင့် ပင်လယ်ထဲသို့ ရောက်သွားကြသည်။ ထိုသို့ပင်လယ်ထဲရောက်သွားသော ပလတ်စတစ်အမှိုက်အများစုသည် သမုဒ္ဒရာရေစီးကြောင်းများမှ ကမ္ဘာတစ်ဝန်းသို့ ရောက်ရှိသွားကြသည်။ ဥပမာဆိုရလျှင် အက်စတန်ကျွန်းသည် လူသူမနေသောကျွန်းဖြစ်သော်လည်း ၎င်းကျွန်းတွင် ရုရှား၊ အမေရိကန်၊ ဥရောပ၊ တောင်အမေရိက၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှထုတ်လုပ်သော ပလတ်စတစ်ထုတ်ကုန်များ ရောက်ရှိနေကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ပင်လယ်ထဲသို့ရောက်ရှိသွားသော ပလတ်စတစ်များသည် နေရောင်ခြည်၊ လေနှင့်ရေလှိုင်းတို့၏ ဒဏ်ကြောင့် တစ်လက်မ၏ ငါးပုံတစ်ပုံအောက်ထိ သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများအဖြစ်သို့ရောက်ရှိသွားသည်။ အဆိုပါတစ်စစီဖြစ်သွားသော ပလတ်စတစ်များကို မိုက်ခရိုပလတ်စတစ်များဟုခေါ်ပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းရှိ နေရာများစွာတွင်သာမက အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်မှသည် သမုဒ္ဒရာ၏အနက်ရှိုင်းဆုံး မာရီယာနာချောက်နက်ကြီးကဲ့သို့သောနေရာများတွင် မိုက်ခရိုပလတ်စတစ်များကို တွေ့ရှိနေရသည်။ ထိုသို့အလွန်သေးငယ်သော မိုက်ခရိုပလတ်စတစ်နှင့် မိုက်ခရိုပလတ်စတစ်ဖိုက်ဘာများသည် ယခုအခါ အများပြည်သူ သောက်သုံးသည့် ရေပေးဝေရေးစနစ်များအတွင်းသို့တိုင် တဖြည်းဖြည်းစိမ့်ဝင်ရောက်ရှိနေပြီဖြစ်သည်။ ပလတ်စတစ်ကြောင့် ကုန်းနေ၊ ရေနေသတ္တဝါများ နှစ်စဉ်သန်းပေါင်းများစွာ သေဆုံးလျက်ရှိသည်။ ထို့ပြင် ပင်လယ်ထဲတွင်နေထိုင်ကျက်စားကြသော ငါး၊ ပုစွန် နှင့်ခုံးများသည် မိုက်ခရိုပလတ်စတစ်များကို စားသုံးမိပြီးနောက် အစာကွင်းဆက်သဘောတရားအရ ပင်လယ်စာများအဖြစ် လူသားများထံသို့ ပြန်ရောက်လာသည်ကို တွေ့ရှိရသည်။ ထိုပင်လယ်စာများကို စားသုံးမိသော လူသားများ၏အစာခြေစနစ်တွင် မိုက်ခရိုပလတ်စတစ်များ ရောက်ရှိသွားသည့်အခါ အစာခြေလမ်းကြောင်းများပိတ်ဆို့ခြင်း သို့မဟုတ် ကိုယ်တွင်းအင်္ဂါများတွင် ပိတ်ဆို့ခြင်းများဖြစ်ကာ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကိုဖြစ်စေပြီး ပြင်းထန်သည့်အခါ သေဆုံးသည်ထိဖြစ်စေသည်ကို တွေ့ရှိရသည်။ နောက်ထပ်လေ့လာစမ်းသပ်မှုများအရ မိုက်ခရိုပလတ်စတစ်များသည် အသည်းနှင့် ဆဲလ်များကိုပျက်စီးစေခြင်းနှင့် မျိုးပွားမှုစနစ်များကို ကမောက်ကမဖြစ်စေကြောင်းကို တွေ့ရှိရသည်။ မိုက်ခရိုပလတ်စတစ်ကိုစားသုံးမိသော ကမာကောင်များနှင့် ငါးများကဲ့သို့ ရေနေသတ္တဝါများ၏ ဥချိန်တွင် ဥအရေအတွက်နည်းပါးလာခြင်းကြောင့် အကောင်ပေါက်နှုန်းများလျော့လာကာ မျိုးသုဉ်းလုနီးပါးဖြစ်လာသည်ကို တွေ့ရသည်။

သမုဒ္ဒရာထဲသို့ရောက်ရှိသွားသော ပလတ်စတစ်အမှိုက်များကို ပြန်ဆယ်ယူရန်မှာ ခဲယဉ်းသည့်အပြင် ပလတ်စတစ်များသည် မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ပြိုကွဲသွားပြီး သမုဒ္ဒရာတစ်လျှောက်ပျံ့နှံ့သွားသည်နှင့်တစ်ပြိုင်နက် သမုဒ္ဒရာရေထုမှာ ပြန်လည်ကောင်းမွန်ရန်မလွယ်ကူပေ။ ထိုသို့သမုဒ္ဒရာရေထုညစ်ညမ်းရခြင်းကို ဖြေရှင်းနိုင်သောနည်းလမ်းများမှာ ပလတ်စတစ်အမှိုက်များကို မြစ်များနှင့်ပင်လယ်များအတွင်းသို့ စွန့်ပစ်ခြင်းကို တားဆီးခြင်း၊ ပလတ်စတစ်အမှိုက်များအတွက် ပိုမိုကောင်းမွန်သောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ ဆောင်ရွက်ပေးထားခြင်း၊ ပလတ်စတစ်များကို ပြန်လည်အသုံးပြုခြင်း၊ တစ်ခါသုံးထုပ်ပိုးမှုအစား အနာဂတ်အတွက် ရေရှည်ပိုမိုသင့်တော်ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ မလိုအပ်ဘဲ တစ်ခါသုံး ပလတ်စတစ်များထုတ်လုပ်မှုတို့ကို လျှော့ချခြင်းတို့ လုပ်ဆောင်သင့်ကြောင်း National Geographic Society အဖွဲ့အစည်း၊ သိပ္ပံပညာရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများက ဆိုထားသည်။ နှစ်စဉ်ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ကျော်ထုတ်လုပ်လျက်ရှိသည့်အထဲမှ အနည်းဆုံး ပလတ်စတစ်တန်ချိန် ၁၄ သန်းခန့်သည် သမုဒ္ဒရာထဲသို့ရောက်ရှိကာ အဆိုပါပလတ်စတစ်များသည် ရေမျက်နှာပြင်မှ ရေနက်ပိုင်းအတွင်း နေထိုင်ကျက်စားကြသော အဏ္ဏဝါသက်ရှိအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ပြင်းထန်စွာဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းတို့ကိုဖြစ်စေသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေခြင်း၊ အစားအစာဘေးကင်းရေးနှင့် အစားအစာအရည်အသွေးကို ကျဆင်းစေခြင်း၊ လူ့ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေခြင်း၊ ကမ်းရိုးတန်းခရီးသွားလုပ်ငန်းကို ခြိမ်းခြောက်နေခြင်းတို့ ဖြစ်စေသည်။

ပင်လယ်တွင်း ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်ကြိုးပမ်းမှုများကို ဖော်ပြရလျှင် ၁၉၇၂ ခုနှစ်ကပြုလုပ်ခဲ့သော အမှိုက်စွန့်ပစ်ခြင်းဖြင့် ပင်လယ်လေထုညစ်ညမ်းမှုကို တားဆီးကာကွယ်ရေးကွန်ဗင်းရှင်း(လန်ဒန်ကွန်ဗင်းရှင်း)၊ ၁၉၇၈ ခုနှစ်က ပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ၁၉၉၆ ခုနှစ်က ပြုလုပ်ခဲ့သော လန်ဒန်သဘောတူညီချက်(လန်ဒန်ပရိုတိုကော) စသည်ဖြင့် နှစ်အလိုက် ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံအသီးသီးရှိ ဒေသဆိုင်ရာနှင့် နိုင်ငံအစိုးရများသည် ပလတ်စတစ်တိုးချဲ့ထုတ်လုပ်သူများ၏ တာဝန်ယူမှုဆိုင်ရာနှင့်ပတ်သက်ပြီး ကြပ်မတ်သင့်သည်။ ထို့ပြင် နိုင်ငံတိုင်းရှိအစိုးရများ၊ သုတေသနအဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းရှင်များသည် ပလတ်စတစ်ထုတ်ကုန်များကို ပြန်လည်စိစစ်ထုတ်လုပ်ရန်လိုလာပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ ဓာတုဆိုးဆေးများပါသော အဝတ်အထည်များနှင့် တာယာများထုတ်လုပ်ခြင်းမှ ထွက်လာသောမိုက်ခရိုပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်လည်း ကြိုးစားသင့်သည့်အပြင် ၎င်းတို့အသုံးပြုမှုနှင့် စွန့်ပစ်မှုကို ပြန်လည်စဉ်းစားသုံးသပ်ရန်လိုအပ်သည်။ ပလတ်စတစ်များထုတ်လုပ်ရာတွင် အသုံးပြုသူများနှင့် လူ့အဖွဲ့အစည်းအတွက် ပိုမိုရေရှည်တည်တံ့သော အသုံးပြုမှုပုံစံသစ်သို့ ပြောင်းလဲရမည်ဖြစ်သည်။ အမှိုက်စီမံခန့်ခွဲမှုကိုသာမက ပလတ်စတစ်ထုတ်ကုန်များ၏ သံသရာစက်ဝန်းတစ်ခုလုံးကို ထည့်သွင်းစဉ်းစားရန်လိုအပ်လာမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**❖ ပင်လယ်ထဲသို့ရောက်ရှိသွားသော ပလတ်စတစ်များသည် နေရောင်ခြည်၊ လေနှင့်ရေလှိုင်းတို့၏ဒဏ်ကြောင့် တစ်လက်မ၏ ငါးပုံတစ်ပုံအောက်ထိ သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများ အဖြစ်သို့ရောက်ရှိသွားသည်။ အဆိုပါ တစ်စစီဖြစ်သွားသော ပလတ်စတစ်များကို မိုက်ခရိုပလတ်စတစ်များဟုခေါ်ပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းရှိနေရာများစွာတွင်သာမက အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်မှသည် သမုဒ္ဒရာ၏အနက်ရှိုင်းဆုံး မာရီယာနာချောက်နက်ကြီးကဲ့သို့သောနေရာများတွင် မိုက်ခရိုပလတ်စတစ်များကို တွေ့ရှိနေရသည်။ ❖**

**ကိုးကား**

- **Marine plastic pollution by Issues Brief**
- **The world's plastic pollution crisis explained**

# ဗလငါးတန်ပြည့်အားမာန် အသိဉာဏ်ယှဉ်ကြငယ်ဘဝ

**❖ ပညာ၏တန်ဖိုးသည် လွန်စွာကြီးမြတ်လှသဖြင့် အသက်နှင့်ခန္ဓာ တည်မြဲနေသမျှကာလပတ်လုံး အသိပညာ၊ အတတ်ပညာတို့ကို လေ့လာလိုက်စားသင့်ပေသည်။ လန်းဆန်းတက်ကြွသောခန္ဓာကိုယ်ကို ပိုင်ဆိုင်နေသည့်လူငယ်ဘဝတွင် ပညာကို ရေနစ်သူသည်ရေနစ်နေစဉ် အသက်ရှင်ရန် လေကိုသာ တောင့်တသကဲ့သို့ အချိန်ရှိတိုင်း ရသမျှသောအသိပညာ၊ အတတ်ပညာများကို လေ့လာလိုက်စားသင့်ပေသည်။ အသက်အရွယ်ကြီးရင့်လာပြီး ပညာပြည့်ဝနေသည့်လူကြီးများပင် သက်ဆိုင်ရာပညာရပ်များကို အပတ်တကုတ်လေ့လာနေရသည့်ခေတ်တွင် လူငယ်များသည် အလဟဿ အချိန်မဖြုန်းသင့်ပေ။ ❖**

**ဉာဏဗလဖြည့်တင်းကြ**

မြန်မာအဘိဓာန်တွင် "ဉာဏ်"ဆိုသည်မှာ"သိမြင်တတ်သောတရား၊ အသိတရား၊ ပညာ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။ "အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ကိုယ်ပိုင်အသိဖြင့် ခွဲခြားသိမြင်နိုင်ခြင်း" သည် ဉာဏ်ပညာ၏စွမ်းအားပင်ဖြစ်သည်။ မိမိရှာဖွေစုဆောင်းအပ်သောပစ္စည်းဥစ္စာ၊ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းစသည့်အရာများသည် မတည်မြဲသည့်အရာများဖြစ်ပြီး ရန်သူမျိုးငါးပါးဝင်ရောက်ဖျက်ဆီးသည့်အချိန်တွင် အလွယ်တကူပျက်စီးဆုံးရှုံးသွားနိုင်သည်။ "ပညာရွှေအိုးလူမခိုး" ဆိုသည့် စကားနှင့်အညီ မိမိလေ့လာဆည်းပူးအပ်သောအသိပညာ၊ အတတ်ပညာတို့သည်ကား မည်သည့်အကြောင်းနှင့်မျှ ပျက်စီးဆုံးရှုံးနိုင်ခြင်းမရှိပေ။ မိမိအသက်ရှင်နေစဉ်ကာလတစ်လျှောက်လုံး မိမိနှင့်အချိန်ပြည့် အတူရှိနေနိုင်ပြီး အမြဲတမ်းအတွက် အသုံးဝင်နေမည်ဖြစ်သဖြင့် လူငယ်၊ လူရွယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာတို့ကိုရနိုင်သည့်နေရာမှ အပတ်တကုတ်ကြိုးစားရှာဖွေလေ့လာဆည်းပူးကာ ဉာဏဗလတည်းဟူသော ဉာဏ်ပညာစွမ်းအားကို တိုးတက်စေရေး ကြိုးစားသင့်ပေသည်။

လူ့ဘဝ၏နိဒါန်းအစ လူငယ်ဘဝတွင် "ပညာ" ကို အပတ်တကုတ်လေ့လာဆည်းပူးခဲ့သူများသည် လူလားမြောက်၍ ဘဝနယ်သို့ လျှောက်လှမ်းကြသည့်အချိန်တွင် လမ်းကြောင်းမှန်သို့ လျင်မြန်စွာချဉ်းကပ်နိုင်ပြီး ဘဝအောင်မြင်မှုကိုလွယ်လင့်တကူရယူဖန်တီးနိုင်ကြသည်။ "ပညာပြည့်ဝ၊ နှလုံးလှ သော်ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏" ဆိုသည်နှင့်အညီ စာပေကိုလေ့လာလိုက်စား၍ အသိဉာဏ်ပညာပြည့်ဝရန် ကြိုးစားဆောင်ရွက်ကြသူများသည် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ ဧကန်မုချ ရောက်ရမည်သာဖြစ်သည်။

**လင်ကွန်းကဲ့သို့လေ့လာပါ**

ထင်ပေါ်ကျော်ကြားအောင်မြင်သူများ၏ သမိုင်းတိုင်းတွင် ငယ်စဉ်က အသိပညာ၊ အတတ်ပညာတို့ကို အပတ်တကုတ်လေ့လာလိုက်စားခဲ့ရသည့် အခိုက်အတန့်များရှိနေတတ်သည်။ "အမေရိကန်နိုင်ငံ၏ ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့သူ၊ ကျွန်စနစ်ကို ဖျက်သိမ်းပေးခဲ့သူ၊ ပြည်ထောင်စုနှစ်ခြမ်းကွဲမည့်အရေးကို ဖြေရှင်းပေးနိုင်ခဲ့သူ"စသည့် ဂုဏ်ပုဒ်များဖြင့် အမေရိကန်နိုင်ငံ၏ ၁၆ ယောက်မြောက်သမ္မတတစ်ဦးဖြစ်ခဲ့သည့် အေဘရာဟမ်လင်ကွန်း၏ဘဝဇာတ်ကြောင်းကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ပညာက ပဓာနဖြစ်ခဲ့သည်ကိုတွေ့နိုင်သည်။ လင်ကွန်း၏ငယ်ဘဝကား သာယာလှပခြင်းမရှိခဲ့ပေ။ အသက် ရှစ်နှစ်ခန့် အရွယ်ကစ၍ "အလုပ်ကြမ်းသမား၊ လယ်သမား၊ စာပို့လုလင်၊ ကုန်ထမ်းသမား၊ ကုန်စုံဆိုင် ဆိုင်ထိုင်သူ" စသည်ဖြင့် ပညာရေးနှင့်ဝေးသောအသက်မွေးဝမ်းကျောင်းများဖြင့်သာ ဘဝကို ဆင်းဆင်းရဲရဲနေထိုင်ခဲ့ရသူဖြစ်သည်။

ခန်တာခီပြည်နယ်ဆိုသည့် ဖွံ့ဖြိုးမှုအားနည်းနေသည့်ပြည်နယ်လေးက လက်မှတ်ထိုးတတ်သည်ဆိုရုံမျှသာ ကျောင်းနေခဲ့ရသောအညတရလယ်သမားတစ်ဦးနှင့် ပညာဟူ၍ စာဖတ်တတ်သည်ဆိုရုံမျှသာဖြစ်ပြီး စာပင်မရေးတတ်သောအမျိုးသမီးတစ်ဦးတို့မှ ပေါက်ဖွားလာသောလင်ကွန်းသည် သမ္မတတစ်ဦးဖြစ်လာစရာအကြောင်းရင်းခံမရှိခဲ့ပေ။ အသက်ကိုးနှစ်အရွယ်တွင် မိခင်ဆုံးပါးခဲ့ပြီး ဘဝပေးအခြေအနေအရ စာသင်ကျောင်းများနှင့် ဝေးကွာခဲ့ရသည့် လင်ကွန်းသည် ကြမ်းတမ်းခက်ထန်သည့်ဘဝကို လှပစေရန် အားလပ်ချိန်တိုင်း၌ ပညာရပ်တိုင်းကို လေ့လာလိုက်စားခဲ့သည်။

**မဖြစ်နိုင်တာမရှိ**

စာအုပ်တစ်အုပ်ဖတ်ပြီးရန်ပင် သာမန်ထက်ပို၍အချိန်ယူခဲ့ရသော လင်ကွန်းသည် ကိုယ့်အားကိုယ်ကိုးစိတ်ဖြင့် ပင်ပန်းဆင်းရဲပြီး မအားသည့်ကြားက မနားမနေလေ့လာခဲ့သဖြင့် ရှေ့နေတစ်ဦးဖြစ်လာခဲ့ပြီး နိုင်ငံရေးလောကသို့ပင် ခြေဆန့်နိုင်ခဲ့ကာ သမ္မတဖြစ်လာခဲ့ရသည်။ လင်ကွန်း၏အောင်မြင်မှုနှင့် ငယ်ဘဝ၏အခက်အခဲများကို နှိုင်းယှဉ်ကြည့်ပါက ယှဉ်နိုင်စရာပင် မရှိလောက်အောင် အောင်မြင်ခဲ့သည်ကိုတွေ့နိုင်သည်။ လင်ကွန်းဖတ်ခဲ့သောစာများ၊ လေ့လာခဲ့သောပညာများက သစ်လုံးအိမ်ကလေးက အညတရကလေးတစ်ဦးကို အိမ်ဖြူတော်သို့ရောက်အောင် ဆွဲခေါ်နိုင်ခဲ့သည်။

ကြိုးစားရုန်းကန်ခြင်းမရှိ၊ ဘဝကိုပေါ့ပေါ့တန်တန်နေခဲ့ပြီး အသိပညာ၊ အတတ်ပညာများကို အပတ်တကုတ်လေ့လာကာ ဉာဏဗလကို တည်ဆောက်ခဲ့ခြင်းမရှိပါက လင်ကွန်းသည် သမ္မတဖြစ်လာစရာမရှိပေ။ အညတရလယ်သမား၊ သစ်ခုတ်သမား၊ ကုန်ထမ်းသမားစသည့်ဘဝများဖြင့် ဘဝနေဝင်ချိန်ကို မှိန်ပျပျဖြင့်သာ ကုန်လွန်ရမည်ဖြစ်သည်။ အခက်အခဲကြားက သမ္မတဖြစ်လာပြီး နိုင်ငံရေးစိန်ခေါ်မှု၊ ပြည်တွင်းစစ်၊ ကျွန်စနစ်၊ လူဖြူ၊ လူမည်းအရေးစသည်ဖြင့် အမေရိကန်နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာကွဲသွားစေမည့် အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသော်လည်း ငယ်စဉ်က အသိပညာ၊ အတတ်ပညာများကို ရသမျှအချိန်တိုင်းလိုလို လေ့လာခဲ့သည့် လင်ကွန်းသည် တည်တည်ငြိမ်ငြိမ်ပင် ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ပြီး သမိုင်းမော်ကွန်းထိုးနိုင်ခဲ့သည်။

**ပန်းပဲရှာမှာ အပ်ရောင်းနိုင်ဖို့**

ရှေးယခင်က ဘုရင့်သားတော်များသည် အချိန်တန်အရွယ်ရောက်သည့်အခါ တက္ကသိုလ်ပြည်သို့သွားရောက်၍ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ်ကို သွားရောက်သင်ကြားရသည်။ ဒီသာပါမောက္ခထံတွင် သိသင့်သိအပ်၊ တတ်သင့်တတ်အပ်သော အသိပညာ၊ အတတ်ပညာတို့ကို သင်ယူလေ့လာပြီး ပညာပြည့်စုံသည့်အခါ မိမိမွေးဖွားရာတိုင်းပြည်သို့ပြန်၍ အသိဉာဏ်ပညာပြည့်စုံသည့်ဘုရင်အဖြစ်ဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကြရသည်။ ဘုရင့်သားတော်အဖြစ် မွေးဖွားလာခဲ့သူပင် ရာဇပလ္လင်ထက်သို့တက်၍ မင်းအဖြစ်ကို ရယူရန်အတွက် လိုအပ်သည့်ဉာဏဗလဆိုသည့် ပညာကိုဖြည့်ဆည်းကြရသည်။ မိမိတို့ လူငယ်များသည်လည်း ဘဝလမ်းကို လျှောက်လှမ်းကြရာတွင် ဉာဏဗလတည်းဟူသောအသိပညာ၊ အတတ်ပညာများကို မဖြစ်မနေလေ့လာလိုက်စားကြရမည်ဖြစ်သည်။

ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသို့သွားရောက်၍ အဆင့်မြင့်ပညာရပ်များ၊ ခေတ်မီပညာရပ်များကို လေ့လာနိုင်မှသာ ဘဝတိုးတက်နိုင်မည်မဟုတ်ပေ။ မိမိ၏ဘဝပေးအခြေအနေအရ လေ့လာနိုင်သည့်အခြေအနေတွင် လေ့လာခွင့်ရသည့် အသိပညာ၊ အတတ်ပညာတို့ကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားလေ့လာမည်ဆိုပါကလည်း ဘဝအောင်မြင်မှုကို ရယူနိုင်မည်ဖြစ်သည်။ ပန်းပဲပညာကို တစ်ဖက်ကမ်းခပ်တတ်မြောက်သည့် ပန်းပဲပညာရှင်များစုစည်းနေထိုင်ရာ ပန်းပဲရွာတွင် အပ်တိုတစ်ချောင်းကို သွားရောင်းရဲသည့် ပန်းပဲပညာရှင်လုလင်၏ ဇွဲကဲ့သို့ပင် မိမိတို့အခွင့်အခါကြုံ၍ သင်ကြားရသည့်ပညာရပ်တိုင်းတွင် ပေါက်မြောက်အောင်မြင်အောင် လေ့လာလိုက်စားသင့်ပေသည်။

**အဆုံးအမများကို လေးစားလိုက်နာသင့်**

ဆားတုံဆရာတော်ကြီး၏ ပုဏ္ဏောဝါဒ ဆုံးမစာ၌ နမက မောင်ကို ဆုံးမသည့် ဆုံးမစာတွင် ပညာ၏အရေးကြီးပုံကို နမဖြစ်သူက မောင်ငယ်ကို ဆုံးမဟန် ရေးသားထားသည်ကို တွေ့ရသည်။ "လူရေးလူရာ၊ လူခြင်းရာက၊ အဋ္ဌာရသ၊ သိပ္ပအပြားဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြင်သသူ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍၊ သူနောက်ကသာ၊ ရှိတို့ရာလိမ့်၊ ချမ်းသာရမည်ခဲ၏တည်း"ဟု ပညာရပ်တစ်ခုခုကို တတ်မြောက်ထားခြင်းမရှိဘဲ လောကတွင် ကျင်လည်ရသူသည် စီးပွားဥစ္စာမတိုးပွား၊ ချမ်းသာပြည့်စုံခြင်းမရှိဘဲ သူတစ်ပါး၏ခိုင်းစေသမျှကိုသာ ပြုလုပ်ရသောဘဝသို့ ရောက်ရမည်ဖြစ်ကြောင်း ဆရာတော်ကြီးက ဆုံးမထားခြင်းဖြစ်သည်။

ပညာ၏တန်ဖိုးသည် လွန်စွာကြီးမြတ်လှသဖြင့် အသက်နှင့်ခန္ဓာတည်မြဲနေသမျှ ကာလပတ်လုံး အသိပညာ၊ အတတ်ပညာတို့ကို လေ့လာလိုက်စားသင့်ပေသည်။ လန်းဆန်းတက်ကြွသောခန္ဓာကိုယ်ကို ပိုင်ဆိုင်နေသည့်လူငယ်ဘဝတွင် ပညာကို ရေနစ်သူသည် ရေနစ်နေစဉ် အသက်ရှင်ရန် လေကိုသာ တောင့်တသကဲ့သို့ အချိန်ရှိတိုင်း ရသမျှသောအသိပညာ၊ အတတ်ပညာများကို လေ့လာလိုက်စားသင့်ပေသည်။ အသက်အရွယ်ကြီးရင့်လာပြီး ပညာပြည့်ဝနေသည့်လူကြီးများပင် သက်ဆိုင်ရာပညာရပ်များကို အပတ်တကုတ်လေ့လာနေရသည့်ခေတ်တွင် လူငယ်များသည် အလဟဿအချိန်မဖြုန်းသင့်ပေ။ ဘဝဆိုသည်မှာ အချိန်ပင်ဖြစ်သဖြင့် အားလပ်ချိန်များကို စာပေလေ့လာခြင်း သို့မဟုတ် အခြားသောပညာရပ်တစ်ခုခုကိုလေ့လာခြင်းဖြင့်သာ ကုန်လွန်သင့်သည်။ လူငယ်များသည် တယ်လီဖုန်းတစ်လုံးဖြင့် လူမှုကွန်ရက်မီဒီယာပေါ်တွင် အနှစ်သာရမရှိသော ကိစ္စရပ်များအတွက် အချိန်ဖြုန်းနေကြခြင်းသည် မိမိ၏ဘဝကို မိမိဖျက်ဆီးနေခြင်းဆိုသည်ထက် နိုင်ငံ၏အနာဂတ်ကိုပါမှေးမှိန်သွားစေသည်ကို သတိပြုသင့်ပေသည်။

**ကျည်ပွေ့ အတက်ပေါက်ဖို့**

ပုဂံပြည်ကြီးပျက်စီးမည့်အရေးမှ ကယ်တင်နိုင်ရန် မွန်ဂိုကေရာင်ကူဗလိုင်ခန်နှင့်တွေ့ဆုံ၍ သံတမန်ရေးဖြင့် ငြိမ်းချမ်းရေးကို ယူဆောင်ပေးနိုင်ခဲ့သည့် မြန်မာ-တရုတ် ဆက်ဆံရေး၏ပထမဦးဆုံးသံတမန်ဟု အဆိုရှိသည့် ရှင်ဒိသာပါမောက္ခ ခေါ် ဦးကျည်ပွေ့ကို လူငယ်များအတုယူသင့်သည်။ စာပေလေ့လာရန် ကံ့ကူဆံအလျှခံသည့်အခါ ကျစွာမင်းကြီးက သက်တော်ခြောက်ဆယ်ကျော်နေပြီဖြစ်သဖြင့် "ဆုံကျည်ပွေ့သည်လျှင် အတက်အညွန့်ပေါက်နိုင်စရာရှိသည်၊ စာပေကျမ်းဂန်မတတ်နိုင်ရာတော့ပြီ"ဟု ပြက်ရယ်ပြုခဲ့သည်။ သို့ရာတွင် စာပေ၊ ကျမ်းဂန်များကို အပတ်တကုတ်လေ့လာလိုက်စား၍ ရဟန်းအိုတစ်ပါးမှသည် ရှင်ဒိသာပါမောက္ခဆိုသည့် သမိုင်းဝင်ဆရာတော်ကြီးတစ်ပါးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်မှာ ဉာဏဗလ၏ အစွမ်းပင်ဖြစ်သည်။

**ဝေဖန်ပိုင်းခြားလုပ်ရပ်များ**

ပညာဖြင့် အသက်မွေးသူများ၏ဘဝသည် အေးချမ်းတည်ငြိမ်လေ့ရှိသည်။ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို လုပ်ကိုင်ရာတွင် ပညာဉာဏ်ဖြင့် စဉ်းစားဆင်ခြင်မှုမရှိ၊ အကောင်းအဆိုး၊ အကြောင်းအကျိုးနှင့်အမှားအမှန်တို့ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ မိမိဘဝ ချမ်းသာရရန်အတွက် သူတစ်ပါးမျက်ရည်စက်တို့ဖြင့် အသက်မွေးသူများ၏ ဘဝနေဝင်ချိန်သည် ပျော်ရွှင်မှုတို့ဖြင့် ပြည့်နှက်နေလိမ့်မည်မဟုတ်ပေ။ ပညာဉာဏ်ပြည့်ဝသူများသည် သူတစ်ပါးပစ္စည်းမတရားရယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မကောင်းမှုများဖြင့် အသက်မွေးခြင်း၊ အဂတိလိုက်စားခြင်းစသည့် မိမိနှင့်လူ့အသိုက်အဝန်းတစ်ခုလုံးကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များဖြင့် အသက်မွေးလိမ့်မည်မဟုတ်ပေ။

ပညာပြည့်ဝ၍ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ကိုယ်ပိုင်အသိဖြင့် ခွဲခြားသိမြင်နိုင်စွမ်းရှိသူများသည် လူ့အသိုက်အဝန်းအတွင်း ကျင်လည်ကြရာတွင် မကောင်းမှုဒုစရိုက်တရားများကို ရှောင်ရှားနိုင်သည့်အသိဉာဏ်ကိုလည်း ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ မိမိ၏ဘဝ သာယာလှပစေရေးအတွက် ဖန်တီးပုံဖော်ရာတွင် သူတစ်ပါး၏ဘဝကို ထိခိုက်စေမည့်လုပ်ရပ်များကို လုပ်ကိုင်ကြလိမ့်မည်မဟုတ်ပေ။ လူငယ်များသည် ဉာဏဗလတည်းဟူသော ပညာပြည့်ဝနှလုံးလှသောလူများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာသော လူ့အသိုက်အဝန်းတစ်ခုကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်းအောင်မြင်သောဘဝကို ရယူနိုင်မည်ဖြစ်သဖြင့် အရာရာကို အသိဉာဏ်ဖြင့်ယှဉ်ကာ စဉ်းစားဆောင်ရွက်တတ်သောဘဝများကို ရယူပိုင်ဆိုင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **အမေရိကန်နိုင်ငံ၏ ၁၆ ယောက်မြောက်သမ္မတ၊ အေဘရာဟမ်လင်ကွန်း၊ ဆုအောင်။**
- **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**

**လင်းလက်**

# ဂရိနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ခဲ့



**အေသင် ဇန်နဝါရီ ၃၁**

ဂရိနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို လျှော့ချမှုများ ဆောင်ရွက်နေပြီး ၂၀၂၃ ခုနှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ခဲ့ကြောင်း Independent Power Transmission Operator (IPTO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအတွက် ဂရိနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာနှင့် ရေအားလျှပ်စစ်ကဏ္ဍမှ နိုင်ငံအတွက်လိုအပ်သော စွမ်းအင်ပမာဏ၏ ၅၇ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ရုပ်ကြွင်းလောင်စာ အစားထိုးအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ဆိုလာစွမ်းအင်စနစ်ကို အဓိကထုတ်လုပ်အသုံးပြုခဲ့ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ်မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ ဆိုလာနဲ့ရေအားလျှပ်စစ်တို့ကနေ ထုတ်ယူသုံးစွဲနိုင်တဲ့ လျှပ်စစ်စွမ်းအင်ပမာဏဟာ ၂၀၂၂ ခုနှစ်က ထုတ်ယူသုံးစွဲနိုင်တဲ့ပမာဏထက် ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သလို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲနေတဲ့ပမာဏရဲ့ ၅၇ ရာခိုင်နှုန်းဟာလဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ ဆိုလာနဲ့ ရေအားလျှပ်စစ်တို့ကနေ ထုတ်ယူသုံးစွဲနေတာဖြစ်ပါတယ်"ဟု Independent Power Transmission Operator(IPTO)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဂရိအစိုးရက ၂၀၂၆ ခုနှစ်အရောက်တွင် နိုင်ငံတွင်းရှိကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး စက်ရုံများအားလုံးကိုပိတ်သိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယူရို ဘီလီယံ ၃၀ ခန့်ထိလိုအပ်နေကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို ၁၀ နှစ်စီမံကိန်းဖြင့် ဆောင်ရွက်နေပြီး၂၀၃၀ ပြည့်နှစ် အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ လျှပ်စစ်စွမ်းအင်ပမာဏ ၂၉ ဂီဂါဝပ်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း IPTO က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တရုတ်နိုင်ငံက လေထုအရည်အသွေးစီမံခန့်ခွဲမှုတွင် အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်းထားနိုင်

**ပေကျင်း ဇန်နဝါရီ ၃၁**

တရုတ်နိုင်ငံအနေဖြင့် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများ ပြင်းထန်ရှုပ်ထွေးသောအခြေအနေများဖြစ်ပေါ်နေသော်လည်း နိုင်ငံ၏ လေထုအရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်း ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်က လေထုအရည်အသွေးကောင်းမွန်သော ရက်များသည် ၂၀၁၉ ခုနှစ်ကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Pei Xiaofei က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ကြောင်း သိရသည်။

လေထုအရည်အသွေးကို နှစ်စဉ် သုည ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ လေးနှစ်တာကာလအတွင်း ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက် ကောင်းမွန်လာသဖြင့် သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံစီရင်စုအဆင့်နှင့်အထက်ရှိ ပြည်နယ်များ၏ မြို့များတွင် PM 2.5 အမှုန်အမွှားပါဝင်မှုများအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားဂေဟဗေဒစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်အတွက် အဓိကကျသော ဝန်ထမ်းဦးရေ ၂၄၀၀ ကျော်တို့ဖြင့် လေထုညစ်ညမ်းမှုကာကွယ်ရေး လုပ်ငန်းပေါင်း ၁၆၀၀၀၊ လေထုနှင့်ပတ်သက်သော သဘာဝပတ်ဝန်းကျင်ပြဿနာပေါင်း ၃၂၀၀၀ ကျော်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားနိုင်

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားနိုင်ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဌာနက ဇန်နဝါရီ ၃၀ ရက်က သတိပေးချက်ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သို့ ဖေဖော်ဝါရီ ၄ ရက်တွင် အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် လမ်းများပေါ်တွင် ခရီးသွားလာသူများအနေဖြင့် သတိထားသွားလာကြရန် အမေရိကန် အမျိုးသားမိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မုန်တိုင်းတိုက်ခတ်မှုနဲ့အတူ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး မြေပြိုမှုတွေဖြစ်ပေါ်နိုင်တဲ့အတွက် ပြည်နယ်အနှံ့ ခရီးသွားလာတာတွေကို ကြီးကြီးမားမားထိခိုက်မှုဖြစ်ပေါ်စေနိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် အဲလက်စ်ဆိုနိဝက်စကီက ပြောကြားသွားခဲ့သည်။



မိုးရွာသွန်းခြင်းများအပြင် နှင်းများပါ ကျဆင်းနိုင်သဖြင့် အချို့ဒေသများတွင် နှင်းကျဆင်းမှုများသည့်အတွက် နှင်းထုအမြင့်လေးပေထိ မြင့်တက်နိုင်ကြောင်း၊ အဓိကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်နှင့် ဆန်တီယာဂိုမြို့တို့၌ ဖေဖော်ဝါရီ ၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း အမေရိကန် အမျိုးသား မိုးလေဝသဌာနက ကြေညာထားသည်။

ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက မြစ်ချောင်းများအနီး၌ နေထိုင်သူများ သတိထားရန်လိုအပ်ပြီး ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းနေထိုင်ကြရန် မိုးလေဝသဌာနက တိုက်တွန်းချက်ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# တောင်အာဖရိကတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ပရီတိုးရီးယား ဇန်နဝါရီ ၃၁**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့အနီး ပရင်ဂယ်ဘေကမ်းခြေဒေသတွင် ဇန်နဝါရီ ၃၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိသွားသည့်အတွက် ဒေသခံများမှာ ယနေ့တွင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ရာသီဥတု ပူပြင်းခြောက်သွေ့သည့်အတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ဒုတိယနေ့တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် တောမီးကို ငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ ဂရင်ဂယ်ဘေကမ်းခြေဒေသသည် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းမှ အပန်းဖြေအနားယူလိုသူများ နှစ်စဉ် အများအပြားလည်ပတ်လေ့ရှိသည့်ဒေသဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာ ခြောက်နေရာထိရှိနေပြီး တောင်ကုန်းတောင်တန်းပေါ်မှ စတင်လောင်ကျွမ်းလာသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တောမီးကို ငြိမ်းသတ်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ပြီး ဒေသခံများမှာ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနိုင်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီရယူထားပြီး တောမီးငြိမ်းသတ်ရာတွင် ဒေသခံပြည်သူလူထုကလည်း ပါဝင်ကူညီပေးလျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရသည့် အဓိကအကြောင်းရင်းကို မသိရသေးသော်လည်း ဒေသခံများ သို့မဟုတ် လာရောက်အပန်းဖြေသည့်ခရီးသည်များက ဆေးလိပ်တိုများ မီးမငြိမ်းသတ်ဘဲလွှင့်ပစ်ခြင်း သို့မဟုတ် တောအုပ်အတွင်းပျော်ပွဲစားများ ပြုလုပ်စားသောက်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း၊ တောမီးထိန်းချုပ်နိုင်ပါက တောမီးလောင်ကျွမ်းရသည့် အဓိကအကြောင်းရင်းကို စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကိပ်တောင်းမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်ဟု သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဗြိတိန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့်ရောဂါများကြောင့် ၂၀၂၂ ခုနှစ်မှစတင်၍ နှစ်စဉ် လူဦးရေ ၁၀၀၀၀ ကျော် သေဆုံးနေ

**လန်ဒန် ဇန်နဝါရီ ၃၁**

ဗြိတိန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်မှစတင်၍ အပူချိန်မြင့်တက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့်ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၁၀၀၀၀ ကျော်သေဆုံးနေကြောင်း ဗြိတိန်ကျန်းမာရေးလုံခြုံမှုအေဂျင်စီ (HSA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လက အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အလားတူ အပူချိန်မြင့်တက်မှုများ ထပ်မံဖြစ်ပေါ်လာဖွယ်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် စီးပွားရေးကဏ္ဍတွင် ကြီးမားသော ဆုံးရှုံးနစ်နာမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး သဘာဝပတ်ဝန်းကျင် စာရင်းစစ်ကော်မတီ၏ ထုတ်ပြန်ချက်အရ နှစ်စဉ် တစ်နှစ်လျှင် ယူရို ဘီလီယံ ၆၀ ခန့်ထိ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"အပူချိန်မြင့်တက်မှုကြောင့် နှစ်စဉ် တစ်နှစ်ကို လူအယောက် ၁၀၀၀၀ ကျော် သေဆုံးနေတဲ့အခြေအနေဖြစ်နေတယ်။ အပူချိန်မြင့်တက်မှုတွေကို ထိန်းချုပ်နိုင်ဖို့ ကောင်းမွန်တဲ့စီမံချက်တွေ လိုအပ်နေတယ်။ အပူချိန်မြင့်တက်မှုတွေကို မထိန်းချုပ်နိုင်သေးသရွေ့ ကျန်းမာရေးလုံခြုံမှုပိုင်းက စိုးရိမ်စရာဖြစ်လာတယ်။ တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်မှုတွေက ပိုဆိုးလာတဲ့အတွက် ပြည်သူတွေရဲ့ကျန်းမာရေးလုံခြုံမှုကလဲ တစ်နှစ်ထက်တစ်နှစ် ပိုလျော့လာတယ်"ဟု ဗြိတိန်ကျန်းမာရေးလုံခြုံမှု အေဂျင်စီ (HSA)မှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီက ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းကာ ရာသီဥတုလွန်ကဲမှုများမဖြစ်ပေါ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သင့်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**




ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊
E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင်
**MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - **STARMART Nay Pyi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

**ထာဝရလှပသော အပြုံးအတွက်**

**DENTOMEC**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED
FDA အမှတ်-1907 PC 0040


## ဦးဟန်ဝင်းအောင် (ဘ) ဦးမောင်တင် (၉/နထက(နိုင်)၁၀၂၄၅၆) နှင့် အများသိစေရန် အသိပေးကြေညာချက်

ဦးပေါ်ဆလ (ဘ) ဦးစောသာဂဒူး (၉/မရတ(နိုင်)၀၇၃၁၅၅)၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း (၉/မမန(နိုင်)၀၁၇၀၄၂)မှ (၁၆-၁-၂၀၂၄) ရက်စွဲပါ ရတနာပုံနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၃၁)ကြေညာချက်တွင် ကျေးရွာအမည်မှားယွင်းခြင်းအပေါ် ပြင်ဆင်၍ အောက်ပါအတိုင်း ဦးဟန်ဝင်းအောင်နှင့်အများသိရှိစေရန် ထပ်မံ၍ အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၆)၊ စည်သာရွာရှိ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ (၁. ၄၀)ဧကရှိမြေအား(၂၀-၂-၂၀၂၂)ရက်နေ့တွင် ဦးဟန်ဝင်းအောင်မှဝယ်ယူခဲ့ပြီး ရောင်းကြေးငွေကို (၅)ကြိမ်ခွဲ၍ ပေးချေမည်ဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်သက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြု၍ စရံပေးကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့သော် ဦးဟန်ဝင်းအောင်သည် စာချုပ်ပါအတိုင်း ရောင်းကြေးငွေကို ပြည့်ဝစွာမပေးဘဲ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ပေးချေရမည့်ငွေများကို ပေးချေခြင်းမရှိဘဲ ယနေ့တိုင် ပျက်ကွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့ဘက်မှ အကြိမ်ကြိမ်အသိပေးအကြောင်းကြား တောင်းဆိုသော်လည်း ဦးဟန်ဝင်းအောင် မှ ပေးချေခြင်းမရှိဘဲ ယခုအခါ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

ထို့ကြောင့် ဦးဟန်ဝင်းအောင် အနေဖြင့် ယခုကြေညာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပေးချေရန် ကျန်ငွေများကို လာရောက်ပေးချေပါရန်နှင့် ပျက်ကွက်ပါက ဥပဒေရှိသည်နှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးဟန်ဝင်းအောင် ထံမှ မြေကွက်ဝယ်ယူထားသူများအနေဖြင့် မိမိတို့ရောင်းဝယ်သည့်မြေနှင့်ပတ်သက်၍ ဦးဟန်ဝင်းအောင် နှင့်သာ ဖြေရှင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
ဒေါ်ခင်ရွှေထူး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၈၉/၁၆)
အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ကွက်
ရ. က. က(၄)၊ ပြင်ဦးလွင်မြို့။

## ကြော်ငြာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မြနန္ဒာဈေးမှ အောက်ဖော်ပြပါ ဆိုင်ခန်း(၁၁)ခန်းသည် ဆိုင်ခွန်လခနှင့် မှတ်ပုံတင်ကြေးများ ပေးဆောင်ရန် ပျက်ကွက်နေပါသဖြင့် လာရောက်ပေးဆောင်ပါရန်နှင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ နောက်ဆုံးထား လာရောက်ပေးသွင်းခြင်း မရှိပါက ကော်မတီပိုင်ဆိုင်ခန်းအဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ဆိုင်ခန်း အမည်ပေါက် | ဆိုင်အမှတ် | ပျက်ကွက်သည့် လ |
|---|---|---|---|
| ၁ | ဒေါ်ဆိုနီယာ | B-၁၃၉ | (၁၀/၂၀၂၃)လမှ (၁၂/၂၀၂၃)လအထိ |
| ၂ | ဒေါ်ဆိုနီယာ | B-၁၄၀ | ။ |
| ၃ | ဦးဇော်မျိုးအောင် | E-၃၀ | ။ |
| ၄ | ဒေါ်ချယ်ရီလွင် | E-၄၇ | ။ |
| ၅ | ဦးကြည်ဇော် | E-၄၈ | ။ |
| ၆ | ဦးကြည်ဇော် | E-၄၉ | ။ |
| ၇ | ဦးစန်းမောင် | E-၆၆ | ။ |
| ၈ | ဦးစန်းမောင် | E-၆၇ | ။ |
| ၉ | ဒေါ်ယဉ်ယဉ်နု | E-၆၉ | ။ |
| ၁၀ | ဒေါ်ဝင်းရီ | E-၈၀ | ။ |
| ၁၁ | ဒေါ်ဝင်းရီ | E-၈၁ | ။ |

ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်နေ ကိုသီဟမောင်မောင် (ဘ) ဦးအောင်သန်း (၇/သနပ(နိုင်)၁၃၈၅၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-157878) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၈၄၁၄၂၃၁၈**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်နေ မမျိုးသူဇာခိုင် (ဘ) ဦးစံမောင် (၉/အမရ(နိုင်)၁၁၄၀၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-157892) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၀၅၅၀၁၇၇**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ကဘဲ့တောင်ရပ်ကွက်နေ မသိန်းကြည် (ဘ) ဦးပေါ်ပံ (၉/သပက(နိုင်)၀၆၁၂၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-269587) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၉၆၃၈၀၉၉**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်းမှ Grade-5 တန်းတွင် ပညာသင်ကြားနေသော မချမ်းမီမီကို ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်လင်း ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း(၉/စကတ(နိုင်)၀၆၆၆၈၂)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၃လမ်း၊ ၈၇×၈၈လမ်းကြားနေ ဒေါ်ကေဇင်ယု (ဘ) ဦးဝင်းမောင် (၉/မရတ(နိုင်)၁၁၂၄၁၂)နှင့် ဒေါ်ဇင်မာသက်ထွန်း (ဘ) ဦးဝင်းမောင် (၉/မဟမ(နိုင်)၀၁၀၀၃၂)တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မတို့၏မောင်ဖြစ်သူ ဦးလှိုင်ပြည့်အောင် (ဘ) ဦးဝင်းမောင် (၉/မဟမ(နိုင်) ၀၁၅၀၉၂) သည် မိဘနှစ်ပါးဆုံးပါးပြီးနောက် ကျွန်မတို့၏အုပ်ထိန်းမှုအောက်တွင် နေထိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်မှစ၍ ဦးလှိုင်ပြည့်အောင် သည် ကျွန်မတို့၏ဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် နောက်နောင်တွင် ဦးလှိုင်ပြည့်အောင် နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ကေဇင်ယု(၉/ မရတ(နိုင်)၁၁၂၄၁၂)** **ဒေါ်ဇင်မာသက်ထွန်း(၉/ မဟမ(နိုင်)၀၁၀၀၃၂)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး (Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေ...

❖ မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက်(၁/၂၀၂၄)**
၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း တစ်ရာခိုင်နှုန်း) သတ်မှတ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှစတင်၍ ကုမ္ပဏီ၊ လုပ်ငန်း စုစုပေါင်း ၈၇၉ ခု၊ ချေးငွေပမာဏ ငွေကျပ် ၁၃ ဒသမ ၁၃၂၅ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် ရုပ်ရှင်၊ဂီတ၊သဘင်၊စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ လုပ်ငန်း ၈၇၉ ခုကို

**စာမျက်နှာ ၂၃ ကော်လံ ၄ ☆**

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးမြို့နယ် ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားခရီးစဉ်များကြန့်ကြာမှုဖြစ်ပေါ်ခဲ့




**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ မလွှကုန်းမှ မြို့ဟောင်းခရီးစဉ်အဖြစ်ထွက်ခွာလာသည့် အမှတ်(၉၀၁)အဆန် ကုန်ရထားသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပိန်းဇလုပ်ဘူတာမှ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ပိန်းဇလုပ်ဘူတာနှင့် ကျောက်တံခါးဘူတာကြား မိုင်တိုင်အမှတ် ၁၀၃/၁၂-၁၃ ကြား ရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၇ နာရီ ၄၂ မိနစ်က အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင်ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းနောက်ကပ်လျက် ကုန်တွဲသုံးတွဲတို့ လမ်းချော်ကျမှုဖြစ်ပွားသည်။

အဆိုပါမိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ယနေ့နံနက်ပိုင်းတွင်

**စာမျက်နှာ ၂၃ ကော်လံ ၁ ☐**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ၊ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...